# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၂၀)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ အင်္ဂါနေ့။


**ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့**

# ဖိုရမ်မှ လုပ်ဆောင်ချက်ရလဒ်ကောင်းများ အလျင်အမြန်ဖော်ထုတ်ဆောင်ရွက်နိုင်ကြရန် ဖိတ်ခေါ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

အဆိုပါဖိုရမ်သို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr.Jim Yong Kim နှင့် ဒုတိယဥက္ကဋ္ဌများ၊ ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် ဌာနေကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ IMF,ADB စသည့်ငွေကြေးအဖွဲ့အစည်းများ၊ ကမ္ဘာတစ်ဝန်းမှ အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များနှင့်နိုင်ငံတကာအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့များမှ ကိုယ်စားလှယ်များ *စာမျက်နှာ ၈ ကော်လံ ၁* ✳




**နိုင်ငံ၏တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီအထောက်အပံ့များကိုလည်း အထိရောက်ဆုံး အကျိုးရှိစွာအသုံးပြုဆောင်ရွက်စေလျက်ရှိ။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)



## အထက်ပေါင်းလောင်းစီမံကိန်းရေဝပ်ဧရိယာအတွင်းမှ ပြောင်းရွှေ့ကျေးရွာများ ကျန်းမာရေး ပညာရေးအဆောက်အအုံများဆောက်လုပ်၍ မီတာများတပ်ဆင်ပေးမည်

**သတင်း-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-ကျော်မိုးလွင်**

နိုင်ငံတော်၏လျှပ်စစ်စွမ်းအားလိုအပ်ချက်အရ ဓာတ်အားမဂ္ဂါဝပ် ၁၄၀ ထွက်ရှိမည့်အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို နိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မူလက လျာထားချက်အရ ၂၀၁၄ ခုနှစ် မေလအတွင်း RCC လုပ်ငန်းများ အပြီးဆောင်ရွက်ရန်နှင့်စီမံကိန်းတစ်ခုလုံးအား ၂၀၁၄-၂၀၁၅ *စာမျက်နှာ ၁၀ ကော်လံ ၁* ✳




မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ပညာရေးသည်အဓိက

လူတို့၏ လုပ်ဆောင်ဖွယ်ရာအဖြာဖြာတို့ ပြီးမြောက် အောင်မြင်အောင် ဆောင်ကြဉ်းပေးနိုင်သောအရာသည် ပညာပင်ဖြစ်သည်။ ပညာဖြင့် အရာရာကို ပြီးမြောက်အောင်မြင်နိုင်သည်။ မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည်။ နေရာတိုင်းတွင် ပညာရပ်ဆိုင်ရာနယ်ပယ်တို့ ကျယ်ဝန်းလာသည်။ ပညာနှင့်ကင်းကွာသော အလုပ်ဟူ၍မရှိ။ စီးပွားရေးလုပ်သည်ဖြစ်စေ၊ လူမှုရေးလုပ်သည်ဖြစ်စေ ပညာပါမှ ပြီးမြောက်နိုင်စွမ်းရှိသည်။ ပညာရေးသည် အဓိကဖြစ်သည်။ လူငယ်လူရွယ်တိုင်း ပညာရေးကို အလေးထားကြိုးစားကြဖို့လိုသည်။

ဤသို့ဆိုလျှင် ပညာရေးကို ကြိုးစားမှုဖြစ်မည်။ နှစ်စဉ်တစ်နှစ်တစ်တန်း တက်လှမ်းနိုင်ရမည်။ ထူးချွန်ပေါက်မြောက်အောင် ကြိုးစားရမည်။ ပညာရေးဆုံးခန်းတိုင်အောင် ကြိုးစားရမည်။ ပညာရေးဆုံးခန်းတိုင်မှသာလျှင် ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ပေလိမ့်မည်။ လူရာဝင်သူဖြစ်ပေလိမ့်မည်။ လူရာဝင်သူအဖြစ် အသိအမှတ်ပြုခြင်းမခံရလျှင် ပညာမတတ်သူကဲ့သို့ ပြန်ဖြစ်သွားတတ်သည်။ ထို့ကြောင့် ပညာရေးကို ကြိုးစားအားထုတ်ရာတွင် ဆုံးခန်းတိုင် ပေါက်မြောက်အောင် ကြိုးစားအားထုတ်သင့်သည်။ ''ပညာရဲ့ရင့်ပွဲလယ်တင့်'' ဟူသော စကားအတိုင်း လူတကာတို့၏ ချီးကျူးဂုဏ်ပြုခြင်းကို ခံရပေလိမ့်မည်။ ပညာရေးကောင်းသဖြင့် ဘဝအဆင့်အတန်းသည် တဖြည်းဖြည်း မြင့်မားလာမည်ဖြစ်ပါသည်။

တစ်ဖန်ပညာရေးသည် ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချနိုင်စွမ်းရှိပေ၏။ ပညာရေးဖြင့် လူမှုဘဝကို မြှင့်တင်နိုင်စွမ်းရှိ၏။ ပညာရေးဖြင့် ဘဝကို အလှဆင်နိုင်၏။ ဆင်းရဲသားမိသားစုအတွင်း ပညာရေးကို အပတ်တကုတ်ကြိုးစားအားထုတ်သူတို့ ဘဝတွင် အောင်မြင်နေသူ များစွာရှိပေသည်။ ကြီးပွားတိုးတက်သူ အများအပြားပင်ရှိသည်။ ထိပ်ဆုံးသို့ရောက်သူ အများအပြားပင်ရှိသည်။ အမေရိကန်သမ္မတဟောင်း အေဗရာဟမ်လင်ကွန်းသည် ဆင်းရဲသားမိသားစုအတွင်းမှ ကြီးပြင်းလာသူဖြစ်သည်။ သူသည် ပညာရေးကို အပတ်တကုတ်ကြိုးစားအားထုတ်ခဲ့၍ တစ်ချိန်တွင် သမ္မတအဖြစ်သို့ ရောက်ရှိခဲ့ပေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကျော်များ နိုင်ငံရေးနယ်ပယ်တွင်လည်းကောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်းကောင်း၊ စာပေရေးရာနယ်ပယ်တို့တွင်လည်းကောင်း များစွာရှိပေသည်။ ထို့ကြောင့် ပညာရေးသည် ဆင်းရဲမှုတိုက်ဖျက်ရေးတွင် လက်နက်ကောင်းသဖွယ်ဖြစ်သည်။ ပညာတတ်လူငယ်များ တိုးပွားလာသည်နှင့်အမျှ ဆင်းရဲမှုမှာလည်း လျော့ကျလာမည်ဖြစ်ပါသည်။

မကြာမီ ပညာသင်နှစ် တစ်နှစ် ကုန်ဆုံးပေတော့မည်။ စာမေးပွဲကြီးများနီးလာပြီ။ ဖေဖော်ဝါရီနှင့် မတ်လအတွင်း အတန်းတင်စာမေးပွဲများ ဖြေဆိုကြရတော့မည်။ အကောင်းဆုံးဖြေဆိုနိုင်ရန် ပြင်ဆင်လေ့ကျင့်ထားသင့်သည်။ ''ကြောင်ပုစွန်စားကြွပ်ကြွပ်ဝါး''ဆိုသကဲ့သို့ အတွက်အချက်၊ အရွတ်အဖတ် ကျေကျေညက်ညက် ကျက်မှတ်လေ့ကျင့်ထားဖို့လိုသည်။ သို့မှသာ စာမေးပွဲကြီးတွင် ကောင်းစွာဖြေဆိုနိုင်မည်ဖြစ်ပါသည်။ တစ်နှစ်တစ်တန်းအောင်မြင်ရမည်ဟူသော ရည်မှန်းချက်ဖြင့် ထူးချွန်ပေါက်မြောက်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် မကြာမီကျင်းပတော့မည့် စာမေးပွဲကြီးတွင် ကောင်းစွာဖြေဆိုနိုင်ရန် ကြိုးစားအားထုတ်ထားကြရမည်ဖြစ်ပါသည်။ ယနေ့ခေတ်သည် ပညာတတ်မှလူရာဝင်ပါသည်။ ပညာရေးဖြင့် ပြိုင်ဆိုင်နေသည့်ခေတ်ဖြစ်ပါသည်။ ပညာရေးသည် အဓိကဖြစ်သည်ဟု မှတ်ယူလျက် ကြိုးစားအားထုတ်သင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

## ကိုရီးယားနိုင်ငံမှ ဆရာဝန်များနှင့်ပူးပေါင်း၍ မအူချောင်းကျေးရွာတွင် အခမဲ့ဆေးဝါးကုသမည်

**ပန်းတနော် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စု မအူချောင်းကျေးရွာတွင် ကိုရီးယားနိုင်ငံ လူမှုအထောက်အကူပြုအဖွဲ့ (Youndnak Social Welfare Foundation)မှ ကိုရီးယားနိုင်ငံသား ဆရာဝန် ၃၃ ဦးနှင့် မြန်မာနိုင်ငံသား ဆရာဝန် ၁၂ ဦး စုစုပေါင်း ၄၅ ဦးက ဇန်နဝါရီ ၃၁ ရက်တွင် ကျေးရွာပြည်သူများအား အခမဲ့ဆေးဝါးကုသမှု ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဇော်မြင့်**

## ၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။
- ☆ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

## မေးခိုင်ရောဂါကာကွယ်ဆေး သီပေါမြို့နယ်၌ထိုးနှံပေး

**သီပေါ ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ပထမအကြိမ် မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းကို သီပေါမြို့ပေါ်(၁၁)ရပ်ကွက်နှင့် ကျေးရွာများတွင်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်က တောင်မြို့ ရွှေကျောင်းအုပ်ကျင်းရပ်ကွက်တို့၌ ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

မေးခိုင်ရောဂါကာကွယ်ဆေးကို အသက် ၁၅ နှစ်မှ ၄၅ နှစ်အတွင်း အမျိုးသမီးများကို ထိုးနှံပေးလျက်ရှိပြီး သုံးကြိမ်အပြည့်မပျက်မကွက် ထိုးနှံရမည်ဖြစ်ကြောင်း မေးခိုင်ရောဂါကာကွယ်ဆေးကို ကျေးလက်နေအမျိုးသမီးများ မဖြစ်မနေထိုးနှံသင့်ကြောင်း မြို့နယ်အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ကြည်ကြည်ဆွေက ပြောသည်။

**စိုင်း(သီပေါ)**





## အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး












ရွှေဟင်္သာတာဝါ (တိုက်B)၊
အခန်းငှားရန်ရှိသည်။
(ပွဲစား- အကျိုးဆောင်မလိုပါ)။
ဖုန်း-၀၉-၅၁၄၉၉၆၂
(ရုံးချိန်အတွင်းသာ)

စာအုပ်စာပေ
လူ့မိတ်ဆွေ

ပြည်တွင်းသတင်း



# စီးပွားရေးပြုပြင်ပြောင်းလဲမှု အောင်မြင်စေရေးအတွက် ကမ္ဘာ့ဘဏ်မှအကူအညီများ တိုးတက်ရရှိရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr.Jim Yong Kim နှင့်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်သောင်း၊ ဦးစိုးသာ၊ ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုအောင်မြင်စေရေးအတွက် ကမ္ဘာ့ဘဏ်မှအကူအညီများ တိုးတက်ရရှိရေး၊ လူမှုဘဝမြင့်မားရေးနှင့် စက်မှုကဏ္ဍတိုးတက်ရေးအတွက် လိုအပ်သောအကူအညီများရရှိရေး၊ လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးနှင့် ICT ကဏ္ဍ၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ်နှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့်အကူအညီများရရှိရေးတို့နှင့် ပတ်သက်၍ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ပြည်သူများနှင့်အတူ ဒီမိုကရေစီဖော်ဆောင်ရေးနှင့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ဖော်ဆောင်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ ရန်ကြီးအောင်အားကစားခန်းမ၌ ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်အောင် တည်ဆောက်လျက်ရှိပါကြောင်း၊ ယင်းသို့တည်ဆောက်ရာ၌ နိုင်ငံတော်၏ အစိတ်အပိုင်းအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းအရာများကိုဆောင်ရွက်ခဲ့သည်မှာ သုံးနှစ်ကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

လွှတ်တော်များ၏ ယနေ့တာဝန်နှင့်ဆောင်ရွက်ချက်များကို အလျဉ်းသင့်၍ ပြောကြားလိုပါကြောင်း၊ လွှတ်တော်များတွင် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေသော၊ ပြည်သူကို ကာကွယ်စောင့်ရှောက်နိုင်သော၊ တရားမျှတသော ဥပဒေများဖြစ်ပေါ်လာရေးအတွက် လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သည့် သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလိုအပ်သည့်ကိစ္စရပ်များကို ဖြည့်ဆည်းပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က မြို့နယ်တစ်မြို့နယ်လျှင် သာမန်အားဖြင့် ငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဖွံ့ဖြိုးရေးရန်ပုံငွေ ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက ဖွံ့ဖြိုးရေးရန်ပုံငွေကို စနစ်တကျ သုံးစွဲအကောင်အထည်ဖော်ရန်လိုကြောင်း။

ယခုအခါ ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံရေးပါတီများ၊ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပြည်သူများထံမှ သဘောထားအကြံဉာဏ်များရယူပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်အတွင်း၌ နိုင်ငံရေးပါတီ(၁၈)ပါတီမှ ပြည်သူ့ကိုယ်စားလှယ်များပါဝင်ပြီး ပါတီအချင်းချင်း လုပ်ဖော်ကိုင်ဖက်များအဖြစ် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှသာ လက်တွေ့အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာပြီးနောက် ကမ္ဘာ့အရပ်ရပ်မှ အစိုးရများနှင့် ပြည်သူများက မြန်မာနိုင်ငံအပေါ် ပိုမိုစိတ်ဝင်စားလာကြကြောင်း၊ စနစ်ပြောင်းလဲကျင့်သုံးလာချိန်တွင် မြန်မာဆိုလျှင် နိုင်ငံတကာက ခေါင်းထောင်ကြည့်လာကြကြောင်း၊ မိမိတို့လွှတ်တော်များကိုလည်း နိုင်ငံတကာက အကဲခတ်လေ့လာကြပြီး လွှတ်တော် ကိုယ်စားလှယ်များနှင့် ကော်မတီများကို ဖိတ်ကြားမှုများ ရှိလာခဲ့ကြောင်း။

ယခင်က မြန်မာနိုင်ငံ၌ ဒီမိုကရေစီမရှိ၍ လွှတ်တော်မကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ယခုဒီမိုကရေစီရှိ၍ လွှတ်တော်များကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်များကို ဆက်လက်ဖော်ဆောင်သွားရန်လိုကြောင်းစသည်ဖြင့် နိုင်ငံတကာမှ ပုဂ္ဂိုလ်များက ပြောကြားခဲ့ကြကြောင်း၊ ဒီမိုကရေစီသည် အမြဲတမ်းလုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်၍ ဒီမိုကရေစီကျင့်စဉ်များကို အစဉ်အမြဲပြောင်းလဲကျင့်သုံးနေရမှာ ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနောက်ကြောင်း ပြန်လှည့်မည်၊ ရှေ့မတိုးဘူးစသည်ဖြင့် တွက်ဆနေမှုများရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများနှင့်အတူ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ဖော်ဆောင်သွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီးက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီများ၊ ရပ်ကွက်၊ ကျေးရွာနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများအဆင့်ဆင့်ဖွဲ့စည်းကာ ဆောင်ရွက်သွားကြရန် စီမံပေးထားပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြမည့်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် မိမိတို့ဒေသ အကျိုးဖြစ်ထွန်းစေသကဲ့သို့ တိုင်းပြည်အကျိုးကိုလည်း ဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများပါဝင်၍ အကျိုးရှိစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

လူသားတိုင်း၌ မိမိဒေသကိုချစ်ခင်သည့် ဇာတိစိတ်ရှိကြကြောင်း၊ ဇာတိစိတ်သည်ရှိသင့်သည့် စိတ်ဓာတ်ဖြစ်ပြီး အမျိုးသားရေးစိတ်ဓာတ်ကို ဖြစ်ထွန်းစေကြောင်း၊ ဇာတိစိတ်၊ အမျိုးသားရေးစိတ်ကိုအခြေခံပြီး မိမိတို့ရပ်ရွာ အကျိုးဆောင်ရွက်ခြင်းသည် နိုင်ငံအကျိုးဆောင်ရွက်ခြင်းပင် ဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများသည် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ကြမည့်သူများဖြစ်၍ ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး ဆွေးနွေးပြောဆိုကြရန်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ရေဦးမြို့နယ်၊ ခင်ဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ ကျွန်းလှမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ရွှေဘိုမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**





**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ရွှေဘိုခရိုင် အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ လမ်းမကြီး၊ အမှတ်(၃၉၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်အမျိုးသားပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၁-၂၀၁၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



**ရခိုင်အမျိုးသား ပါတီ၏ အလံပုံစံ**



**ရခိုင်အမျိုးသားပါတီ၏ တံဆိပ်ပုံစံ**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နေ့တွင် **ရခိုင်အမျိုးသားပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန် ပေးဆောင်ပါ**

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# သဘာဝဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပေါ်လာပါက အမြန်ဆုံးပြုပြင်နိုင်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို အစီအစဉ်(၉)ခုဖြင့် ကျင်းပခဲ့ရာ စွမ်းအင်ဆိုင်ရာ မေးခွန်း(၂)ခု၊ ကျန်းမာရေးဆိုင်ရာ မေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်၏ **သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများ၊ ခြံမြေ၊ လယ်မြေ၊ သစ်တောများနှင့် ပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေရေး လုံခြုံမှုအကာအကွယ်ပေးရန် အစီအစဉ်ရှိ /မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သွယ်တန်းမည့် ပိုက်လိုင်းအရှည်၊ ပို့လွှတ်မည့်ဓာတ်ငွေ့၏ ထုထည်ပမာဏပေါ် မူတည်၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ Engineering Design ရေးဆွဲ၍ ပိုက်လိုင်း၏အချင်း၊ ပိုက်သားအထူနှင့် ပိုက်အမျိုးအစားတို့ကို ရွေးချယ်သတ်မှတ်ရပြီး ပို့လွှတ်မည့် ဓာတ်ငွေ့ပမာဏနှင့် ဖိအားပေါ် မူတည်၍ အနည်းဆုံး (၀ ဒသမ ၃)လက်မအထူ ရှိရမည်ဖြစ်ပါကြောင်း၊ ပိုက်လိုင်းများဆက်သွယ်ထားရှိမှု ခံနိုင်ရည်ရှိ၊ မရှိအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ X-ray ရိုက်စစ်ဆေးခြင်း၊ Sonic (အသံလှိုင်း)ရိုက်၍ စစ်ဆေးခြင်းများပြုလုပ်ပြီး ပိုက်လိုင်းအတွင်း ရေဖြည့်၍ဖိအား ၂၀၀ PSI၊ ၅၀၀ PSI၊ ၇၀၀ PSI၊ ၁၀၀၀ PSI၊ ၁၂၀၀ PSI၊ ၁၅၀၀ PSI စသည်ဖြင့် တဖြည်းဖြည်းချင်းဖိအားမြှင့်၍ အဆင့်ဆင့်စမ်းသပ်ခဲ့ပါကြောင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းလုံခြုံမှုအပြည့်အဝရှိစေရေးအတွက် ဓာတ်ငွေ့ထုတ်ယူစခန်းများတွင် တပ်ဆင်အသုံးပြုသော ပစ္စည်းကိရိယာများမှာ ဓာတ်ငွေ့ဖိအား ၁၅၀၀ PSI ခံနိုင်ရည်ရှိသော ပစ္စည်းများဖြစ်ပြီး ပို့လွှတ်မည့် ဓာတ်ငွေ့ဖိအားမှာ အများဆုံး(၉၀၀) PSI ဖြစ်ပါကြောင်း၊ ဓာတ်ငွေ့ယိုစိမ့်မှုရှိပါက သိရှိနိုင်ရန် Gas Detector များ၊ မီးခိုးအငွေ့အသက်များ ထွက်ပေါ်လာပါက သိရှိနိုင်ရန် Smoke Detector များ၊ မီးပွင့်မီးတောက်များကိုသိရှိနိုင်ရန် Flame Detector များကို တပ်ဆင်ထားရှိပါကြောင်း၊ သဘာဝဓာတ်ငွေ့ (Gas)မှာ သွယ်တန်းထားသော ပိုက်လိုင်းအတွင်းမှသာ ဖြတ်သန်းသွားခြင်းဖြစ်၍ သဘာဝပတ်ဝန်းကျင်တွင် မည်သည့်အကျိုးအပြစ်မျှ ဖြစ်ပေါ်ရန်မရှိပါကြောင်းနှင့် တစ်စုံတစ်ရာသော သက်ရောက်မှုတစ်ခုခုကြောင့် ပိုက်လိုင်းကျိုးပေါက်ပြီး သဘာဝဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပေါ်လာပါက အမြန်ဆုံးပြုပြင်နိုင်ရန် ခေတ်မီစောင့်ကြည့်ထိန်းချုပ်ခြင်းနည်းပညာ Supervisory Control and Data Acquisition (SCADA) စနစ်ဖြင့် စောင့်ကြည့်ထိန်းချုပ်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဖြေကြားစဉ်။ (သတင်းစဉ်)



ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် မေးမြန်းစဉ်။ (သတင်းစဉ်)

ထို့ပြင် သနပ်ပင်မဲဆန္ဒနယ်မှဦးမြင့်ဦးက **နေပြည်တော်ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ တည်ဆောက်ရေးအတွက် မည်သို့ စီမံဆောင်ရွက်မှုများရှိသည်မေးခွန်းနှင့် စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေချထားပေးနိုင်ရန် တင်ပြတောင်းခံခဲ့သော်လည်း ခွင့်ပြုငွေ မရရှိခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံထားပါကြောင်းနှင့် မြေနေရာရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေးအဋ္ဌမနေ့ကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လူငယ်များဖွံ့ဖြိုးမှုလုပ်ငန်းများကိုအထောက်အကူဖြစ်စေရန် လူငယ်ရေးရာမူဝါဒများရေးဆွဲလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အစီအစဉ် (၇) ခုဖြင့်ကျင်းပရာ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **သတင်းမီဒီယာ ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ဆွေးနွေးရာ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ်သလို ဖွဲ့စည်း၍ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ဆွေးနွေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေးက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီး အနေဖြင့် လုပ်ငန်းစဉ်များတွင် လူငယ်များကို ဦးတည်အုပ်စုတစ်ခုထား၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်နှင့် ပြည်ထောင်စုအဆင့်အနေဖြင့်လည်း အာဆီယံ၊ အာရှနိုင်ငံများကဲ့သို့ လူငယ်ဆိုင်ရာ ကော်မရှင်၊ ကော်မတီ (သို့မဟုတ်) ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကို လိုအပ်သလိုဖွဲ့စည်း၍ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်နိုင်ရေးအတွက် အဆိုကို ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။



သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်က ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသည့်စကားထက် အနာဂတ်တိုင်းပြည်၏ကံကြမ္မာသည် လူငယ်များ၏လက်ထဲတွင် ရှိပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် ယနေ့လူငယ်စွမ်းအားစုကို မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်စေမည်ဆိုသည့် မေးခွန်းသည် ကျယ်ပြန့်သည့် မဟာဗျူဟာတစ်ရပ် ဖြစ်ပါကြောင်း၊ အနာဂတ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်သာယာဝပြောစေရန်အတွက် လူငယ်များကို အသိပညာ၊ အတတ်ပညာ ပြည့်ဝရေးဆောင်ရွက်ပေးရန် လူကြီးတိုင်းတွင် တာဝန်ရှိသည့်အပြင် နိုင်ငံတော်အစိုးရတွင်လည်း တာဝန်ရှိပါကြောင်း။

ခေတ်စနစ် မြန်ဆန်သည့် အပြောင်းအလဲတွင် လူငယ်များသည် အဆိုးနှင့်အကောင်း ရေစီးကြောင်းထဲတွင် စီးမျောလိုက်ပါရန်မှာ ရှောင်လွှဲ၍မရသည့် အခြေအနေဖြစ်ပါကြောင်း၊ လူငယ်များကို ခေတ်ကာလနှင့်အညီ မပြုပြင်လျှင် တိုင်းပြည်၏ ခေတ်စနစ်အသစ်တွင်လည်း မျိုးဆက်ကွာဟမှု ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ပါကြောင်း။

လူငယ်များကို လိုအပ်သည့်နေရာတွင် နေရာပေးရန်အချိန်ရောက်ပြီဖြစ်၍ လူငယ်များ၏ အသံကို နားထောင်ရမည်ဖြစ်ပါကြောင်း၊ လူငယ်အသံသည်လည်း ပြည်သူ့အသံဖြစ်သောကြောင့် အရပ်ဒေသအသီးသီးမှ လူငယ်များ၏ ဟစ်ကြွေးသံကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း။

လူငယ်ဖိုရမ်များ ကျင်းပပြီး သဘောထားထုတ်ပြန်မှုများ ရှိသကဲ့သို့ လူမျိုးစုအလိုက်၊ မြို့နယ်အလိုက် လှုပ်ရှားမှုများ ရှိနေခြင်းသည် လူငယ်များ၏ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်လိုပါကြောင်း တောင်းဆိုနေသည်ဟု ခံယူပေးရန် လိုအပ်ပါကြောင်း၊ ကြီးမားသည့် လူငယ်အင်အားစုကြီးကို တိုင်းပြည်၏ ကုန်ထုတ်စွမ်းအားအဖြစ် အသုံးပြုနိုင်ရန်ကြိုးပမ်းသင့်ပါကြောင်း။

လူငယ်များထဲတွင် ခန္ဓာကိုယ်ပြည့်စုံသူများရှိသကဲ့သို့ ချို့တဲ့သူများလည်းရှိပါကြောင်း၊ "မသန်စွမ်းသူများအတွက် မသန်သော်လည်း စွမ်းတယ်"ဆိုသည်ကို ပြသနိုင်ရန်အတွက် အခွင့်အရေးများ ဖန်တီးပေးသင့်ပါကြောင်း၊ ထို့ပြင် တိုင်းပြည်၏



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး မေးမြန်းစဉ်။ (သတင်းစဉ်)

ကောင်းသော အနာဂတ်နိမိတ်ကို မြင်တွေ့နိုင်ရန် ယနေ့လူငယ်များကို စုစည်းဖွဲ့စည်းခွင့်နှင့်အတူ ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် လိုအပ်သော အဖွဲ့အစည်းများ ဖွဲ့စည်းပြီး လူငယ်အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်စေလိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နိုင်ငံတော်တွင် ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာ ကော်မရှင်၊ ကော်မတီနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ဖွဲ့စည်းထားမှုမရှိသော်လည်း လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ဝန်ကြီးဌာနအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက်လျက် ရှိပါကြောင်း။

အချို့ပြည်ပနိုင်ငံများတွင်လည်း လူငယ်ရေးရာကိစ္စရပ်များကို ဝန်ကြီးဌာနတစ်ခုတည်း၏ ကွပ်ကဲမှုအောက်တွင် ထားရှိဆောင်ရွက်သည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုတည်း၏ ကွပ်ကဲမှုအောက်တွင် ထားရှိခြင်းကြောင့် ပညာရေး၊ လူငယ်၊ အားကစား စသည့် လူငယ်ဆိုင်ရာ မူဝါဒများ၊ အစီအမံများ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုထိရောက်ပြီး မြန်ဆန်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု ဝန်ကြီးဌာနအနေဖြင့် လူငယ်များဖွံ့ဖြိုးမှုလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (National Task Force) မှ UN အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အခြားသော လူငယ်အဖွဲ့အစည်းများဖြင့်ပူးပေါင်း၍ လူငယ်ရေးရာ မူဝါဒများကို ရေးဆွဲလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် လူငယ်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူငယ်များ၏ ကောင်းမွန်သော အနာဂတ်အတွက် ကင်းထောက်လူငယ်များ ဖွဲ့စည်း၍ လှုပ်ရှားဆောင်ရွက်စေခြင်း၊ ဘက်စုံထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ချီးမြှင့်ခြင်း၊ နှီးနှောဖလှယ်ပွဲ ကျင်းပစေခြင်း၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ကြက်ခြေနီအသင်းများ ဖွဲ့စည်း၍ သင်တန်းပေးလှုပ်ရှားဆောင်ရွက်စေခြင်း၊ သာရေး နာရေးအသင်းအဖွဲ့၊ အားကစားအသင်းအဖွဲ့ ဖွဲ့စည်းခြင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖွဲ့စည်း၍ လေ့ကျင့်ပေးခြင်း၊ စက်ရုံအလုပ်ရုံများနှင့် လုပ်ငန်းခွင်များတွင်လည်း လုပ်ငန်းများအလိုက် လူငယ်များအား ဖွဲ့စည်းလှုပ်ရှားစေခြင်း၊ ရပ်ကွက်၊ ကျေးရွာအထိ စာကြည့်တိုက်များ ထူထောင်ပေးခြင်း၊ တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အားကစားပြိုင်ပွဲများကျင်းပပေးခြင်း၊ ဂျပန်၊ ကိုရီးယားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အပြန်အလှန် လူငယ်များစေလွှတ်ပြီး လေ့လာစေခြင်း၊ NGO၊ INGO အဖွဲ့များတွင်လည်း ပါဝင်ဆောင်ရွက်စေခြင်း၊ လူငယ်ကွန်ရက်များ၊ ပါတီများ တည်ထောင်ခွင့်ပြုခြင်းတို့ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

သို့ပါ၍ လူငယ်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနတစ်ခုအနေဖြင့် သီးသန့် ထူထောင်ထားရှိပါက လုပ်ငန်းဆောင်ရွက်ချက်များကို အခြားဝန်ကြီးဌာနများနှင့် Overlapping ဖြစ်နိုင်ပြီး မလိုအပ်ဘဲ ငွေကြေးကုန်ကျမှုများ ရှိလာနိုင်ပါ၍ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းဝန်ကြီးဌာန တစ်ခုကို သီးသန့်ဖွဲ့စည်းရန် မလိုအပ်သေးပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

# မြို့ပြဒေသဖွံ့ဖြိုးရေးအထောက်အကူပြုစေရန် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း ပြည်သူ့လွှတ်တော်တွင် အတည်ပြုမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဥပဒေကြမ်းကော်မတီရုံး အိုင်ဆောင်အမှတ်(၂)၌ ကျင်းပရာ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ကော်မတီဝင်များ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးအေးဖေနှင့် ကော်မတီဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အိုးအိမ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေကြမ်းသည် မြို့ပြဒေသဖွံ့ဖြိုးရေး၊ သာယာလှပစေရေး၊ စုပေါင်းပိုင် အဆောက်အအုံများ ပေါ်ထွန်းလာစေရေး၊ စုပေါင်းပိုင် အဆောက်အအုံ၏ အိမ်ခန်းများကို တရားဝင်ပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းခွင့် ရရှိစေရေး၊ အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေးအတွက် ရည်ရွယ် တင်သွင်းလာခြင်းဖြစ်ပြီး အခန်း ၁၀ ခန်းနှင့် ပုဒ်မပေါင်း ၄၅ခု ရှိရာ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ပြီး ပြည်သူ့လွှတ်တော်တွင် အတည်ပြုနိုင်ရန် တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဘက်စုံ
တည်ဆောက်ရေး
မှန်မှန်ကန်ကန်
အခွန်ပေး

ပြည်တွင်းသတင်း

# ပွင့်လင်းရင်းနှီးစွာ အမြင်ချင်းဖလှယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရန် အဓိကထားဆွေးနွေးမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစဉ်အားလုံးသည် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၏ ကျောရိုးပင်ဖြစ်သည်။ ယခုအခါ ပြည်သူ့စွမ်းအားစု စီမံခန့်ခွဲမှုလုပ်ငန်းစဉ်ကို စုပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။

ယနေ့ နေပြည်တော်ရှိ MICC ၌ ကျင်းပသည့် ဖိုရမ်၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးမှုကဏ္ဍတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ Development Partners / Agency တို့မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်ဆွေးနွေးပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်း ကြားသိခွင့်ရရှိခဲ့သည်။

**ဒေါ်ဝါဝါမောင်**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန)**

ပထမအကြိမ်တုန်းက ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့မြန်မာနိုင်ငံဟာ ကမ္ဘာနဲ့ မိတ်ဆက်တဲ့သဘောပါ။ အခုဒီဖိုရမ်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်တဲ့အစီအစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်မယ့် အမျိုးသား စီမံကိန်းတွေနဲ့ ပတ်သက်တာတွေ၊ နိုင်ငံတော်ရဲ့ စီမံကိန်းတွေနဲ့ ပတ်သက်လို့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေအားလုံးကို ချပြသွားမှာပါ။ နိုင်ငံခြားသားမိတ်ဖက်တွေဘက်ကနေပြီးတော့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေဘက်ကနေပြီးတော့ ဘယ်လိုပူးပေါင်းပါဝင်ကူညီနိုင်မလဲဆိုတာတွေကို ဆွေးနွေးပါမယ်။

ဖွံ့ဖြိုးမှု မိတ်ဖက်တွေကလည်း သက်ဆိုင်ရာနိုင်ငံရဲ့ ဦးစားပေးစီမံကိန်းတွေမှာ ပူးပေါင်းဆောင်ရွက်မှု ထိရောက်တဲ့ ဖွံ့ဖြိုးမှုအကူအညီတွေဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့ သဘောတူညီချက်တွေ၊ နောက်တစ်ခုက ပြည်သူတွေအတွက် အကျိုးရှိမယ့် ဖွံ့ဖြိုးမှုစီမံချက်တွေမှာ နည်းပညာအားဖြင့်သော်လည်းကောင်း၊ ငွေကြေးအားဖြင့်သော်လည်းကောင်း၊ လိုအပ်တဲ့အကူအညီတွေကို အထောက်အပံ့ပြုဖို့ရာအတွက် ပူးပေါင်းဆောင်ရွက်ဖို့ရည်ရွယ်ပြီး လုပ်ဆောင်ခြင်းဖြစ်ပါတယ်။

ဒီဖိုရမ်ကြီးကို မနှစ်ကစခဲ့ပြီး တစ်နှစ်တာအတွင်းမှာ တကယ့်လက်တွေ့လုပ်ကိုင်ရတဲ့အခါမှာ သူ့ဘက်ကိုယ့်ဘက် အခက်အခဲလေးတွေ ရှိတတ်ပါတယ်။ ဒါကြောင့် လုပ်ငန်းတွေ လွယ်ကူချောမွေ့စေရေး၊ မြန်မာနိုင်ငံရဲ့ ရေရှည်အတွက်ဖြစ်တဲ့ ဘက်စုံအမျိုးသားစီမံကိန်းကိုလည်း ရေးဆွဲနေဆဲဖြစ်ပါတယ်။ ဒီဟာရဲ့ တိုးတက်မှုအခြေအနေတွေကိုလည်း ပြောပြချင်တယ်။ သူတို့အနေနဲ့ ရေတိုမှာ ကာလလတ်၊ ကာလရှည်မှာဘာလိုသလဲဆိုတာကိုသိနိုင်မှ ပူးပေါင်းဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ကိုယ့်ဘက်ကလည်း ရေရှည်စီမံကိန်းများမှာ ဘယ်လောက်အထိမှန်းထားသလဲဆိုတာကို ပြောပြနိုင်မှ ပူးပေါင်းဆောင်ရွက်မှုတွေက အဆင်ပြေမှာဖြစ်ပါတယ်။ ပွင့်လင်းရင်းနှီးစွာနဲ့ အမြင်ချင်းဖလှယ်ဖို့နဲ့ ဖွံ့ဖြိုးတိုးတက်မှုပိုင်းကို ဘယ်လိုပူးပေါင်းဆောင်ရွက်ကြဖို့ အဓိကထားဆွေးနွေးမှာဖြစ်ပါတယ်။

ဒီဖိုရမ်ဟာ လက်ရှိပူးပေါင်းဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးမှုစီမံကိန်းတွေကို ပိုပြီးတော့ စွမ်းဆောင်ရည်ပြည့်ဝစွာနဲ့ ထိထိရောက်ရောက် ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မလဲ၊ လက်ရှိအရှိန်အဟုန်ကို ဘယ်လိုမြှင့်တင်မလဲ အဲဒီအတွက်



နေပြည်တော်ရှိ MICC ၌ ကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးမှုကဏ္ဍ ဆွေးနွေးစဉ်။

ရည်ရွယ်ပြီးတော့ ကျင်းပတာဖြစ်ပါတယ်။

ဒီဖိုရမ်မှာ အဓိကအားဖြင့် အုပ်စုရှစ်အုပ်စုခွဲပြီးတော့ အနာဂတ်ကာလအတွက် မဟာဗျူဟာတွေ၊ အမျိုးသားရေးပိုင်းဆိုင်ရာမှာ ဟန်ချက်ညီအောင် လုပ်နေတဲ့ အပိုင်းတွေနဲ့ပတ်သက်ပြီး ကျွမ်းကျင်ရာနဲ့ စိတ်ဝင်စားရာ အုပ်စုတွေခွဲပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ နောက်နေ့တွေမှာ အဲဒီ Session တွေက ထွက်လာတဲ့ ရလဒ်တွေကိုထုတ်ပြန်ပြီးတော့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့ မြန်မာနိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုအတွက် Joint Statement တွေ ထုတ်ပြန်ကြေညာသွားပါမယ်။

တကယ့်လက်တွေ့လုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ပိုမိုမြန်မြန်ဆန်ဆန်နဲ့ အရှိန်အဟုန်ရစေဖို့ရာနဲ့ ထိထိရောက်ရောက်ဖြစ်စေဖို့၊ စွမ်းဆောင်ရည် ပြည့်ဝစေဖို့ရည်ရွယ်ပြီး ကျင်းပတာဖြစ်တဲ့အတွက် ရလဒ်အနေနဲ့လည်း ထိုကဲ့သို့ဖြစ်ရပ်မျိုး ဖြစ်ပေါ်လာနိုင်ရန် မျှော်မှန်းပါတယ်။နောက်ထပ်ပြီးတော့လည်း ကိုယ့်ဆီမှာလိုအပ်နေတဲ့ နည်းပညာအကူအညီသော်လည်းကောင်း၊ ငွေကြေးအကူအညီသော်လည်းကောင်း ထပ်မံဖြစ်ပေါ်လာရန် မျှော်မှန်းပါကြောင်း၊ မြန်မာနိုင်ငံရဲ့ အဓိကလိုအပ်နေတဲ့ နယ်ပယ်ခုနစ်ခုမှာအကူအညီတွေရရှိရေး၊ ဖွံ့ဖြိုးမှုအကူအညီတွေရရှိရေး လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ရရှိလာမည်ဟု မျှော်မှန်းထားပါတယ်။

ဒီနှစ်မှာ တကယ့်လုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နေတဲ့သူတွေကို ဦးစားပေးဖိတ်ကြားထားပါတယ်၊ လုပ်ငန်းကို ပိုမိုကျွမ်းကျင်တဲ့သူတွေအချင်းချင်း အပြန်အလှန် ဆွေးနွေး ကြမှာဖြစ်ပါတယ်။

**Dr.MIKE GRIFFITHS**
**Director of Research**
**လူမှုရေးဆိုင်ရာသုတေသနလုပ်ဆောင်မှုအဖွဲ့**

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ မသန်စွမ်းသူတွေအားလုံးပါဝင်နိုင်ဖို့ရာလည်း အရေးကြီးတဲ့အချက် တစ်ချက်ဖြစ်ပါတယ်။ ဒါ့အပြင် အခြားချန်ခဲ့တဲ့သူတွေအများကြီးရှိနိုင်ပါတယ်။ အမျိုးသမီးဦးဆောင်တဲ့အိမ်ထောင်စုတွေ၊ သက်ကြီးရွယ်အိုများပါဝင်တဲ့ အိမ်ထောင်စုတွေဟာ ထိခိုက်လွယ်တဲ့ အိမ်ထောင်စုမျိုးဖြစ်တဲ့အတွက်ကြောင့် သူတို့အတွက် အထူးစီစဉ်ဆောင်ရွက်ဖို့အရေးကြီးပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ မညီမျှမှုဆိုတဲ့အချက်ကိုစဉ်းစားဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့သုတေသနတွေ့ရှိချက်အရ ရွာအဆင့်မှာ ပိုင်ဆိုင်မှု၊ ဆုံးဖြတ်ပိုင်ခွင့်၊ ရွာပိုင်ဆိုင်တဲ့အရင်းအမြစ်တွေကို ညီညီမျှမျှပိုင်ဆိုင်တဲ့ရွာမှာ ဆင်းရဲမှုရာခိုင်နှုန်း နည်းပါးပါတယ်။ အဲဒီမညီညာမှုကို ဖြေရှင်းဖို့အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အင်မတန်အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ရပ်ရွာအဆင့်မှာ လက်ရှိမြန်မာဓလေ့ထုံးစံအတိုင်းဖွဲ့စည်းခဲ့တဲ့ လူမှုရေးအဖွဲ့အစည်းတွေက မြန်မာနိုင်ငံအတွက် အလွန်တန်ဖိုးရှိတဲ့အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ ဥပမာ ရွာတိုင်းမှာ သာရေးနာရေးအဖွဲ့အစည်းတွေ၊ ကလေးစောင့်ရှောက်ရေးအဖွဲ့အစည်းတွေရှိပါတယ်။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းလုပ်တဲ့အခါ ရပ်ရွာအစီအစဉ်က ပါဝင်ဖို့အတွက် အလွန်အရေးကြီးတဲ့အချက်တစ်ချက်လည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူမှုအဖွဲ့အစည်းတွေဟာ အင်အားကောင်းသလို လူမှုရေးစိတ်ဓာတ်လည်း ကောင်းပါတယ်။ အဲဒီစိတ်ဓာတ်ကိုထိန်းသိမ်းဖို့နဲ့ အခန်းကဏ္ဍတစ်ခု တာဝန်တစ်ခုအနေနဲ့ပေးဖို့လည်း အရေးကြီးပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံတွင် လက်ရှိရင်ဆိုင်နေရသည့်စိန်ခေါ်ချက်က ဒေသတစ်ခုနဲ့တစ်ခု မတူပါဘူး။ အချိန်၊ အရင်းအမြစ်၊ ဦးစားပေးချက်များ မတူညီကြပါကြောင်း၊ ဒါကြောင့် တိုင်းဒေသကြီးအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်စီမံကိန်းရေးဆွဲရန် လိုအပ်ပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးစီမံကိန်းရေးဆွဲရာမှာ အကြံပေးလုပ်ငန်းတွေကို လုပ်နေပါတယ်။ အခုထိစစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး မြို့နယ်အဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး စီမံကိန်း(မူကြမ်း)ရေးဆွဲခဲ့ပါတယ်။ အဲဒီမှာ မြို့နယ်အဆင့် လူမှုရေးအဖွဲ့အစည်း၊ ဦးစားပေးအချက်တွေ၊ အရင်းအမြစ်တွေ၊ သတင်းအချက်အလက်တွေကို အခြေပြုပြီး မြို့နယ်အတွက်သင့်တော်မယ့်၊ လိုက်လျောညီထွေရှိမယ့်၊ စီမံကိန်းကို ရေးဆွဲခဲ့ပါတယ်။ စီမံကိန်းအနေနဲ့ကတော့ စတင်ခြင်းမရှိသေးပါဘူး။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေအလိုက် တစ်ခုပြီးတစ်ခု လုပ်သွားမှာပါ။

လူမှုကာကွယ်စောင့်ရှောက်ရေးစီမံကိန်းရေးဆွဲရာမှာ ကလေးသူငယ်တွေမှုကြိုတက်နိုင်ဖို့၊ အစာအာဟာရအပြည့်အဝပေးဖို့၊ အမျိုးသမီးစောင့်ရှောက်ရေးနဲ့ အမျိုးသမီးများနဲ့ပတ်သက်တဲ့ သက်မွေးဝမ်းကျောင်းနဲ့ဆိုင်တဲ့လုပ်ငန်းတွေ ပါဝင်ပါတယ်။

ဆွေးနွေးပွဲတွင် နည်းဗျူဟာကျသော ဘတ်ဂျက်ကို ချမှတ်လျက် ထိရောက်အကျိုးရှိသော ဘတ်ဂျက်သည် အများမြင်သာထင်ရှားသော အကောင်အထည်ဖော်မှုဖြစ်ရန်ဟူသည့် ထိရောက်အကျိုးရှိသည့် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုသည် မည်မျှအရေးကြီးကြောင်း၊ မြန်မာနိုင်ငံသည် ပြည်သူ့စွမ်းအားစုစီမံခန့်ခွဲမှုစနစ်၏ တိုးတက်မှုကိုရရှိနိုင်သည့် အခွင့်အရေးများရှိကြောင်း စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

**နန္ဒာဝင်း**

# ဆွေးနွေးပွဲရလဒ် အကောင်အထည်ဖော်ပြီဆိုရင် အကျိုးရလဒ်ခံစားနိုင်မှာဖြစ်



**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝအရင်းအမြစ်များ ထုတ်လုပ်သုံးစွဲမှုအပေါ် အဓိကထား လုပ်ဆောင်ကြသည်။ ထိုလုပ်ဆောင်ချက်များကို ပြုပြင်ပြောင်းလဲနိုင်မှ အစဉ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမည်ဖြစ်သည်။ ထို့ပြင် စီးပွားရေးအလားအလာ ကောင်းအောင် အားထုတ်မှု၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်အောင် စီမံလုပ်ဆောင်နေမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှုအတွက် စိုးရိမ်ကြောင့်ကြမှုများသည် ပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များအပေါ် ဖိအားတစ်ရပ်အဖြစ် ရောက်ရှိလာမည်ဖြစ်သည်။

ယနေ့ နေပြည်တော်ရှိ MICC ၌ ပြုလုပ်သည့် ဖိုရမ်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စားနပ်ရိက္ခာလုံခြုံရေးကဏ္ဍဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ Development Partners / Agency တို့မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲနှင့်ပတ်သက်၍ တက်ရောက်လာကြသူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရသည်။

**ဦးချစ်ကျော် (ညွှန်ကြားရေးမှူး ပို့ဆောင်ရေးဝန်ကြီးဌာန)**

အဓိကအားဖြင့် သဘာဝပတ်ဝန်းကျင်နဲ့ သယံဇာတတွေ၊ ရာသီဥတုဆိုင်ရာတွေကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ဆွေးနွေးဖက်နိုင်ငံတွေက အဲဒီလုပ်ငန်းတွေမှာ ကျွမ်းကျင်တဲ့ ပညာရှင်တွေပါဝင်တဲ့အတွက် အများကြီးအကျိုးရှိပါတယ်။

ဒါကြောင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် လုပ်ငန်းတွေဆောင်ရွက်ရာမှာ အခြေခံထည့်သွင်းစဉ်းစားရမယ့် အချက်တွေနဲ့ နည်းပညာတွေကို အခုဆွေးနွေးပွဲကတစ်ဆင့် ရရှိနိုင်ပါတယ်။

ဥပမာ သစ်တောပြုန်းတီးမှုတွေနဲ့ပတ်သက်ပြီး အချိန်တိုအတွင်းမှာ ဘယ်လိုအစားထိုး ဆောင်ရွက်နိုင်မယ်ဆိုတဲ့ အတွေ့အကြုံနဲ့ အကြံဉာဏ်တွေကို ရရှိနိုင်မှာဖြစ်ပါတယ်။

အခုဆွေးနွေးပွဲ ရလဒ်တွေကို လက်ငင်းချက်ချင်းပြည်သူတွေအနေနဲ့ ခံစားလို့ မရနိုင်ပေမယ့်လည်း ဆွေးနွေးပွဲရလဒ်တွေကို အကောင်အထည်ဖော်ပြီဆိုရင် အကျိုးရလဒ်တွေ အတော်များများကို ခံစားနိုင်မှာဖြစ်ပါတယ်။ ဒီလို ပြည်သူတွေဆီကို မြန်မြန်ရောက်အောင် ပေးချင်တယ်ဆိုရင် အကောင်အထည်ဖော်တဲ့ လုပ်ငန်းတွေကို အချိန်မဆိုင်းဘဲအကောင်အထည်ဖော်ဖို့လိုပါတယ်။

ပထမအကြိမ်ဆွေးနွေးပွဲမှာ မူဝါဒရေးရာတွေကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ အခုဆွေးနွေးပွဲမှာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မယ့်သူတွေ ပါဝင်လာတဲ့အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**Alberto MENGHINI (မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ရုံးမှ စီမံကိန်းအရာရှိ)**

အခုလက်ရှိမှာ ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံရဲ့ ပညာရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အကူအညီပေးဖို့ လုပ်ဆောင်နေပါတယ်။ အနာဂတ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ကူညီပေးဖို့ စဉ်းစားထားပါတယ်။ EU အတွက် မြန်မာနိုင်ငံနဲ့ကုန်သွယ်ရေးက အရေးကြီးတဲ့အတွက် ကုန်သွယ်မှုလုပ်ငန်းတွေ တိုးတက်အောင်ဆောင်ရွက်ပေးမှာပါ။

EU ရဲ့ ရင်းနှီးမြှုပ်နှံမှုဘက်ကနေပြီး မူဘောင်သဘောတူညီချက်ကို အဆုံးသတ်နိုင်ပါက မြန်မာနိုင်ငံရဲ့ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်အောင် ထိရောက်စွာ အကူအညီပေးနိုင်မှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ ဥရောပဈေးကွက်ကို တင်ပို့နိုင်တဲ့ မြန်မာနိုင်ငံရဲ့သဘာဝအရင်းအမြစ်တွေကို အရည်အသွေးမြင့်မားလာအောင် ဆောင်ရွက်မှာဖြစ်ပါတယ်။

လက်ရှိမှာ EU အနေနဲ့ အစိုးရဝန်ကြီးဌာနတွေနဲ့ပူးပေါင်းပြီး မြန်မာ့ထုတ်ကုန် အရည်အသွေးမြင့်မားလာအောင်နည်းပညာအပါအဝင် အဘက်ဘက်ကနေ ပူးပေါင်းဆောင်ရွက်နေပါတယ်။

**လိုအပ်**

မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သော အခန်းကဏ္ဍကိုမြှင့်တင်ရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ ယင်းကဏ္ဍကို မြှင့်တင်ရန် ရေရှည်မဟာဗျူဟာတစ်ရပ်ချမှတ်ခြင်း၊ ကောင်းမွန်ပြီးစနစ်ကျသော မူဘောင်တစ်ရပ်ပုံဖော်ခြင်းနှင့် ထိရောက်သော ထိန်းသိမ်းရေးအဖွဲ့အစည်းများ ထူထောင်ခြင်းတို့သည် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။

**သူရဇော်**

**❋ ကျောဖုံးမှ**

ဒီဇင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၄၀၆ ဒသမ ၅၃ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၄၉ ဒသမ ၂၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂၇၀ ဒသမ ၃၈ သန်းနှင့်စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၉၁၉ ဒသမ ၆၃ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၃၈၆ ဒသမ ၁၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၆၁ ဒသမ ၉၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၇၄၈ ဒသမ ဝ၆ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၈၂၈ ဒသမ ၄၃ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ဒီနေ့မြင်တွေ့နေကြရတဲ့တိုးတက်မှုတွေဟာ အပြန်အလှန်ဆွေးနွေးမှုတွေကနေ ယုံကြည်မှုနဲ့နားလည်မှုတွေကိုတည်ဆောက်နိုင်လို့ပဲဖြစ်

## ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ရာတွင် အသိပညာ၊ ဗဟုသုတ၊ အတွေ့အကြုံနှင့်အရင်းအမြစ်များကို တတ်နိုင်သလောက် လက်လှမ်းမီရယူနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းမှုများ မြှင့်တင်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ စတင်ကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ် ဆောင်ရွက်၍ "အနာဂတ်တွင် ရှေ့ဆက်ဆောင်ရွက်မည့် ဖွံ့ဖြိုးမှုမဟာဗျူဟာများ" ခေါင်းစဉ်ကို ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်က နေပြည်တော် သဘောတူညီချက် အကောင်အထည်ဖော်ရေးစီမံချက်၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက အမျိုးသား ဘက်စုံတိုးတက်မှု မြှင့်တင်ရေးစီမံချက်နှင့် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပုဂ္ဂိုလ် ဒေါက်တာဇော်ဦးက စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အပေါ် သုံးသပ်ချက်တို့ကို တင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော်သဘောတူညီချက်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အတည်ပြုချမှတ်နိုင်ခဲ့သည်။

အဆိုပါ သဘောတူညီချက်အရ မြန်မာအစိုးရဘက်က အပြန်အလှန်ထားရှိခဲ့သည့် ကတိကဝတ်များမှာ ဦးစားပေးဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် ပိုမိုနက်ရှိုင်းစွာ ဆက်လက်ညှိနှိုင်းဆွေးနွေးသွားရန်၊ အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများ ပေါ်ပေါက်ရေးအတွက် အလေးထားဆောင်ရွက်ရန်၊ ထိရောက်သည့် ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်ပေါ်စေရန်၊ အချိတ်အဆက်မိ၍ စွမ်းဆောင်ရည်ရှိသည့် အကူအညီအထောက်အပံ့စီမံခန့်ခွဲရေးစနစ် ဖွံ့ဖြိုးလာစေရန်၊ အစိုးရ၏ စီမံကိန်းများအတွက် နိုင်ငံခြားအကူအညီများ ထိရောက်မှုနှင့် မြင်သာထင်သာရှိမှုကို မြှင့်တင်ရန်အတွက် ပြည်သူ့ရေးရာ အုပ်ချုပ်ရေးစနစ် ခိုင်မာစေရန်တို့ဖြစ်သည်။

အလားတူ ဖွံ့ဖြိုးမှု မိတ်ဖက်များဘက်က အပြန်အလှန်ထားရှိခဲ့သည့် ကတိကဝတ်များမှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား ပံ့ပိုးကူညီပေးရန်၊ ဖွံ့ဖြိုးမှုအကူအညီများကို နိုင်ငံ၏ ဦးစားပေးလုပ်ငန်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံက ဦးဆောင်သော ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွင် ပံ့ပိုးပါဝင်ဆောင်ရွက်ရန်၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးကို အထောက်အကူပြု ပံ့ပိုးရန်၊ မြန်မာပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များ အများဆုံးရရှိအောင် အလေးထားကြိုးပမ်းရန်၊ အဖွဲ့အစည်းများ ခိုင်မာရေး၊ စွမ်းဆောင်ရည် တည်ဆောက်ရေး၊ အနာဂတ် အကောင်အထည်ဖော်ဆောင်မည့် စီမံကိန်းများအား ပိုမိုထိရောက်စေရေးအတွက် အစိုးရနှင့် လက်တွဲဆောင်ရွက်ရန်တို့ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်က"မြန်မာနိုင်ငံအနေနဲ့ အပြန်အလှန်လေးစားမှုရှိတဲ့ လက်တွဲပူးပေါင်းဆောင်ရွက်မှုတွေကို နွေးထွေးစွာ ကြိုဆိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နေပြည်တော် သဘောတူညီချက်ကို အထောက်အကူပေးနိုင်မယ့် ကြိုးပမ်းမှုတွေကို တိုးမြှင့်ပြီး မြန်မာပြည်သူတွေရဲ့ ဘဝတွေအတွက် ပိုမိုကောင်းမွန်တဲ့ အကျိုးကျေးဇူးများစွာ ရရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ကလည်း "ဒီနှစ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှု အကူအညီပေးရေးနယ်ပယ်တွေ၊ နိုင်ငံတကာ အကူအညီတွေကို ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွေ အားလုံးအပေါ် လွှမ်းခြုံအသုံးပြုနိုင်ဖို့၊ ပိုမိုဦးစားပေးဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်"ဟု အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။



ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက သဘာပတိအဖြစ် ဆောင်ရွက်ရာ "ဒီမိုကရေစီယဉ်ကျေးမှုနှင့် အမျိုးသားဟန်ချက်ညီမှုကို မြှင့်တင်ရေး" ခေါင်းစဉ်ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဗဟိုဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ရင်လှိုင်က ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွဋ်ဦးက လူမှုအသိုက်အဝန်း ပူးပေါင်းပါဝင်မှုနှင့် ဒီမိုကရေစီယဉ်ကျေးမှုမြှင့်တင်ရေးတို့ကို တင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက ပြန်လှန်ဆွေးနွေးခဲ့ကြသည်။

"တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိဖို့နဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုပြုလုပ်ဖို့အတွက် မူဘောင်ချမှတ်ခြင်း၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနဲ့ နိုင်ငံလုံးဆိုင်ရာငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပခြင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ငြိမ်းချမ်းရေးသတောတူညီမှုလက်မှတ်ရေးထိုးခြင်း စတာတွေကို ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းရဲ့ လမ်းပြမြေပုံအဖြစ် သတ်မှတ်ဆောင်ရွက်ပါတယ်" ဟု ဒေါက်တာကျော်ရင်လှိုင်က ထည့်သွင်းတင်ပြခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း **(အပေါ်ပုံ)** ကလည်း "ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်မှာ အဓိကကြုံတွေ့နေရတဲ့ စိန်ခေါ်မှုကတော့ နားလည်မှုနဲ့ အမြင်ကွဲလွဲမှုကို ညှိနှိုင်းစဉ်းစားဖို့ မစွမ်းဆောင်နိုင်ခြင်းဘဲဖြစ်ပါတယ်။ ဒီနေ့ မြင်တွေ့နေကြရတဲ့ တိုးတက်မှုတွေဟာ အပြန်အလှန်ဆွေးနွေးမှုတွေကနေ ယုံကြည်မှုနဲ့နားလည်မှုတွေကို တည်ဆောက်နိုင်လို့ပဲဖြစ်ပါတယ်။ နိုင်ငံရေး အခြေအနေသစ်ကို ဆောင်ရွက်ဖို့အချိန်ကျနေပါပြီ။ ဒါမှ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးကို အတူတကွဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေးအခြေအနေသစ်ကို ကြိုးပမ်းတည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းမှုနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်မှ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ ဒီမိုကရေစီယဉ်ကျေးမှုကို မီးမောင်းထိုးပြနိုင်မှာ ဖြစ်ပါတယ်" ဟု အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

**၂၀၁၃ ခုနှစ်ရဲ့ အပြောင်းအလဲတွေအားလုံးထဲမှာ တိုင်းပြည်တည်ငြိမ်ဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အအောင်မြင်ဆုံးအရာကို ပြောပါဆိုရင် "အပစ်အခတ်ရပ်စဲဖို့ လမ်းကြောင်းပေါ်ကို အားလုံးရောက်လာပြီး သိုက်သိုက်ဝန်းဝန်းနဲ့ လုပ်ဆောင်သွားဖို့သဘောတူတဲ့အချက်" ဟာ အအောင်မြင်ဆုံးအချက်လို့ ပြောလို့ရပါတယ်။**

ယခုဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ ပြောပြချက်များကိုလည်း အောက်ပါအတိုင်း ကြားသိခွင့်ရရှိခဲ့သည်။

**ဒေါက်တာဇော်ဦး (နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်)**

စီးပွားရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲရေးမှာ နိုင်ငံတကာနဲ့အတူ လက်တွဲဆောင်ရွက်ထားတာဖြစ်တဲ့အတွက် ဒီနေ့ဟာ အင်မတန်အရေးပါတဲ့၊ ထူးခြားတဲ့နေ့တစ်နေ့လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေကို နိုင်ငံတကာအဖွဲ့အစည်းတွေဘက်က တုံ့ပြန်မှုတွေရှိလာမှာဖြစ်တဲ့အတွက် သင်ခန်းစာဖော်ထုတ်ပြီး ရှေ့ဆက်သွားဖို့နဲ့ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ စဉ်းစားထားပါတယ်။

ကျွန်တော်တို့ စီးပွားရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရဲ့အရေးပါတဲ့ လုပ်ငန်းစဉ်တချို့ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါကြောင့်လည်း တခြားနိုင်ငံတွေနဲ့မတူဘဲ တစ်မူထူးခြားတဲ့အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ ဒါပေမယ့် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေလည်း အများကြီးရှိနေဆဲပါပဲ။ ဒီအခက်အခဲတွေ ကျော်လွှားနိုင်ဖို့အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအပါအဝင် နိုင်ငံတွင်းမှာလည်း အစိုးရတင်မကဘဲ အရပ်ဘက်အဖွဲ့အစည်းတွေ၊ နိုင်ငံရေးအင်အားစုတွေကပါ ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်မှာဖြစ်ပါတယ်။

အခုဖိုရမ်ကတော့ ပိုပြီးလက်တွေ့ကျမယ့် ဖိုရမ်ဖြစ်မယ်လို့ ယူဆပါတယ်။ ဝမ်းသာစရာကောင်းတဲ့ အလားအလာတစ်ခုက ဒီဖိုရမ်မှာ နိုင်ငံတကာက တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ တော်တော်များတာကြောင့် နိုင်ငံတကာ ထောက်ခံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမှာ အတော်အသင့်အောင်မြင်မှုရှိတယ်လို့ ပြောလို့ရပါတယ်။ ဒီလိုများပြားလှတဲ့ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ရတဲ့အတွက် စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေကြုံရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ တကယ့်လိုအပ်ချက်နဲ့ ဘယ်လို ဆက်စပ်စဉ်းစားဆောင်ရွက်သွားဖို့ လိုတယ်ဆိုတာကို အရေးတကြီး စဉ်းစားဖို့လိုပါတယ်။

**ဒေါက်တာ ကျော်ရင်လှိုင် (Director Of Myanmar Peace Centre)**

၂၀၁၃ ခုနှစ်အတွင်းမှာ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး အဖွဲ့(၁၄)ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲဖို့ လက်မှတ်ထိုးပြီးပါပြီ။ ကေအိုင်အိုနဲ့ကတော့ အပစ်အခတ်ရပ်စဲတယ်လို့ တရားဝင်လက်မှတ်ထိုးထားတာမဟုတ်ပေမယ့် လက်မှတ်ရေးထိုးထားပြီးတဲ့ သဘောတူညီချက်တွေက အပစ်အခတ်ရပ်စဲရေးလိုပဲ ပြည့်စုံပါတယ်။ ဒီမှာရှိတဲ့ အဖွဲ့အစည်းတွေအားလုံးက တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲဖို့အတွက် လုပ်နေကြပါတယ်။ မကြာခင်အချိန်မှာ လက်မှတ်ရေးထိုးဖို့ သေချာသလောက်ဖြစ်နေပါပြီ။ နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပဖို့ ဆက်လုပ်နေပါတယ်။

*စာမျက်နှာ ၁၃ သို့*

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄**
**၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်**
**(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များကို အများပြည်သူတို့ရှင်းလင်းစွာသိရှိနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုချက်များ တင်ပြရာတွင် ငွေကြေးကုန်ကျမှုများပြားကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိရာ ရင်းနှီးမြှုပ်နှံသူများနှင့် ကမကထ ပြုသူများအနေဖြင့် ကော်မရှင်က ဆောင်ရွက်သည့်ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာ သိရှိရန်လိုအပ်လျက်ရှိသည်။

၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သတ်မှတ်ထားသော အဆိုပြုချက်ပုံစံတွင် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူက ရေးသားဖြည့်သွင်းပြီး ပြည့်စုံသောအဆိုပြုချက် ပြုစုရခြင်း။

(ခ) အဆိုပြုချက်ကို နေပြည်တော်ရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးအဖွဲ့သို့ သော်လည်းကောင်း၊ ရန်ကုန်(ရုံးခွဲ)သို့ သော်လည်းကောင်း သွားရောက်တင်ပြရခြင်းနှင့် တင်ပြလာသော အဆိုပြုချက်ကို ကော်မရှင်ရုံးအဖွဲ့ဝန်ထမ်းများက စာရွက်စာတမ်းပြည့်စုံမှု ရှိ-မရှိ စိစစ်လက်ခံခြင်း။

(ဂ) ပြည့်စုံသော အဆိုပြုချက်ကို နေပြည်တော်၌ အပတ်စဉ် ကျင်းပသည့်အဆိုပြုချက်စိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးသို့တင်ပြဆွေးနွေးခြင်း။

(ဃ) အဆိုပြုချက် စိစစ်ရေးအဖွဲ့(Proposal Assessment Team) အစည်းအဝေးက အတည်ပြုလျှင် အဆိုပြုချက်ကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆိုပြုချက်တင်သွင်းသူထံသို့ အကြောင်းပြန်ကြားခြင်း။

(င) လက်ခံပြီးသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သဘောထားနှင့် သက်ဆိုင်ရာဝန်ကြီးဌာန သဘောထားများတောင်းခံခြင်း။

(စ) သဘောထားမှတ်ချက်များ ပြည့်စုံပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးသို့အဆိုပြုချက်ကို တင်ပြဆွေးနွေးခြင်းနှင့် အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံသူသို့မဟုတ် ကမကထပြုသူကို ဖိတ်ကြား၍ တက်ရောက်ဆွေးနွေးတင်ပြခွင့်ပြုခြင်း။

(ဆ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးက ခွင့်ပြုကြောင်းဆုံးဖြတ်လျှင် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူထံ ခွင့်ပြုမိန့်ထုတ်ပေးခြင်း။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် အပိုဒ် ၂ ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူနှင့်ကမကထပြုသူတို့သည် ဝန်ဆောင်ခနှင့်အခြားအခကြေးငွေများ ပေးဆောင်ရန်မလိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာပါ ကိစ္စရပ်နှင့်စပ်လျဉ်း၍အသေးစိတ်သိရှိလိုပါက အောက်ပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ညွှန်ကြားရေးမှူးချုပ်၀၆၇-၄၀၆၁၂၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၆၇-၄၀၆၃၄၂၊ ညွှန်ကြားရေးမှူး (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဌာန)၀၆၇-၄၀၆၃၃၄နှင့် ညွှန်ကြားရေးမှူး (မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဌာန) ၀၆၇-၄၀၆၁၃၉။

**(ဝင်းရှိန်)**
**ဥက္ကဋ္ဌ**






### ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ်စီမံကိန်းနှင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများကို ရေးဆွဲပြီးဖြစ်သည့်အတွက် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ဆက်လက် ပူးပေါင်းပါဝင်စေရန်၊ ထိရောက်သည့် ဖွံ့ဖြိုးရေးအကူအညီများပေးအပ်ရေးအတွက် ဆောင်ရွက်ရာ၌ ပိုမိုရှင်းလင်းလွယ်ကူစေမည်ဖြစ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အစီအမံများတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ ပါဝင်ဆောင်ရွက်သည့် အကူအညီအထောက်အပံ့များကို လိုအပ်သော နေရာသို့ရောက်ရှိနိုင်အောင် နိုင်ငံတော်က အဓိကမောင်းနှင်သူနေရာ ယူပြီး နိုင်ငံတကာမှ ချမှတ်ထားသည့် ထောင်စုနှစ် ရည်မှန်းချက်များကဲ့သို့သော အစီအစဉ်များကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း။

ထို့အပြင် နိုင်ငံ၏တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏အကူအညီ၊ အထောက်အပံ့များကိုလည်း အထိရောက်ဆုံး အကျိုးရှိစွာ အသုံးပြုဆောင်ရွက်စေလျက်ရှိပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် မိမိတို့ဆောင်ရွက်လိုသောစီမံချက်များ၊ ဦးစားပေးများနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ဦးစားပေး အစီအစဉ်များ ရေးဆွဲညှိနှိုင်းခြင်း စသည်တို့ပါဝင်ဆောင်ရွက်ခြင်းဖြင့် နေပြည်တော်သဘောတူညီချက်ကို နှစ်ဖက်ပူးတွဲဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခု ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် တစ်နှစ်အလှည့်ကျ တာဝန်ယူဆောင်ရွက်နေပြီဖြစ်ရာ အာဆီယံမိသားစုဝင်ကိစ္စများ၊ အရှေ့အာရှနှင့် အာရှဒေသဆိုင်ရာကိစ္စများ၊ တစ်ကမ္ဘာလုံးဆိုင်ရာကိစ္စများကို အာဆီယံဥက္ကဋ္ဌနိုင်ငံအဖြစ် ဘက်စုံထောင့်စုံမှ လေးလေးနက်နက် ပါဝင်ဆောင်ရွက်နေပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်ပါကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ၊ ရည်ရွယ်ချက်များအပေါ် မိမိတို့ပါဝင်ဆောင်ရွက်နိုင်သည့် နယ်ပယ်ရှုထောင့် ဦးစားပေးအစီအစဉ်နှင့် ဦးတည်အုပ်စုများအပေါ် ဘက်စုံထောင့်စုံမှ ပါဝင်ကူညီအားဖြည့်ပေးကြသည့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာ့ဘဏ်အုပ်စု၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ မိတ်ဖက်အလှူရှင်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏ကိုယ်စား နှစ်ထောင်းအားရဝမ်းမြောက်စွာကြိုဆိုပါကြောင်းနှင့် မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ပြောကြားရင်း အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြပါစို့ဟု ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr.Jim Yong Kim က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ကမ္ဘာ့ဘဏ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ ဒီမိုကရေစီအသီးအပွင့်များကို ပြည်သူအားလုံးအတွက် စွမ်းဆောင်နိုင်ရေး ရဲရင့်သော ဆောင်ရွက်မှုများကြောင့် ယခုလက်ရှိအပါအဝင် အနာဂတ်တွင် မြန်မာနိုင်ငံနှင့် ခိုင်မာသည့်မိတ်ဖက်အဖွဲ့အစည်းအဖြစ် ရပ်တည်သွားမည်ဖြစ်ပါကြောင်း။

လာမည့်နှစ်များအတွင်း ကမ္ဘာ့ဘဏ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအား ကူညီထောက်ပံ့မှုများကို သိသာစွာ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာသန်း ၂၀၀၀ ပမာဏရှိ အများပြည်သူနှင့်ပုဂ္ဂလိကကဏ္ဍ နှစ်ရှည်စီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် နိုင်ငံတော်အစိုးရအပါအဝင် ပြည်သူများနှင့် မိတ်ဖက်အဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ပိုမိုထိရောက်ကောင်းမွန်၍ ပွင့်လင်းမြင်သာပြီး တာဝန်ခံနိုင်သော အမျိုးသားအဆင့်အဖွဲ့အစည်းများ တည်ဆောက်ရေးတွင်လည်း အထောက်အကူပေးသွားမည် ဖြစ်ပါကြောင်း၊ ယင်းရန်ပုံငွေများကို မြန်မာနိုင်ငံ၏ ဦးစားပေး ဆောင်ရွက်ရမည့်ကဏ္ဍများဖြစ်သော စွမ်းအင်၊ ကျန်းမာရေးနှင့် လယ်ယာစိုက်ပျိုးရေးအစရှိသည့် ကဏ္ဍများတွင် လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အကူအညီပေးရန် အသုံးပြုသွားမည်ဖြစ်ပါကြောင်း။

လတ်တလောတွင် မြန်မာနိုင်ငံ၏ ပြည်သူ ၇၀ ရာခိုင်နှုန်းခန့်မှာ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်သည့် အခြေအနေတွင် မရှိသေးသည့်အတွက် လာမည့် ငါးနှစ်တာကာလတွင် မိမိတို့အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ မြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားကဏ္ဍ အနာဂတ်အလားအလာများအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံသားများ၏ဘဝ တိုးတက်ရေးအတွက်သာမက ပိုမိုကောင်းမွန်သော စီးပွားရေးဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာမည်ဖြစ်ပါကြောင်း။

ဒုတိယအနေဖြင့် အခြေခံအဆောက်အအုံကဏ္ဍနှင့် အများပြည်သူ ရင်းနှီးမြှုပ်နှံမှုများကို ယှဉ်တွဲဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ခိုင်မာသော စီးပွားရေးအသီးအပွင့်များကို မိသားစုများသာမက နိုင်ငံအနေဖြင့်ပါခံစားနိုင်မည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍအတွက် တစ်ဒေါ်လာရင်းနှီးမြှုပ်နှံခြင်းသည် အခြားမည်သည့်ကဏ္ဍအတွက်မဆို ကိုးဒေါ်လာမှ ဒေါ်လာ ၂၀ ပမာဏအထိ အကျိုးဖြစ်ထွန်းစေပါကြောင်း၊ နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ မတိုင်မီ ပြည်သူအားလုံး ကျန်းမာရေးစောင့်ရှောက်မှုတွင် ပါဝင်နိုင်ရေး ကြိုးပမ်းမှုမှာ မြန်မာနိုင်ငံအတွက် သတင်းကောင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းရည်မှန်းချက်ကို ထောက်ခံပါကြောင်း၊ အခြားမိတ်ဖက်အဖွဲ့များလည်း အလားတူထောက်ခံမည်ဟု ယုံကြည်ပါကြောင်း၊ အလှူရှင်နိုင်ငံများက လာမည့်သုံးနှစ် (သို့မဟုတ်) လေးနှစ်တာ ကာလအတွက် ဒေါ်လာသန်း ၈၀၀ ခန့် ဖြည့်ဆည်းနိုင်ရေး ကတိကဝတ်ထားဆောင်ရွက်ရန် ဆုံးဖြတ်ထားပါကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့် နိုင်ငံတော်အစိုးရ၏ ကျန်းမာရေး ရည်မှန်းချက်အတွက် အားထုတ်ကြိုးပမ်းမှုကို အထောက်အကူပြုရန် ဒေါ်လာသန်း ၂၀၀ ခန့် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားပါကြောင်း။

တတိယအနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ နိုင်ငံ ဂျီဒီပီ၏ ၄၃ ရာခိုင်နှုန်း၊ အလုပ်အကိုင်များ၏ ၅၄ ရာခိုင်နှုန်းနှင့် နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်း၏ အသက်မွေးဝမ်းကျောင်း ဖြည့်ဆည်းပေးနိုင်မှုတို့အတွက် အရေးပါ ပါကြောင်း၊ နိုင်ငံတော်အစိုးရ ရင်ဆိုင်နေရသည့်ပြဿနာတစ်ရပ်မှာ သဘာဝအရ အလျှံအပယ်ရှိသော မြေယာနှင့် ရေရရှိမှုတို့ရှိသော်လည်း ထုတ်လုပ်နိုင်မှုစွမ်းအား နည်းပါးနေခြင်းပင် ဖြစ်ပါကြောင်း၊ ယင်းကို မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ပြောင်းလဲပြင်ဆင်နိုင် ပါကြောင်း၊ ကျေးလက် လျှပ်စစ်မီးရရှိရေး လုပ်ငန်းများသည် နိုင်ငံ၏သန်းချီသော လယ်သမားများအတွက် ကြီးမားသော အထောက်အကူ တွန်းအားဖြစ်ပြီး အရည်အသွေးရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို တိုးတက်အသုံးပြုနိုင်မည်ဖြစ်ရာ လယ်ယာများ၏ထွက်နှုန်းကို တိုးပွားစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး ၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထင်ဟပ်စေသည့် Video Presentation ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါဖိုရမ်ကို နေပြည်တော်၌ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**



န်ကြီး ဦးစိုးသိန်း နှုတ်ခွန်းဆက် ဉ်။

(သတင်းစဉ်)



**ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr.Jim Yong Kim နှုတ်ခွန်းဆက်စကားပြောကြားစဉ်။**

(သတင်းစဉ်)

## ခအံ့ဖွံ့ဖြိုးမှုတွင် ွားနွေး

ရောက်ခဲ့သည့် UMFCCI မှ ဦးမိုးမြင့်ကျော် က“လက်ရှိအစိုးရအဖွဲ့ရဲ့ ပြုပြင်ပြောင်းလဲရေးခြေလှမ်းတွေနဲ့ ပတ်သက်ပြီး အားရကျေနပ်မှုရှိတာကိုတွေ့ရပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ကြဖို့ ပြင်ဆင်လျက်ရှိပါတယ်။ အစိုးရပိုင်း၊ ပုဂ္ဂလိကကဏ္ဍ၊ အလှူရှင်နိုင်ငံနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွဲကြိုးပမ်းလျက်ရှိကြပါတယ်။ ပြည်ပက အကူအညီပေးမှုဟာ ဒီနေ့ကာလမှာ ပုံစံပြောင်းလဲလာပါပြီ။ အာဆီယံစီးပွားရေးအသိုက်အဝန်းအရ ပေါင်းစည်းမှုကို ၂၀၁၅ ခုနှစ်မှာ စတင်မှာဖြစ်ပါတယ်။ ဒေသဆိုင်ရာ ဘုံဈေးကွက်ထူထောင်ရာမှာ ပေါင်းစည်းမှုဟာ တစ်စတစ်စ ပိုမိုကျယ်ပြန့်လာပါတယ်။ ပေါင်းစပ်မှုအပေါ် အခြေပြုပြီး အင်အားပိုမိုခိုင်မာလာမယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းနိုင်ငံတွေနဲ့ စီးပွားရေးအရ ပေါင်းစည်းလုပ်ကိုင်ရာမှာ မဟာဗျူဟာအရ လှုပ်ရှားဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ခိုင်မာအားကောင်းတဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အားလုံးပါဝင်ခွင့်ရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လက်တွဲကြိုးပမ်းကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်” ဟု ပြောပြခဲ့သည်။

**ရဲခေါင်ညွန့်**

### အစိုးရပိုင်း၊ ပုဂ္ဂလိကကဏ္ဍ၊ အလှူရှင်နိုင်ငံနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွဲကြိုးပမ်းလျက်ရှိ။

## NRC ရုပ်သံလိုင်းထုတ်လွှင့်မှု အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို အောက်တိုဘာ ၁၅ ရက်မှစတင်ပြီး နေ့စဉ်နံနက် ၆ နာရီမှ မွန်းလွဲ ၂နာရီခွဲအထိနှင့် ဒုတိယအကြိမ် မွန်းလွဲ ၂ နာရီခွဲမှ ည ၁၁ နာရီအထိ စတင်ပြီး ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ‘ဝ’ ဘာသာအလိုက် ထုတ်လွှင့်လျက်ရှိသည်။

NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို လေးလတစ်ကြိမ် ဘာသာအလိုက်လှည့်ကာ အချိန်ပြောင်းထုတ်လွှင့်တော့မည်ဖြစ်ရာ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ ပထမအကြိမ်အဖြစ် စတင်အချိန်ပြောင်းထုတ်လွှင့်မည်ဖြစ်ရာ နံနက် ၆ နာရီမှ ၇ နာရီအထိ ကယားဘာသာအစီအစဉ်၊ ၇ နာရီမှ ၇ နာရီခွဲအထိ စကောကရင်အစီအစဉ်၊ ၇ နာရီခွဲမှ ၈ နာရီအထိ အနောက်ပိုးကရင်အစီအစဉ်၊ နံနက် ၈ နာရီမှ ၈ နာရီခွဲအထိ အရှေ့ပိုးကရင် အစီအစဉ်၊ ၈ နာရီခွဲမှ ၉ နာရီအထိ ချင်း(လိုင်ဇို) အစီအစဉ်၊ ၉ နာရီမှ ၉ နာရီခွဲအထိ ချင်း(ချိုး)အစီအစဉ်၊ ၉ နာရီခွဲမှ ၁၀ နာရီခွဲအထိ မွန်အစီအစဉ်၊ ၁၀ နာရီခွဲမှ ၁၁ နာရီခွဲအထိ ရခိုင်အစီအစဉ်၊ ၁၁ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ရှမ်းအစီအစဉ်၊ မွန်းလွဲ ၁၂ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲအထိ ‘ဝ’ အစီအစဉ်၊ မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီခွဲအထိ ကချင်အစီအစဉ် စသည်ဖြင့် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# အစိုးရအဖွဲ့အစည်းများ၏ အမှန်တကယ် ပြောင်းလဲနေမှု၊ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့်ကျော်လွှားနိုင်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

**ယခုမြန်မာနိုင်ငံက လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် မြန်မာနိုင်ငံအစိုးရ၏အခန်းကဏ္ဍကို လုံးဝပြောင်းလဲစေခဲ့သည်။ ယနေ့ အစိုးရသည် ပြည်သူများအတွက် ကောင်းမွန်သောလူမှုရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဖော်ဆောင်ပေးသည့်နည်းတူ ပြင်ပပုဂ္ဂလိကကဏ္ဍ တိုးတက်ရှင်သန်ရေးကိုလည်း ဖန်တီးပေးရမည်ဖြစ်သည်။**

ယနေ့နေပြည်တော်ရှိ MICC ၌ ကျင်းပသည့် ဖိုရမ်၏ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ Development Partners/ Agency တို့မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ ဖြေကြားချက်များကို ကြားသိခွင့်ရခဲ့သည်။

**MR.BERTRAND BAINVEL (UNICEF ဌာနေကိုယ်စားလှယ်)**

ကျွန်တော်တို့ UNICEF အနေနဲ့ လျှပ်စစ်စွမ်းအားနဲ့ လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာလည်း ရင်းနှီးမြှုပ်နှံသွားဖို့ရှိပါတယ်။ ပြည်သူတစ်ရပ်လုံး ကျန်းမာရေးနဲ့ပတ်သက်ပြီး အသိပညာ ရရှိစေဖို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံသွားဖို့ရှိပါတယ်။ UNICEF က မြန်မာနိုင်ငံနဲ့ ပူးပေါင်းပြီး လူသားအကျိုးပြု လုပ်ငန်းတွေကို ဆောင်ရွက်လာတာ နှစ်ပေါင်း ၆၀ လောက်ရှိပါပြီ။ အဲဒီလုပ်ငန်းတွေအပြင် ပဋိပက္ခတွေ၊ အကြမ်းဖက်မှုတွေဖြစ်ပွားတဲ့ နေရာတွေမှာ ဘေးကင်းလုံခြုံရေးနဲ့ ကျန်းမာရေးလုပ်ငန်းတွေမှာ ငွေကြေးဘယ်လောက်သုံးစွဲ သွားမယ်ဆိုတာ ပွင့်လင်းမြင်သာအောင် ချပြသွားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတ အရင်းအမြစ် ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်တာကြောင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဲဒါတွေကို အသုံးချပြီး ပြောင်းလဲနိုင်ရပါမယ်။ ကျွန်တော်တို့ အခုလို လက်တွဲဆောင်ရွက်ခြင်းဖြင့် လူသားအကျိုးပြု လုပ်ငန်းတွေနဲ့ ပဋိပက္ခဖြစ်ပွားတဲ့ နေရာတွေမှာ ပြည်သူတွေကို ဘယ်လို အကောင်းဆုံး စနစ်တွေကိုသုံးပြီး ကာကွယ်ပေးသွားလဲဆိုတာ ပြသကြရမှာဖြစ်ပါတယ်။ ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးကိစ္စတွေမှာ စောင့်ရှောက်မှုတွေ ရရှိလာမှာဖြစ်ပါတယ်။ တိုးတက်လာတဲ့ လူဦးရေအရရော၊ ကမ္ဘာ့အလယ်မှာရော၊ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေးကာလမှာ အကျိုးရလဒ်ကောင်းတွေရလာအောင် ကျွန်တော်တို့ဟာ ပိုပြီးကြိုးစားရုန်းကန်ကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ရေရှည်စီမံကိန်းတွေ ရေးဆွဲပြီး ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် အများပြည်သူတွေကိုလည်း ချပြဖို့လိုပါတယ်။ အခုဆိုရင် မူလတန်းကလေးတွေကို အခမဲ့ပညာရေးကို ဖော်ဆောင်ပေးနေတာ အလွန်ကောင်းတဲ့အစီအစဉ် ဖြစ်ပါတယ်။ မြန်မာတစ်ပြည်လုံးက ကလေးတွေ ပါဝင်ရမှာဖြစ်ပါတယ်။ ကာကွယ်ဆေး ထိုးနှံပေးမှုကိုလည်း တစ်ပြည်လုံးအတိုင်းအတာနဲ့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**ဦးတင်ထွဋ်ဦး**

**ဥက္ကဋ္ဌ၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ**

ဒီဖိုရမ်မှာ Inclusive Development တွေရအောင် Development Partner တွေနဲ့ အစိုးရနဲ့ ဘယ်လိုပေါင်းလုပ်မလဲဆိုတဲ့ ဒုတိယအကြိမ် အစည်းအဝေးဖြစ်တဲ့အတွက် လက်တွေ့အကောင်အထည်ဖော်တဲ့အပိုင်း ဖြစ်ပါတယ်။ အခုအစည်းအဝေးမှာ ပထမအကြိမ်တုန်းက သဘောတူညီခဲ့တဲ့ သဘောတူညီချက်တွေ ဘယ်လောက်အထိ အကောင်အထည်ဖော်ခဲ့သလဲဆိုတာတွေကို ဆွေးနွေးမှာပါ။ Sector အလိုက် Sector Working Group တွေ အုပ်စုရှစ်စုဖွဲ့ပြီးတော့ ဘယ်လောက် Progress တွေရှိတယ်။ ဘာတွေဆက်လုပ်မယ်ဆိုတာတွေ ဆွေးနွေးမယ်။ ဆွေးနွေးပွဲတွေပြီးရင်တော့ အဖြေထွက်ပါမယ်။

ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွေလုပ်တဲ့အခါ စီမံကိန်းတွေ ဟန်ချက်ညီရန် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် International Development Partner တွေနဲ့ ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒါတွေကိုဆောင်ရွက်တာ ဖြစ်ပါတယ်။ ဖိုရမ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု National Plan တွေ အကုန်လုံးပါပါမယ်။ မြန်မာနိုင်ငံ ရည်ရွယ်နေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံကိုသွားမယ် ဆိုတာတွေ၊ နိုင်ငံတော်အစိုးရက ချမှတ်ထားတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ People centered development ဒါတွေကိုရောက်အောင် အစိုးရကလုပ်နေတဲ့အချိန်မှာ နိုင်ငံတကာအသိုင်းအဝိုင်းက ဘယ်လိုကူညီမလဲဆိုတာ ဒါကအဓိကပါ။ ဒီနေ့ဆိုရင် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ကိုယ်တိုင်တက်ရောက်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို သူတို့ဘက်ကလည်း အထူးအလေးပေးတယ်ဆိုတာ ဖော်ပြတာဖြစ်ပါတယ်။

ဖြစ်သင့်ဖြစ်ထိုက်တဲ့၊ လုပ်သင့်လုပ်ထိုက်တဲ့၊ အလွန်အရေးကြီးတဲ့ ဖိုရမ်ကြီးတစ်ခုဖြစ်ပါတယ်။ ဒါတွေကလည်း ဟန်ချက်ညီလုပ်နိုင်မှာပါ။ နိုင်ငံတော်အစိုးရကလုပ်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှုထဲမှာ ဝိုင်းဝန်းအထောက်အကူပြုမယ့်သူတွေဟာ ဟန်ချက်ညီညီနဲ့ လိုက်ပါလာနိုင်မှာဖြစ်ပါတယ်။

ယခုကဏ္ဍတွင် အစိုးရအဖွဲ့အစည်းများ၏ အမှန်တကယ် ပြောင်းလဲနေမှု၊ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ကျော်လွှားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ရေရှည်ငြိမ်းချမ်းရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်စေရန်အတွက် ဗဟိုမှထိန်းချုပ်မှုစနစ်ကို လျှော့ချနေပြီး အဆင့်ဆင့်သော အဖွဲ့အစည်းအားလုံးအတွက် စွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

**ဖြိုးစန္ဒာမြင့်**



**နေပြည်တော်ရှိ MICC ၌ ကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးကဏ္ဍ ဆွေးနွေးပွဲကျင်းပစဉ်။**

☼ ရှေ့ဖုံးမှ

ဘဏ္ဍာရေးနှစ်ကုန်တွင် ပြီးစီးရန် လျာထားခဲ့သော်လည်း နိုင်ငံတော်အတွက် တိုးတက်လာသော ဓာတ်အား လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယခု ဇန်နဝါရီလအတွင်းမှစ၍ တမံရေများ စတင်သိုလှောင်တော့မည် ဖြစ်၍ ရေဝပ်ဧရိယာအတွင်း ကျရောက်နေသော ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်းရှိ တောင်ခြေများမှ ကျေးရွာ ၂၃ ရွာအား မူလလျာထားချက်ထက်စော၍ရေလွှတ်ကင်းရာဖြစ်သည့် ပျဉ်းမနား-ပင်လောင်းကားလမ်းဘေး နေရာသို့ ပြောင်းရွှေ့ပေးထားပြီးပြီဟု သိရသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ရေဝပ်ဧရိယာအတွင်း ကျနေသောကြောင့် ပြောင်းရွှေ့ပေးခဲ့သော ကျေးရွာများမှာ ထိန်ပင်ကျေးရွာအုပ်စုမှ ထိန်ပင်၊ ရွာမ၊ လိန်းဂီ၊ ကျောင်းရွာ၊ ဥသျှစ်ကုန်း၊ ဆီဆီကုန်းလေး၊ ကုန်းချိုင်း၊ ဖိုကုန်း၊ လက်ပံတကဲ၊ နန်းစကဲ၊ ထန်းတပင်ကြပ်ကြီး၊ ဘန်းယဉ်လုံးကဲ၊ တသိုင်းမရွာနှင့် သပြေကုန်းကျေးရွာအုပ်စု သပြေကုန်း၊ သဘော်ကုန်း၊ လယ်ပြင်ကြီး၊ ရှမ်းကုန်း၊ ဟသ်ာကုန်း၊ ဈေးကုန်း၊ မဲလီ၊ ငွေးကုန်း၊ ရွာကြီး၊ ကံလှရွာတို့ဖြစ်သည်။

ထိုကျေးရွာများ ရေဝပ်ဧရိယာမှ ကင်းလွတ်အောင် ပြောင်းရွှေ့ပေးရာတွင် ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အတွင်းရေးမှူးအဖြစ် ဦးရဲနိုင်အောင် (အတွင်းရေးမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)နှင့်တွဲဖက်အတွင်းရေးမှူး(၁)ဦးသိန်းဌေး၊ ဒုတိယအင်ဂျင်နီယာချုပ် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းနှင့် တွဲဖက်အတွင်းရေးမှူး (၂) ဦးမြတ်ကျော်ကျော်၊ ညွှန်ကြားရေးမှူး၊ ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အဖွဲ့ဝင် ၁၆ ဦး ပေါင်း ၂၀ ပါဝင်သော ဦးစီးကော်မတီနှင့် ကျေးရွာများ ပြောင်းရွှေ့ရေးလုပ်ငန်း ကြီးကြပ်အဖွဲ့ကို လျှပ်စစ်ဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနမှ အဓိကတာဝန်ယူဆောင်ရွက်မည်ဖြစ်၍ ဝန်ကြီးဌာနအဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ရာ ၎င်းတို့မှာ ဒုတိယညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက အဖွဲ့ခေါင်းဆောင်အဖြစ်ဆောင်ရွက်ပြီး ဒုခေါင်းဆောင်အဖြစ် ညွှန်ကြားရေးမှူး စီမံခန့်ခွဲရေးဌာနခွဲ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူး၊ အမှတ်(၁) တည်ဆောက်ရေးနှင့် အဖွဲ့ဝင်များအဖြစ် ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ ညွှန်ကြားရေးမှူး၊ စူးစမ်းလေ့လာရေးဌာနခွဲ ညွှန်ကြားရေးမှူး စက်မှုယန္တရားဌာနခွဲ ဒုညွှန်ကြားရေးမှူး၊ အမှတ်(၁) တည်ဆောက်ရေး လက်ထောက်ညွှန်ကြားရေးမှူး (၁)၊ အမှတ်(၁) တည်ဆောက်ရေးတို့ပါဝင်သည်။

ထိုအဖွဲ့များသည် ကျေးရွာများပြောင်းရွှေ့ရေးအတွက် အကြိမ်ကြိမ် ကွင်းဆင်းသွားရောက် ညှိနှိုင်းပြီး ကျေးရွာ ၂၃ ရွာအတွက် နေရာသစ်တွင် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေး စသည်များနှင့်ဆိုင်သော အဆောက်အအုံများအား ကျေးရွာသစ်များတွင်မူလရှိရင်းထက် သာလွန်သောပုံစံဖြင့် အစားထိုးဆောက်လုပ်ပေးခြင်း၊ လူနေအိမ်များနှင့်ပတ်သက်၍ ကျေးရွာသူ ကျေးရွာသားများ၏ အစီအစဉ်ဖြင့် ပြန်လည်ဆောက်လုပ်နိုင်ရေး၊ အဆောက်အအုံအမျိုးအစား အရွယ်အစားအလိုက် ခန့်မှန်းတန်ဖိုးတွက်ချက်၍ ပြန်လည်ထောက်ပံ့ပေးခြင်း၊ လယ်ယာကိုင်းကျွန်းဥယျာဉ်ခြံမြေများနှင့် နှစ်ရှည်သီးနှံပင်များအတွက် ထိုက်သင့်သော တန်ဖိုးဖြင့် ထောက်ပံ့ခြင်း၊ ကျေးရွာဟောင်းမှ ကျေးရွာသစ်များသို့ ပြောင်းရွှေ့ရာတွင် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ ကျေးရွာသစ်များတွင် ရွာချင်းဆက်လမ်းများ၊ ရွာတွင်းလမ်းများ ဖောက်လုပ်ပေးခြင်း၊ ရေရရှိရေး ဆောင်ရွက်ပေးခြင်းနှင့် အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးရန် ဓာတ်တိုင်များ စိုက်ခြင်း၊ လိုင်းကြိုးများဆက်သွယ်ပေးခြင်းနှင့် အိမ်သုံးလျှပ်စစ်မီတာများ အခမဲ့တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားရန်လည်း စီစဉ်ထားသည်ဟု သိရသည်။

ထိုအစီအစဉ်အရ ပြောင်းရွှေ့ကြမည့် ရွာပေါင်း ၂၃ ရွာမှ အိမ်ထောင်စုပေါင်း ၂၅၂၄ စု၊ လူဦးရေ ၉၇၅၅ ဦးတို့အတွက် အဆောက်အအုံ (အိမ်) အတွက် ထောက်ပံ့ငွေကျပ် ၆၈၆၄၁၄၉၀၀၀၊ လယ်ယာကိုင်းကျွန်းဥယျာဉ်ခြံမြေအတွက် ထောက်ပံ့ငွေကျပ် ၃၇၁၄၁၆၇၅၀၀၊ နှစ်ရှည်သီးပင်စားပင်များအတွက် ထောက်ပံ့ကြေးငွေ ၅၂၉၁၃၀၀၀၀၊ အခြားထောက်ပံ့ငွေကျပ် ၂၅၉၉၄၂၅၀၀ စုစုပေါင်း ငွေကျပ် ၁၁၃၆၇၃၈၉၀၀၀ ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် အများနှင့်ဆိုင်သော အဆောက်အအုံများဖြစ်သည့် ဘာသာရေးနှင့် ပတ်သက်သော ဘုရားစေတီ ၂၁ ဆူ၊ ဇရပ်ဆောင် ၂၀၊ သိမ် လေးခု၊ ဓမ္မာရုံသုံးခု၊ အာရုံခံတန်ဆောင်းငါးခု၊ ဘုန်းတော်ကြီးကျောင်း ၁၈ ကျောင်း၊ တောရကျောင်းသုံးကျောင်း၊ သီလရှင်ကျောင်းတစ်ကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်း၊ စာသင်ကျောင်း ၁၉ ကျောင်း၊ ဆရာ ဆရာမများနေအိမ် ၂၁ လုံး၊ ဆေးပေးခန်းလေးခန်း၊ အုပ်ချုပ်ရေးမှူးရုံးသုံးရုံး၊ စာကြည့်တိုက် ၂၀ တို့ကိုလည်း တည်ဆောက်ပေးထားသည်။ ထို့အပြင် ပေ ၃၀အကျယ်ရှိ ကျေးရွာချင်းဆက် ပင်မလမ်း ၁၈ မိုင်၊ ကျေးရွာချင်းဆက်ပင်မလမ်းမှ ပေ ၃၀ အကျယ်ရှိ ရွာအဝင်လမ်းရှစ်မိုင်၊ ကျေးရွာတွင်းလမ်းများမှာ ထိန်ပင်ကျေးရွာအုပ်စုတွင် ၁၈ ပေအကျယ် ၁၈ ဒသမ ၉၈ မိုင်၊ သပြေကုန်းကျေးရွာအုပ်စုအတွက် ၁၆ ဒသမ ၅ မိုင် တို့ကိုလည်း လက်ရှိဖောက်ပေးထားပြီးဖြစ်သည်။

ကျေးရွာဟောင်းများတွင် လျှပ်စစ်မီးမရရှိခဲ့သော်လည်း ယခုပြောင်းရွှေ့ပေးသည့်နေရာမှ ကျေးရွာ ၂၃ ရွာကို မီးလင်းရေးအတွက် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းမှ ပေးမည်ဖြစ်၍ ၃၃ ကေဗွီဓာတ်အားမိုင် ၄၀၊ ၁၁ ကေဗွီဓာတ်အားလိုင်းမိုင် ၄၀၊ ၅ ကေဗွီဓာတ်အားခွဲရုံတစ်ရုံ၊ ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ ၁၅ လုံး၊ ကွန်ကရစ်တိုင်များတွင် ရှစ်မီတာအရှည် ၂၁၂၀ လုံး၊ ၉ မီတာအရှည် ၂၈၈၀ လုံး၊ ၁၀ မီတာအရှည် ၂၈၈၀ လုံးတို့အား တည်ဆောက်တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဟုသိရပြီး ယခုအခါ ဓာတ်တိုင်များ စိုက်ထူလျက်ရှိသည်။




**လူပျောက်ကြော်ငြာ**

ဖော်ပြပါဓာတ်ပုံရှင် မဆီသား(ခ) ဇင်သဲနု(ခ)ကောင်းကင်မေ အသက်(၁၅) နှစ်သည် ၂၈-၁၂-၂၀၁၃ ရက် နံနက်ပိုင်းတွင် နေအိမ်မှထွက်သွားရာ ယနေ့အချိန်အထိ ပြန်လည်မရောက်လာပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ အမေပြန်ရောက်နေပါသည်။ အမြန်ဆက်သွယ်ပါ။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၄၅၀၂၆၉၅၀၊ ၀၉-၇၃၁၀၆၁၃၅**

**ဥယျာဉ်မှူး**

ရာထူးဝင် ဝင်ခွင့်သင်တန်း

PGDMA (အလယ်တန်းပြ)

09-5114804, 420042800, 09-31848398 စံပြဈေး၊ သဃ်န်းကျွန်း

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်(၂)လမ်း၊ အမှတ် ၃၀၄၊ ပထမထပ်(ယာ)၊ အကျယ်အဝန်း(၂၃'×၄၈')တိုက်ခန်းကို လက်ဝယ်ပိုင်ဆိုင်သူ ဦးမောင်မောင်ဦး ၁၂/ဥကတ(နိုင်)၀၁၄၈၉၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်သိန်း(အောင်)**

**LL.B, D.I.L, D.A(Psy)**

**တရားလွှတ်တော်ရှေ့နေ(၇၈၅၀)**

**အမှတ် ၁၁/၁၃၊ ၄၅ လမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၅၁၈၅၁၃၂၊ ၀၁-၃၉၇၇၀၀**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇၊ မြေကွက်အမှတ် ၂၄၈၊ ဧရိယာပေ(၄၀×၆၀) စတုရန်းပေ ၂၄၀၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစအီးဒ် အဟ်မဒ်၁၂/မဂတ(နိုင်)၀၇၈၁၉၅ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**

**LL.B, DBL, DML,DIL,DLP,WIPO (Switzerland)**

**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**

**B.Sc, Hon(IC), HGP, R.L, D.B.L**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄**

ဆောင်းပါးနှင့် ကြော်ငြာ

# မိုးရွာတုန်းရေခံ

**အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)**

စာရေးသူသည် မြန်မာနိုင်ငံသူ နိုင်ငံသားများ ရေ၏တန်ဖိုးကိုသိရှိကြပြီး ရေကိုအလေးထားကြစေရန် ရည်သန်လျက် ရေနှင့်သက်ဆိုင်သည့် ဆောင်းပါးများကို ၂၀၁၁ ခုနှစ် ဇွန်လမှစတင်၍ ရေးသားခဲ့သည်။ ထို့ပြင် ပြည်သူလူထုအတွင်း ရေကိုအလေးထားမှုများ ပိုမိုကျယ်ပြန့်လာစေရေးအတွက် အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း "World Water Day" “ကမ္ဘာ့ရေနေ့” (မတ်လ ၂၂ ရက်နေ့)ကို ကျင်းပသင့်ကြောင်း တိုက်တွန်းနှိုးဆော်သည့် ဆောင်းပါးနှစ်စောင်ကို ရေးသားခဲ့သည်။

ယမန်နှစ်နွေရာသီက စာရေးသူတို့နိုင်ငံတွင် ဒေသအများအပြား၌ ရေရှားပါးပြတ်လပ်သည့် သတင်းများကို သတင်းစာများ၊ ဂျာနယ်များတွင် နေ့စဉ်နေ့တိုင်းလိုပင် ဖတ်ရှုခဲ့ရသည်။ အပူပိုင်းဒေသများ၌သာမက မိုးများသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ဒေသအချို့၌ပါ ရေရှားပါးပြတ်လပ်ခဲ့ပါသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့အပူချိန်သည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိသဖြင့် နောင်နှစ်များတွင်လည်း နွေရာသီ၌ အပူချိန်မြင့်တက်နေဦးမည် ဖြစ်ပါသည်။ ထို့ကြောင့် ယခုလာမည့် နွေရာသီနှင့် နောင်နှစ်နွေရာသီများတွင် ယမန်နှစ်ကကဲ့သို့ပင် ရေတွင်း ရေကန်များ ခန်းခြောက်ခြင်း၊ အဝီစိတွင်းများ ရေထွက်ရှိမှုနည်းခြင်း စသည်များကို ဆက်လက်ရင်ဆိုင်ကြရဦးမည် ဖြစ်ပါသည်။

ထို့ကြောင့် ဤပြဿနာကို ပြည်သူလူထုသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တတ်စွမ်းသမျှ ဖြေရှင်းနိုင်ရန် ယခုအချိန်မှစ၍ ကြိုတင်ကြိုးပမ်း ဆောင်ရွက်ထားရှိကြရန် လိုအပ်ပါသည်။ သို့မှသာ နောင်လာမည့် ၂၀၁၅ ခုနှစ် နွေရာသီတွင် ရေရှားပါးမှုအခက်အခဲကို အနည်းနှင့်အများ ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ ပထမဦးဆုံးအနေဖြင့် မိမိတို့ အိမ်ခေါင်မိုးပေါ်သို့ ကျရောက်မည့် မိုးပေါက်များကို တစ်စက်မကျန် ခံယူနိုင်ရန် စီစဉ်ရပါမည်။ အိမ်ဟုဆိုလျှင် အိမ်၌သာမက စပါးကျီ၊ နွားတင်းကုပ် စသည်များ၌ပါ မိုးရေခံယူရန် ဖြစ်ပါသည်။ ခေါင်မိုးတွင် ရေတံလျှောက်များ တပ်ဆင်ရာ၌ သံဖြူပြားဖြင့် မတတ်နိုင်ပါက ဝါးလုံးဖြင့်ပြုလုပ်ရန်ဖြစ်သည်။ ကျောင်း၊ ဆေးရုံ၊ ဓမ္မာရုံ စသည့် အဆောက်အအုံများတွင်လည်း မိုးရေခံယူရန် ဖြစ်ပါသည်။ ခံယူထားသည့် မိုးရေများကို စနစ်တကျသိုလှောင်ရန် လိုအပ်သောကြောင့် မြေအိုး၊ စဉ့်အိုး၊ အုတ်ကန်စသည်များဖြင့် အလေအလွင့်မရှိအောင် သိုလှောင်ထားရန်ဖြစ်ပြီး ရေငွေ့ပျံ၍ ဆုံးရှုံးမှုနည်းစေရန် နေရိပ်တွင်ထားရှိ၍ အဖုံးအုပ်ထားရန်ဖြစ်ပါသည်။

ထို့ပြင် မိမိတို့ဝင်းခြံထဲတွင် ကျရောက်သည့် မိုးရေများကိုပါ ရယူစုဆောင်းနိုင်ရန်အတွက် ကိုယ်ပိုင်ရေကန်ငယ်များ တူးဖော်ကြရန်ဖြစ်ပါသည်။ မိမိ၏မြေပေါ်သို့ ကျရောက်သမျှ မိုးရေများအားလုံး ယင်းကန်ထဲသို့ စီးဝင်စေရန် စီစဉ်ဆောင်ရွက်ထားရုံသာမက ရေကန်၌ရေစိမ့်ပြီး ဆုံးရှုံးမှုမရှိစေရန်အတွက် ရေကန်အောက်ခြေနှင့်နံရံများကို မိုးကာစဖြင့် ကာရံထားရပါမည်။ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အနက် ၅ ပေရှိသည့် ရေကန်တစ်ကန်ကို မိမိခြံတွင် တူးဖော်ထားပြီး မိုးရေလည်း ကန်အပြည့်ရရှိမည်ဆိုပါက ရေဂါလန် ၃၀၀၀ ကျော် (ဂါလန် ၅၀ ဝင် ပီပါ ၆၀ ကျော်) စုဆောင်းထားရှိပြီးဖြစ်ပါသည်။ ဤပမာဏသည် တစ်ရက်လျှင် တိုင်ကီတစ်ဝက်နှုန်းသုံးစွဲမည်ဆိုပါက လေးလခန့် သုံးစွဲနိုင်မည့်ပမာဏဖြစ်ပါသည်။ သောက်ရေအဖြစ် အသုံးမပြုနိုင်သော်လည်း ချိုးရေနှင့် မိမိမွေးမြူထားသည့် ကျွဲ၊ နွားစသည့် တိရစ္ဆာန်များအတွက် သောက်ရေရရှိနိုင်ပါသည်။ အနံ ၆ ပေရှိသည့် မိုးကာတစ်ကိုက်လျှင် အမျိုးအစားကိုလိုက်၍ကျပ် ၈၀၀ မှ ၁၆၀၀ ခန့်ရှိရာ ဖော်ပြပါ ရေကန်ကို ၁ ကိုက်လျှင် ၈၀၀ တန် မိုးကာစဖြင့် ခင်းမည်ဆိုပါက ၁၆၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပါသည်။ အကယ်၍ မိုးကာခင်းရန် မတတ်နိုင်ပါက ရေစိမ့်မှု သက်သာစေရန် ကျောက်ခဲများ၊ အုတ်ခဲများဖြင့် ရေကန်အောက်ခြေကို ခင်းရန်ဖြစ်ပါသည်။ ထို့ပြင် ရေကန်အတွင်းသို့ စီးဝင်မည့်ရေများ တတ်နိုင်သမျှ သန့်ရှင်းစေရန် မိမိ၏ခြံဝင်းအတွင်း၌ အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို ရှင်းလင်းထားပြီး အခြားမှရေဆိုးများ မိမိခြံဝင်းအတွင်းသို့ မစီးဆင်းစေရန်လည်း စီမံဆောင်ရွက်ထားရပါမည်။

အထက်ဖော်ပြပါ ဒေသ၌ရှိသော ပေ (၂၀×၃၀) ကျယ်သည့် အိမ်တစ်အိမ်၏ ခေါင်မိုးမှလည်း မိုးရေပမာဏ ၂၀×၃၀(၂၀/၁၂)=၁၀၀၀ ကုဗပေ စုဆောင်းနိုင်မည်။ အမှန်အားဖြင့် အိမ်ခေါင်မိုးနှင့်တံစက်မြိတ်သည် အိမ်နံရံ၏ အပြင်သို့ နှစ်ပေခန့်ထွက်နေသောကြောင့် ရေ ၂၄×၃၄×(၂၀/၁၂)= ၁၃၆၀ ကုဗပေ=၃၈ ဒသမ ၅ ကုဗမီတာ= ၈၄၇၀ ဂါလန်ခန့် ရရှိနိုင်သည်။ (၁ ကုဗမီတာ=၃၅ ဒသမ ၃ ကုဗပေ၊ ၁ ကုဗမီတာ=၂၂၀ ဂါလန်၊ ရေ ၁ ယူနစ်=၁ ကုဗမီတာ၊ ၁ ဂါလန်=၄ ဒသမ ၅ လီတာ) အလေအလွင့်များကြောင့် မိုးရေစက်အားလုံး၏ တစ်ဝက်(၅၀ ရာခိုင်နှုန်း)သာ ရရှိနိုင်မည်ဆိုပါက ရေပမာဏ ၄၂၃၅ ဂါလန်(ပီပါ ၈၄ လုံး သို့မဟုတ် ၁၉၀၅၇ လီတာ-၂၀ ဝင်ရေသန့်ဘူးကြီး ၉၅၂ ဘူးခန့်) ရရှိနိုင်မည်ဖြစ်ပါသည်။ ဤပမာဏသည် သောက်ရေနှင့် ချက်ပြုတ်ရန်အတွက် တစ်ရက်လျှင် ရေသန့်ဘူးကြီး နှစ်ဘူးခွဲကျော်(၂ ဒသမ ၆ဘူး)နှုန်းဖြင့် တစ်နှစ်တိတိ သုံးစွဲနိုင်မည့်ပမာဏဖြစ်ပါသည်။ (ရန်ကုန်မြို့လယ်ကောင်ရှိ တိုက်အပေါ်ဆုံးထပ်တွင်နေသော စာရေးသူနှင့် ရင်းနှီးသည့် အညာမှ မိတ်ဆွေတစ်ဦးသည် မိုးတွင်း၌ မိုးရေခံယူသည့် အလေ့အကျင့်ရှိသဖြင့် သောက်ရေအတွက် ရေသန့်ဘူးဝယ်၍ မသုံးရကြောင်း၊ ၎င်းခံယူထားသော မိုးရေက တစ်နှစ်စာ ဖူလုံကြောင်း သိရှိရပါသည်။) ထို့ပြင် စာသင်ကျောင်း၊ ဆေးရုံ၊ ဓမ္မာရုံစသည့် အဆောက်အအုံများတွင်လည်း ရေတံလျှောက်များ တပ်ဆင်နိုင်ရန်နှင့် ရေလှောင်ကန်များထားရှိနိုင်ရန်အတွက် စေတနာရှင်များ ပေါ်ပေါက်လာစေရန် စည်းရုံးလှုံ့ဆော်ကြရမည်ဖြစ်သည်။

ပေ (၈၀×၆၀) ကျယ်ဝန်းသော ခြံဝင်းတစ်ခုအတွင်း၌ ပေ (၂၀×၃၀) အိမ်တစ်လုံးရှိပါက မိုးရေစက်ကျနိုင်သည့် မြေပြင်ဧရိယာ စတုရန်းပေ ၄၀၀၀ ခန့် ၄၈၀၀-(၂၄×၃၄)=၃၉၈၄ ကျန်ရှိမည်ဖြစ်ပါသည်။ တစ်နှစ်လျှင် မိုးရေချိန်လက်မ ၂၀ ရွာသွန်းသည့်ဒေသ၌ ဖော်ပြပါ မြေပြင်သို့ ရွာကျသမျှ မိုးရေစက်အားလုံးကို စုဆောင်းနိုင်မည်ဆိုပါက မိုးရေပမာဏ ၄၀၀၀×(၂၀/၁၂)= ၆၆၆၆ ကုဗပေ=၁၈၈ ဒသမ ၈ ကုဗမီတာ=၄၁၅၃၆ ဂါလန် စုဆောင်းနိုင်ပါမည်။ သို့ရာတွင် မိုးရေစက်အားလုံးကို စုဆောင်းရယူရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် မိုးရေစက်အားလုံး၏ ၁၀ ရာခိုင်နှုန်း(ဆယ်ပုံတစ်ပုံ)သာ ရရှိနိုင်မည်ဆိုလျှင် စုစုပေါင်းရေပမာဏ ၄၁၅၃ ဂါလန်(ပီပါ ၈၃ လုံးခန့်)ရရှိနိုင်ပါမည်။

မိမိတို့ရပ်ရွာတွင် ရေကန်များရှိပါက ရေကန်ကို မိုးမကျမီ ပြန်လည်တူးဖော်ရန် မဖြစ်မနေစီစဉ်ကြရပါမည်။ တူးဖော်ပြီးသည့်အခါတွင်လည်း ရေစိမ့်မှုနည်းစေရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ အကြံဉာဏ်များ တောင်းခံပြီး စီစဉ်ဆောင်ရွက်ထားကြရန် ဖြစ်ပါသည်။ ထို့ပြင် ရေကန်မှ ရေများရေငွေ့ပျံ မှုနည်းစေရန်အတွက် ရေကန်ပေါင်ပတ်လည်တွင် အကြီးမြန် အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရပါမည်။ သစ်ပင်များသည် အရိပ်ရစေရုံသာမက ကန်ပေါင်ကိုလည်း ပိုမိုခိုင်ခံ့စေပါသည်။ သစ်ပင်များ မစိုက်ပျိုးမီနှင့် သစ်ပင်များ မကြီးထွားမီ ကန်ပေါင်ပြိုခြင်းကို တားဆီးနိုင်ရန်အတွက် ဆင်ငိုမြက်ကဲ့သို့သော မြက်ရိုင်းမျိုးများကို ဦးစွာစိုက်ပျိုးထားသင့်ပါသည်။ ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့သော ၁၀×၁၀×၅ အရွယ်အစားရှိသော ရေကန်ကို ကြိုတင်တူးဖော်ထားမည်ဆိုပါက မိုးရေစုဆောင်းရန် ဖူလုံနိုင်ပါသည်။

ထို့ပြင် ရပ်ရွာများမှ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များကလည်း ရေတွင်း၊ ရေကန်၊ အဝီစိတွင်း၊ ရေစက်၊ လောင်စာဆီ စသည့်ရေနှင့်ပတ်သက်သည့် အလှူများကို ဦးစားပေးပြီး ယခုထက်ပို၍ အင်တိုက်အားတိုက် လှူဒါန်းကြမည်ဆိုပါက ယခုလာမည့် နွေနှင့် နောင်လာမည့်နွေများတွင် ရေရှားပါးပြတ်လပ်မှုများလျော့နည်းလာမည်ဖြစ်ပါသည်။ **“ဥစ္စာရင်လို၊ ဥစ္စာရင်ခဲ”** ဆိုသည့်အတိုင်း မိမိတို့ရင်ဆိုင်နေရသည့် ပြဿနာကို မိမိတို့ကိုယ်တိုင်တတ်စွမ်းသမျှ ကြိုးစားဖြေရှင်းကြရမည် ဖြစ်ပါသည်။ ယခုဖော်ပြသော နည်းလမ်းသည် စာရေးသူတစ်ဦးတည်း တစ်ယောက်တည်း၏အကြံဉာဏ်သာ ဖြစ်ပါသည်။ ယခုထက်ပို၍ ကောင်းမွန်သည့် နည်းလမ်းများကိုလည်း ရှာကြံကြရပါမည်။ ထို့ကြောင့် ရေအခက်အခဲဖြစ်နေသော ပြည်သူများအား ယခုလာမည့် မိုးရာသီတွင် **“မိုးရွာတုန်းရေခံနိုင်အောင် ယခုအချိန်မှစ၍ ကြိုတင်ဆောင်ရွက်ထားကြပါ”**ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။






# သဘာဝအတိုင်းစိုက်ပျိုးသော ပဲစင်းငုံများထွက်ရှိ

**မြင်းခြံ ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်သည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာအနီးတွင်ရှိသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် နှစ်စဉ်မြစ်ရေဝင်အရပ်များ၌ စိုက်ပျိုးလုပ်ကိုင်သော ကျွန်းတောစိုက်တောင်သူများနှင့် မြစ်ရေမဝင်သောအရပ်များတွင် မိုးရေကိုသာအားကိုး၍ ကုန်းတော၌ စိုက်ပျိုးလုပ်ကိုင်သောတောင်သူများ၊ မြစ်ရေတင်နှင့် ဆည်ရေသောက်စိုက်ပျိုးသောတောင်သူများဟု တောင်သူသုံးမျိုးရှိသည်။

မြစ်ရေတင်နှင့် ဆည်ရေသောက်စိုက်ပျိုးသော လယ်ယာမြေများတွင် စပါးကို အဓိကထားစိုက်ပျိုး၍ အခြားသီးနှံများဖြစ်သော နှမ်း၊ ကြက်သွန်နီ၊ ကုလားပဲ၊ ငရုတ်တို့ကို တွဲဖက်စိုက်ပျိုးကြသည်။ မြစ်ရေဝင်အရပ်များရှိ လယ်ယာမြေများတွင် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာနှင့် ပဲတီစိမ်း၊ စွန်တာနီပဲ၊ ကုလားပဲ၊ ပဲကြီး၊ ပဲလွမ်း၊ ပဲပိစပ်၊ ဖူးစားပြောင်း၊ ဆေးရွက်ကြီးများကို စိုက်ပျိုးကြသည်။ မိုးကိုသာအားထား၍ စိုက်ပျိုးသော ကုန်းတောရှိ လယ်ယာမြေများတွင် မြေပဲ၊ နှမ်း၊ ဝါ၊ ဆန်ပြောင်း၊ ပဲစင်းငုံ၊ ဆေးရွက်ကြီးတို့ စိုက်ပျိုးကြသည်။

ယခုအချိန်တွင် ကုန်းတော၌ စိုက်ပျိုးသော လယ်ယာထွက်သီးနှံများ ထွက်ရှိသောရာသီဖြစ်သည်။ ကုန်းတော၌ စိုက်ပျိုးသောတောင်သူများသည် ဆီထွက်သီးနှံမြေပဲနှင့် နှမ်းတို့ကို အဓိကထား၍စိုက်ပျိုးကာ ကြားညှပ်သီးနှံအဖြစ် ပဲစင်းငုံကို အများဆုံးစိုက်ပျိုးကြသည်။ ပဲစင်းငုံကို ကြားညှပ်သီးနှံအဖြစ်စိုက်ပျိုးသော မြင်းခြံမြို့၏ မြောက်ဘက်ကျေးရွာများထဲက သစ်ယံကျေးရွာမှ တောင်သူ ဒေါ်ငွေးမက ပြောကြားရာတွင် ပဲစင်းငုံစိုက်ပျိုးခြင်းဖြင့် အရွက်ခြောက်ပဲမှော်များကို နွားစာအဖြစ် အသုံးပြုရခြင်း၊ ပင်စည်ကိုင်းများကို ထင်းအဖြစ်အသုံးပြုရခြင်းတို့ကြောင့် စိုက်ပျိုးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပဲစင်းငုံစိုက်ပျိုးပုံကို မေးမြန်းကြည့်ရာ မိမိတို့ဒေသသည် မိုးကိုသာအားကိုး၍ စိုက်ပျိုးရသဖြင့် မိုးမကျမီ သဘာဝမြေသြဇာဖြစ်သော နွားချေးများကို အနည်းဆုံးလှည်းအစီး ၁၀၀ တိုက်ခန့်ကို အဓိကအသုံးပြု၍ စိုက်ပျိုးကြောင်း ပဲစင်းငုံတစ်မျိုးတည်း စိုက်ပျိုးလျှင် နောက်နှစ်များ၌ မြေပဲ၊ နှမ်းတို့ စိုက်ပျိုးသည့်အခါ အရွက်များခြောက်သွေ့ကာ မြေဆီသြဇာခြောက်သည့် လက္ခဏာများရှိသဖြင့် မြေပဲနှင့် နှမ်းများအကြား တန်းကြားရှစ်တန်းလျှင် တစ်တန်း ကြားညှပ်စိုက်ပျိုးရကြောင်း ပြောကြားသည်။

မြေပဲ၊ နှမ်းနှင့် ကြားညှပ်သီးနှံ ပဲစင်းငုံတို့ကို လူအားဖြင့်သာ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ လုပ်ဆောင်နေကြောင်း၊ **(အပေါ်ပုံ)** ယခုနှစ် အထွက်နှုန်းအနည်းငယ်လျော့ကြောင်းနှင့် မိမိတို့သီးနှံများသည် မည်သည့်ပိုးသတ်ဆေး၊ အခြားမည်သည့်ဓာတုဗေဒဆေးမှ မသုံးစွဲကြောင်း ရှင်းပြသည်။ ယခုနှစ် ပဲစင်းငုံဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၉၅၀ သာရှိသဖြင့် ဈေးမကောင်းသေးကြောင်းနှင့် ကျပ် ၁၀၀၀ကျော်မှသာလျှင် ပဲစင်းငုံစိုက်တောင်သူများ အကျိုးကျေးဇူးခံစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၁-၂၀၁၄

**ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | |
|---|---|
| ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား | ၆၆၃၀၀၀ |
| ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား | ၆၂၄၀၀၀ |

**(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)**

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၈၅-၉၉၅ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၃၉ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၀ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀.၃-၃၀.၇၂ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၂-၁၅.၇ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၃-၁၆၄ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၅-၃၃၅ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၁၀၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၆၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၇၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၈၀၀-၃၀၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၂၀၀-၅၇၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၅၅၀၀-၆၅၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၉၅၀၀-၁၇၅၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၃၀၀-၁၂၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၄၀၀၀-၈၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| ၁။ မိုးဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၅၈၀၀ |
| ၂။ ပေါ်ကွဲ(အသစ်) | တစ်အိတ် | ၁၆၀၀၀ |
| ၃။ ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၂၀၀၀-၂၆၀၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၁၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၄၉၀ |
| ၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၅၀-၆၂၅ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၅၀-၂၀၀၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၀၇၀-၁၀၉၀ |
| ၉။ အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၂၅၀-၇၅၀ |
| ၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး) | တစ်ပိဿာ | ၂၆၀၀-၂၇၅၀ |
| ၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၅၀၀-၄၇၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၈၈၀-၉၁၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**

# ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

**တပ်ကုန်း ဇန်နဝါရီ ၂၇**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်အထိ တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်အတွင်းရှိ မြို့နယ်အောင်ဆန်းခန်းမရင်ပြင်ရှေ့၌ ကွင်းဖောက်ကာကျင်းပမည်ဖြစ်သည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲကို ရပ်ကွက်၊ ကျေးရွာများမှ လူသစ်တန်းနှင့် အလွတ်တန်း မည်သူမဆို ပြိုင်ပွဲဝင်လူဦးရေအမည်နှင့် အသင်းဝင်ကြေးငွေကျပ် ၅၀၀၀ ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်၍ ပြိုင်ပွဲအသင်းဝင်ကြေးကို ဦးရဲမင်း (ရွှေနှင်းဆီကဖေး)၊ ဦးအောင်ချိုမြင့် (ရန်ကြီးအောင်အလှကုန်) တို့တွင် အသင်းဝင်ကြေး ပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်စိုးလွင်**

## မြို့နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့ လေလံကြော်ငြာ

၁။ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၄ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၅ခုနှစ် မတ် ၃၁ရက်အထိ တစ်နှစ်တာကာလအပိုင်းအခြားအတွက် အရပ်ရပ်အခွင့်အရေး လိုင်စင် ၂၆ခုအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

**လေလံရောင်းချမည့်အစီအစဉ်**

(က) **နေ့ရက်** - ၄-၂-၂၀၁၄ရက်(အင်္ဂါနေ့)
(ခ) **အချိန်** - နံနက် ၁၀:၀၀ နာရီ
(ဂ) **နေရာ** - မြို့တော်ခန်းမ၊ တောင်ကြီးမြို့

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မည်သူမဆို ဈေးပြိုင်စနစ်ဖြင့် အရပ်ရပ်အခွင့်အရေး လိုင်စင်များအား ဆွဲဝယ်လိုသူများသည် လေလံလျှောက်လွှာများနှင့် စည်းကမ်းချက်များအား ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှစတင်ဝယ်ယူနိုင်ပြီး လျှောက်လွှာများအား ပြည့်စုံစွာဖြည့်စွက်၍ ပူးတွဲပါစာရွက်စာတမ်းများနှင့်အတူ ၃-၂-၂၀၁၄ရက် မွန်းလွဲ၃း၀၀နာရီနောက်ဆုံးထား၍ ပူးတွဲတင်ပြရပါမည်။

၃။ နောက်ကျတင်သွင်းသောလျှောက်လွှာနှင့် ပြည့်စုံမှုမရှိသောလျှောက်လွှာများအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ဈေးပြိုင်စနစ်ဖြင့်လေလံရောင်းချမည့်စာရင်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသောအချက်အလက်များ၊ မရှင်းလင်းသော အချက်အလက်များရှိပါက ရုံးချိန်အတွင်း တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနသို့ လာရောက်မေးမြန်းနိုင်သည့်အပြင် ဌာန၏တယ်လီဖုန်းအမှတ် ၀၈၁- ၂၁၂၂၁၂၀၊ ၂၁၂၃၈၂၄၊ ၂၁၂၂၇၄၁တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့**

## အဘိဓဇဂုဏ်ထူးပူဇာနှင့် မွေးနေ့မင်္ဂလာကျင်းပမည်

တောတိုက်ဓမ္မရိပ်သာဆရာတော်ကြီးသည် ပရိယတ်၊ ပဋိပတ်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဝိနည်းဓိုရ်၊ တောင်တန်းသာသနာပြုနိုင်ငံတော် သြဝါဒါစရိယ တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေး ဥက္ကဋ္ဌစသော သာသနာပြုလုပ်ငန်းများကို (၃၈)နှစ်တိုင်တိုင် အားသွန်ခွန်စိုက် စွမ်းစွမ်းတမံဆောင်ရွက်တော်မူသည့်အတွက်ကြောင့် နိုင်ငံတော်မှ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကြီးကို ထိုက်ထိုက်တန်တန်လျှုဒါန်းပူဇော်သဖြင့် တပည့်သံဃာ၊ သီလရှင်ယောဂီအပေါင်းတို့မှ နှစ်ထောင်းအားရပီတိသောမနဿဖြစ်ကြပြီး ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်လိုသောဆန္ဒများစွာရှိနေကြ၍ နှစ်စဉ်ကျင်းပနေကျ ဆရာတော်ကြီး၏ သက်တော်(၈၂)နှစ်ပြည့် မွေးနေ့မင်္ဂလာကို ၂၇-၃-၂၀၁၄ ရက် (ကြာသပတေးနေ့)တွင် ထပ်ဆင့်ပူဇော်နိုင်ရန် ကျောင်းတိုက်သို့ လာရောက်လှူဒါန်းပူဇော်နိုင်ပါသည်။

**တပည့်များ**

**တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်**

**တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဖုန်း-၀၁-၆၃၇၂၈၁၊ ၀၉-၈၆၃၀၃၁၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၇)၊ မြေကွက်အမှတ် ၂၂၉၊ သမိန်ဗရမ်းလမ်း၊ ပေ(၄၀×၆၀) နှစ် ၆၀ ဂရန်မြေကွက်၊ မြေအမည်ပေါက် ဒေါ်နော်ဂေါ်ဖော ဟုခေါ်တွင်သောမြေကွက်နှင့် မြေပေါ်ပါလျှပ်စစ်မီတာ၊ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၄င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူသွင်**
**အမှတ် ၁၂၆၇၊ ပင်လုံလမ်း၊**
**(၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၅၀၅၉၄၄၅**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၃၄၉(က)၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧကရှိသော နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်နန်းစံဖူး ၁၃/လလန(နိုင်)၀၀၀၅၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
**B.A, H.G.P, C.B.L, D.B.L, D.M.L ဥပဒေအကျိုးဆောင်**
**အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

## အသိပေးကြေညာချက်

KOREA နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် MV. SN QUEEN သင်္ဘောသည် ၃၀-၁-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

- ၂၅၆၉၁၉၊ ၂၅၆၉၁၆၊ ၂၅၆၉၂၁၊ ၂၅၆၉၀၃၊ ၂၅၆၉၁၃

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးဖို့က အလွန်အရေးကြီး

နေပြည်တော် ဇန်နဝါရီ ၂၇

**မြန်မာနိုင်ငံတွင် စီးပွားရေးတံခါးဖွင့်လာမှုနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများ ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းလာမှုနှင့်အတူ နိုင်ငံတကာနှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၌ တာဆူလာကြသည်။ မြန်မာနိုင်ငံတွင် တန်ဖိုးမြင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံလာအောင်ဆွဲဆောင်နိုင်ရန် ပညာရေးနှင့် လုပ်ငန်းနယ်ပယ်ကျွမ်းကျင်မှုများတွင် အဆင့်မြှင့်တင်ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ခြင်းသည် မြန်မာ့စီးပွားရေးအောင်မြင်မှုအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုပင်ဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်လည်း ဖြစ်သည်။**

ယနေ့ နေပြည်တော်ရှိ MICC ၌ ပြုလုပ်သည့်ဖိုရမ်၏ မြန်မာ့လူသားရင်းမြစ် စွမ်းရည်တိုးတက်ကောင်းမွန်ရေး ကဏ္ဍဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ Development Partners/Agency တို့မှ တာဝန်ရှိသူများက အခြေခံပညာရေးနှင့်နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာရေးတို့အကြား ကွာဟချက်တို့ကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကလည်း ၎င်းတို့၏အမြင်များကို ပြောပြခဲ့ကြသည်။

**ဒေါ်သိန်းသိန်းဌေး**

**(Deputy Minister,Ministry of Health)**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးအောင် ဘယ်လိုလုပ်မလဲဆိုတာကို ဆွေးနွေးကြတာပါ။ ခေါင်းစဉ်က အရေးကြီးသလို စိတ်ဝင်စားဖို့လည်းကောင်းပါတယ်။

ဆွေးနွေးပွဲမှာ အများကြီးဆွေးနွေးကြတာ တော်တော်လေးအကျိုးရှိပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးဖို့အတွက်ဆိုရင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးဖို့က အလွန်အရေးကြီးပါတယ်။ အဓိက ဆွေးနွေးဖြစ်တာကတော့ session ရဲ့ focus လုပ်ခိုင်းတဲ့ပညာရေးမှာ တကယ်ကောင်းအောင်လို့ ခုလုပ်နေတဲ့ reform strategy တွေ၊ တကယ်ကျွမ်းကျင်ပြီး knowledge ရော skill ပါ တကယ်တတ်ပြီး ကျောင်းကထွက်လိုက်ရင် လုပ်ငန်းခွင်မှာ ဘယ်လိုထိထိရောက်ရောက် အသုံးပြုပေးနိုင်မလဲဆိုတဲ့ တကယ့်လူ့စွမ်းအားတွေရအောင် အဲဒီစနစ်ကြီးကို ဘယ်လိုပြုပြင်ပြောင်းလဲကြမလဲ။ ပြီးတော့ ရိုးရိုးကျောင်းပညာရေးစနစ်မှာ ရိုးရိုးကျောင်းပညာ general education မဟုတ်ဘဲ technical/vocational education ရောပါ ပါအောင်ကျောင်းကဘွဲ့လည်းရရမယ်၊ ဘာသာရပ်ဆိုင်ရာမှာကျွမ်းကျင်ရမယ်။ လုပ်ငန်းထဲရောက်တော့လည်း ကျွမ်းကျင်တာတွေကို အသုံးချရမယ်။ အဲဒီလို တကယ်ကို အဓိပ္ပာယ်ရှိပြီး တန်ဖိုးရှိတဲ့ ပညာရေးစနစ်ကြီးဖြစ်အောင်လို့ အားလုံးဘက်ပေါင်းစုံကနေ ဝိုင်းပြီးတော့ ဆွေးနွေးကြတာပါ။ ကျန်တဲ့လုပ်ငန်းပိုင်းဆိုင်ရာ ဌာနတွေကတော့ ဘာသာရပ်ဆိုင်ရာကျောင်းမှ တက္ကသိုလ်ကနေထွက်လာတဲ့သူတွေကို ဘယ်လိုအကောင်းဆုံး သူတို့ကိုအသုံးချပြီးတော့ မြန်မာနိုင်ငံကြီးကိုတိုးတက်ဖို့ အသုံးပြုရအောင် လုပ်မလဲဆိုတာတွေပေ့ါ။

အခုက ခြေဆင်းလောက်ပဲလုပ်တာပါ။ မနက်ဖြန်မှ အဲဒီကကောက်နုတ်ချက်တွေ recommendation တွေထွက်မယ်။ ပြီးရင်အသေးစိတ်ကိုတော့ ဌာနဆိုင်ရာအသီးသီးက သူနဲ့ဆိုင်ရာဆိုင်ရာ partner တွေနဲ့ တွေ့ကြပြီး မနှစ်ကလို အတွေ့အကြုံတွေဖလှယ်ကြမယ်၊ ဆွေးနွေးကြမယ်။ မနှစ်က ဒီလိုအသေးစိတ် ဆွေးနွေးဆောင်ရွက်ပြီးတာတွေ ဘယ်လောက်တိုးတက်နေပြီး ဘာတွေဆောင်ရွက်ပြီးပြီဆိုတာတွေကို ဒီနှစ်ပြန်လာတွေ့ပြီး ဆွေးနွေးကြတာပါ။

**ဦးတင်မောင်သန်း (Member,Myanmar Development Resource Institute)**

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပတ်သက်ပြီး ဆွေးနွေးကြတာပါ။ တော်တော်များများက စွမ်းဆောင်ရည်မြှင့်တင်ရေးကို အဓိကထားပြီး ဆွေးနွေးသွားကြပါတယ်။ လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ကြတဲ့အခါမှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုဆိုတာ လွတ်လပ်ခွင့်တွေနဲ့လည်း သက်ဆိုင်နေတယ်။ အဲဒီကနေ အဖွဲ့အစည်း ဖွဲ့ပိုင်ခွင့်တွေနဲ့လည်း ဆက်စပ်နေတယ်။ အဲဒီအခါမှာ အဖွဲ့အစည်းတွေဖြစ်လာတဲ့အခါ သူတို့ကို နိုင်ငံတစ်နိုင်ငံရဲ့မူဝါဒတွေကို အကဲဖြတ်ကြတဲ့အခါမှာ ဖွဲ့စည်းလိုက်တဲ့ အဖွဲ့အစည်းကို လေးစားသမှုရှိ/မရှိ၊ အဲဒီအချက်တွေနဲ့ တိုင်းတာအကဲဖြတ်တာတွေ့ရတယ်၊ "ကျွန်တော်ဆွေးနွေးတာက အဲဒီအပိုင်းပါ။ အရည်အသွေးမြင့်အလုပ်လုပ်တဲ့သူတွေ ပေါ်ပေါက်လာဖို့ဆိုရင် ပညာရေးစနစ်အရည်အသွေးမြင့်ဖို့လိုတယ်။ ပညာရေးစနစ် အရည်အသွေးမြင့်ဖို့ဆိုရင် ဝန်ထမ်းတွေရဲ့ အရည်အသွေးမြင့်လာဖို့လိုတယ်။ အဲဒီလို ပြုပြင်ပြောင်းလဲရေးတစ်ခုလုံးဖြစ်ဖို့ဆိုတာ အရင်လုပ်ပုံကိုင်ပုံတွေကို ခွာဖို့၊ အဲဒီအခါမှာ အဖွဲ့အစည်းတစ်ခုလုံးကို ပြုပြင်ပြောင်းလဲရေး အဲဒါနဲ့ ဘယ်လိုဆက်နွှယ်နေသလဲဆိုတာကို ကျွန်တော်ဆွေးနွေးခဲ့တာပါ။ အသက်မွေးဝမ်းကျောင်းပညာရေးနဲ့ပတ်သက်ပြီး ဒေါ်ရင်ရင်နွယ်ဆွေးနွေးသွားတာက တကယ်တမ်းပညာရေးအဆင့်ဆိုတာ ဥပမာ- အင်ဂျင်နီယာဆိုတာထက် ဂျီတီအိုင်ဆိုတာတွေများရမယ်၊ Vocational တွေက ပိုများရမယ်၊ ခုအဲဒီလိုမဟုတ်ဘဲ University ဆိုတာတွေက များနေတယ်။ အဲဒါကိုပြောတာပါ။

ကလေးများ အခြေခံပညာရေးမကောင်းပါက ၎င်းတို့ကြီးပြင်းလာသောအခါ အလုပ်အကိုင်ရရှိမှုအခက်အခဲဖြစ်လာနိုင်သည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးသည့်လူတန်းစားများအနေဖြင့် ကောင်းမွန်သောအနာဂတ်ကို မျှော်မှန်းနိုင်မည်မဟုတ်သည့်အတွက် ယခုကဲ့သို့ ပညာရေးကဏ္ဍ ဆန်းစစ်မှုလုပ်ဆောင်ခြင်းကို အဓိကထားဆွေးနွေးရခြင်း ဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး**



နေပြည်တော်ရှိ MICC ၌ ကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် မြန်မာ့လူသားရင်းမြစ် စွမ်းရည်တိုးတက်ကောင်းမွန်ရေးကဏ္ဍ ဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

**စာမျက်နှာ ၇ မှ**

တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကြည့်ရင် တိုက်ခိုက်မှုဆိုတာမရှိတော့သလောက်ဖြစ်ပါတယ်။ အလွန်အင်မတန် တိုးတက်ပြောင်းလဲမှုရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် လမ်းကြောင်းပေါ်မှာ ရောက်နေပြီလို့ ပြောလို့ရတဲ့အတွက် ၂၀၁၃ ခုနှစ်ရဲ့ အပြောင်းအလဲတွေ အားလုံးထဲမှာ တိုင်းပြည်တည်ငြိမ်ဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အအောင်မြင်ဆုံးအရာကို ပြောပါဆိုရင် "အပစ်အခတ်ရပ်စဲဖို့ လမ်းကြောင်းပေါ်ကို အားလုံးရောက်လာပြီး သိုက်သိုက်ဝန်းဝန်းနဲ့ လုပ်ဆောင်သွားဖို့ သဘောတူညီတဲ့အချက်"ဟာ အအောင်မြင်ဆုံးအချက်လို့ ပြောလို့ရပါတယ်။

ငြိမ်းချမ်းရေး လုပ်ငန်းတွေ လုပ်ဆောင်ရာမှာ အရေးကြီးဆုံး အချက်တစ်ချက်က ဘာလဲဆိုတော့ ယုံကြည်မှု တည်ဆောက်ဖို့အတွက် Stakeholder အားလုံးက လုပ်သွားဖို့ပဲဖြစ်ပါတယ်။ အရင်ကထက်စာရင် ပိုကောင်းလာပါတယ်။ တကယ့်ကို သိသာထင်ရှားတဲ့တိုးတက်မှုတွေရှိပါတယ်။ အခုလက်ရှိ ရှိနေတဲ့တိုးတက်မှုထက် ပိုမိုယုံကြည်မှုရှိဖို့လိုပါတယ်။

ညနေပိုင်းတွင် အဖွဲ့ရှစ်ဖွဲ့ခွဲ ဆွေးနွေးခဲ့ကြပြီး ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြည်သူများ၏ လိုအပ်ချက်ကို ဖော်ဆောင်ရာတွင် အစိုးရအဖွဲ့၊ လွှတ်တော်များ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှု၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့်သာ ထိရောက်သည့်အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အလှူရှင်နိုင်ငံများနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပေါင်းစည်းညှိနှိုင်းမှုဖြင့် တိုးတက်မှုအရှိန်မြှင့်တင်ရေးနှင့် ထိရောက်သည့် ဖွံ့ဖြိုးမှုအကူအညီများ ဖြစ်စေရေးအတွက် ရည်ရွယ်၍ ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဖိုရမ်ဒုတိယနေ့ကို ဇန်နဝါရီ ၂၈ ရက်တွင် ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**မြတ်သန္တာမောင်**


## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဉ္ဇူလမ်းသွယ်(၂)၊ အမှတ် ၂ (ဘီ/၂)နေ
ဗိုလ်မှူးချုပ်ဝင်းမြင့်(ငြိမ်း)- ဒေါ်မြမြအေး တို့၏သား

**ဗိုလ်ကြီးစစ်နိုင်ထွန်း**

**M.B.,B.S(DSMA), M.Med.Sc(Rehabilitation Medicine)**

နှင့်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာနေ
(ဦးထင်အောင်)- ဒေါ်သဇင်မြင့် တို့၏သမီး

**မဇင်မို့မို့အောင်**

**B.A(English)**

တို့၏ ၂၆-၁-၂၀၁၄ ရက်တွင် ရန်ကုန်မြို့ Sedona Hotel(Grand Ball Room) ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော တေးသံရှင်ဟေမာနေဝင်း၊ ဥက္ကာဦးသာနှင့် Plus Tree မင်္ဂလာတေးဂီတအဖွဲ့တေးသံရှင်များ၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မမြတ်ပွင့်ဖြူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဇန်းကိုင်ဆောင်ပေးပါသော မဆုဝေလှိုင်၊ သတို့သားအရံများအဖြစ်ကူညီပေးပါသော ဗိုလ်ကြီးမျိုးမင်းသန့်၊ ဗိုလ်ကြီးညီညီစိုး၊ သတို့သမီးအရံများအဖြစ်ကူညီပေးပါသော မမြတ်ငြိမ်းအေး၊ မနန္ဒာအောင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံအားဖန်တီးပေးပါသော ဒီဇိုင်နာ မင်းသက်စံ (Sweet & Smart)၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော မိတ်ကပ်လင်းလင်း၊ သတို့သမီးအရံဝတ်စုံများဖန်တီးပေးပါသော အန်တီ ဒေါ်အေးအေးသန်း (အေးသူဇာ)၊ ပန်းအလှပြင်ဆင်ပေးပါသော အန်တီမိုး၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော 7Picture Photo Studio အားလည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon Printing and Invitation Cards၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ အကျွေးအမွေးများ စီစဉ်ဆောင်ရွက်ပေးပါသော Sedona Hotel မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**ဗိုလ်ကြီးစစ်နိုင်ထွန်း-မဇင်မို့မို့အောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၅၄ အား ဗိုလ်မှူးသန်းဆွေ(ငြိမ်း)အား ရန်ကုန်တိုင်းဒေသကြီးစစ်ဌာနချုပ်အစီအစဉ်ဖြင့် မြေကွက်ချထားပေးပြီးဖြစ်ပါ၍ မြေချပါမစ်ပြုလုပ်ပေးပါရန်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ရန်မရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**






## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၄၆)ရပ်ကွက်၊ အကွက်အမှတ် ၁၅၆၈ ပါမစ်မြေ ဦးမြင့်ရွှေ ၁၂/သကတ(နိုင်)၀၉၂၆၉၂ အမည်ပေါက်မြေအား ဇနီး ဒေါ်သန်းရင်မှ ရောင်းချထားရာ လက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်ဝင်း ၁၂/ဥကမ(နိုင်)၀၇၆၂၄၇မှ ရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟုဆိုရာ ကျွန်တော်မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စာရွက်စာတမ်းအစုံအလင်ဖြင့် လေးရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဦးထိပ်တင်ဝင်း**

**ဖုန်း-၀၉-၅၁၉၂၂၉၇၊ ၀၉-၃၁၄၀၃၉၀၀**

ကြော်ငြာ


KBZ BANK

## ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၈)ဘဏ်မြောက်

## ကျောက်ဖြူဘဏ်ခွဲ ကို

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် တွင်

၂၈.၁.၂၀၁၄ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

ဆက်သွယ်ရန်လိပ်စာ

**ကျောက်ဖြူဘဏ်ခွဲ**

အမှတ်(ဈ/ည–၆၅)၊ ဈေးလမ်း၊ အလယ်ပိုင်းရပ်ကွက်၊

ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ်။

ဖုန်း – (၀၄၃) ၄၆၆၃၈/၃၉/၄၀

ဖက်စ် – (၀၄၃) ၄၆၆၄၂/၄၃/၄၄

www.kbzbank.com

ဌာနဆိုင်ရာကြေညာချက်နှင့် နယ်သတင်း



# စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**လားရှိုး ဇန်နဝါရီ ၂၇**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုး နောင်ချိုလှုပ်ရှားမှု ဒုရဲမှူးတင်အေးဦးစီးအဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် မွန်းတည့် ၁၂ နာရီက နောင်ချိုမြို့ အဝင် အေးရှားဝေါလ်ဂိတ်အနီးတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် လားရှိုးဘက်မှ မန္တလေးဘက်သို့ ရန်နိုင်အောင် မောင်းနှင်လာသော Shaying တံဆိပ်ပါ 125 ဆိုင်ကယ်ကို သက်သေများနှင့်အတူ ရပ်တန့်ရှာဖွေရာ ၄င်းဝတ်ဆင်ထားသည့် ec.k.o တံဆိပ်ပါ ရှူးဖိနပ်ဝဲဘက်အတွင်းမှ အပြာရောင်ပလတ်စတစ် ကပ်ခွာအိတ်ဖြင့်ထည့်လျက် 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ အလေးချိန် ၁၈ ဂရမ်ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ရန်နိုင်အောင်၏ ဖော်ထုတ်ချက်အရ ၄င်းနှင့်အတူ Wangbo - 125 အနက်ရောင် ဆိုင်ကယ်စီးနင်း၍ Sonic တံဆိပ်ပါ အစိမ်းရောင် ဆိုင်ကယ်ဦးထုပ် ဆောင်းထားသူ ဇော်မင်းလင်း (ခ) မိုးညိုက ငွေကျပ် ၄၀၀၀၀ ပေး၍ သယ်ဆောင် ခိုင်းကြောင်းနှင့် နောင်ချိုမြို့အထွက်တွင် စောင့်ဆိုင်းနေမည် ဖြစ်ကြောင်း ပေါ်ပေါက်ချက်အရ သွားရောက်ဖမ်းဆီးရာ ဇော်မင်းလင်းကို နောင်ချိုမြို့အထွက် ဆိုင်းဘုတ်အနီးတွင် ဖမ်းဆီးရမိခဲ့သည်။ **ဟန်ငွေး(iprd)**

# နေရောင်ခြည်က သွေးဖိအားကို လျော့ကျစေနိုင်



မိနစ် ၂၀ လောက် နေပူစာလှုံခြင်းသည် သွေးဖိအားကိုလျော့ကျစေကြောင်း ဥရောပမှ လေ့လာမှုတစ်ခုအရ သိရသည်။

စင်စစ် အီဒင်ဘာ့ဂ်တက္ကသိုလ်နှင့် ဆောက်သမ်တန်တက္ကသိုလ်တို့မှ သုတေသနပညာရှင်များ၏ လေ့လာမှုတွင် ကမ္ဘာ့မြောက်ပိုင်းရှိ ပြည်သူများသည် နေရောင်ခြည်ရရှိမှု နည်းပါးသည့်အတွက် နှလုံးရောဂါဖြင့် သေဆုံးမှုမြင့်တက်နေကြောင်း နေရောင်ခြည်၏ သက်ရောက်မှုကို အခိုင်အမာပြဆိုထားသည်။

သွေးလည်ပတ်မှုနှင့် ဆက်နွယ်နေသော ဓာတုပစ္စည်းတစ်မျိုးဖြစ်သည့် နိုက်ထရစ်အောက်ဆိုက် တိုးပွားစေခြင်းအားဖြင့် နေရောင်ခြည်သည် သွေးဖိအားကို လျော့ကျစေကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။

လူများသည် နေရောင်ခြည်ကြောင့် အရေပြားကင်ဆာဖြစ်ပွားမည်ကို စိုးရိမ်သည့်အတွက် နေရောင်ခြည်ကို ရှောင်ရှားခြင်း သို့မဟုတ် နေရောင်ခြည်ခံလိမ်းဆေးများ လိမ်းခြင်းတို့ကြောင့် နှလုံးရောဂါဖြင့် သေဆုံးမှုများ ဖြစ်ပွားစေနိုင်ကြောင်း သုတေသနပညာရှင်များက ဆိုသည်။

နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ခြင်းများကြောင့် သေဆုံးမှုမြင့်တက်နေခြင်းနှင့်စာလျှင် အရေပြားကင်ဆာဖြစ်ပွားမှုနှုန်း နည်းပါးစေရေးအတွက် ပြည့်စုံသောအကြံဉာဏ်များပေးလိုပြီး နှလုံးသွေးကြောရောဂါကြောင့် သေဆုံးမှုနှင့် အခြားဖြစ်ပွားမှုများကို နေရောင်ခြည် ထိတွေ့မှုဖြင့် လျှော့ချနိုင်ကြောင်း အရေပြားရောဂါဆိုင်ရာ လေ့လာမှုဂျာနယ်တွင် ဖော်ပြထားသည်။

လေ့လာမှုတွင် ပါဝင်စမ်းသပ်ခံသူများကို နာရီဝက်ခန့် နေပူစာလှုံစေပြီး သွေးဖိအားကျစေကြောင်းကို သုတေသနပြုခဲ့ကြသည်။

**ဘာသာပြန် - လပြည့်သော်တာ**

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်အပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအားထုတ်ပြန်ကြေညာ

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

**၁။ ကျိုက်ထိုမြို့နယ် စစ်တောင်းတံတားအား နှစ်အလိုက်ဘဏ္ဍာငွေ တောင်းခံ၍ လည်းကောင်း၊ အဆင့်မြင့်နည်းပညာများဖြင့်လည်းကောင်း၊ ပြုပြင်ထိန်းသိမ်းပေးပါရန်နှင့် တန်ချိန်များသည့် မော်တော်ယာဉ်များ ဖြတ်သန်းနိုင်အောင် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** စစ်တောင်းတံတားသည် ၁၉၆၃ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့်တံတားဖြစ်ပြီး Cantilever စနစ်ဖြင့် ဆောက်လုပ်ခဲ့ပြီး နည်းပညာအဖွဲ့၏ စိစစ်ထားချက်အရ ၂၀၀၃ ခုနှစ်မှစ၍ ၁၃ တန်ထက်မပိုသော တန်ချိန် (ကား+ပစ္စည်း)သာ ခွင့်ပြုခဲ့ပါသည်။ နောင်တွင် နှစ်စဉ် ဘတ်ဂျက်များ လျာထားပြီး ဂျပန်နည်းပညာသုံး၍ အဆင့်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**၂။ ကျိုက်ထိုမြို့နယ်ရှိ ပိတ်သွားသော ဘူတာငယ်များ ပြန်လည်ဖွင့်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** လွန်ခဲ့သော ငါးနှစ်အတွင်း ရထားလမ်းသစ်များ နှစ်ဆခန့်ဖောက်လုပ်ခဲ့ပြီး လုပ်သားအင်အား ထပ်မခန့်ရသဖြင့် ဝန်ထမ်းမလုံလောက်မှုကြောင့် ဘူတာဝန်ထမ်းများနှင့် လမ်းလုပ်သားအင်အားလျော့နည်းမှုကြောင့်ဖြစ်ပြီး ပိတ်ထားသည့်ဘူတာများအား ဦးစားပေးအစီအစဉ်ဖြင့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**၃။ ရေးမြို့နယ် ရထားလမ်းပိုင်းမြှင့်တင်ပေးရန်နှင့် တွဲဆိုင်းများ အဆင့်မြှင့်တင်ပေးရန်၊ ရထားတွဲအိမ်သာများ သန့်ရှင်းပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** တွဲဆိုင်းများ အဆင့်မြှင့်တင်ပေးရန်အတွက် အိန္ဒိယချေးငွေဖြင့် လူစီးတွဲ (၈၀)၊ တရုတ်ချေးငွေဖြင့် တွဲတည်ဆောက်စက်ရုံနှင့် တွဲ ၁၂၀၊ ကိုရီးယား EDCF ချေးငွေဖြင့် လူစီးတွဲ ၃၀၀ စုစုပေါင်းလူစီးတွဲ ၅၀၀ ဝယ်ယူတည်ဆောက်ရန် စီစဉ်ထားရှိပြီးဖြစ်၍ ထွက်ရှိလာပါက အဆင့်မြှင့်ပေးမည် ဖြစ်ပါသည်။ တွဲအိမ်သာများ သန့်ရှင်းရေးအတွက် ရန်ကုန်တွဲပြင်ရုံမှလည်းကောင်း၊ မော်လမြိုင်တွဲပြင်ရုံမှလည်းကောင်း High Pressure Pump ဆေးကြောခြင်း၊ အနံ့ပျောက်ဆေးဖျန်းပေးခြင်း၊ အနံ့ပျောက်ဆေးခဲများထည့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရေးဘူတာတွင် ဒီဇင်ဘာလ ဒုတိယပတ်တွင် ရေရရှိပြီးပါက သန့်ရှင်းရေး ပိုမိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးတွင် အသုံးပြုရန် High Pressure Pump တစ်လုံး ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးအရာရှိများ၊ ကြီးကြပ်ရေးဝန်ထမ်းများက မျက်ခြည်မပြတ် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။

**၄။ ရေးဘူတာလက်မှတ်ရောင်းချမှုကို အခြားဘူတာကြီးများနည်းတူ သုံးရက် ကြိုတင်ရောင်းချပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ရထားလက်မှတ် ရက်ကြိုရောင်းချရန်အတွက် အထက်တန်းသုံးရက်ကြို၊ ရိုးရိုးတန်း တစ်ရက်ကြိုရောင်းချပေးရေး စီစဉ်ပေးပါမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

**၁။ တန်ဖိုးနည်းမိုဘိုင်းဖုန်းများအား မည်သည့်အချိန်ထိ ရောင်းချပေးနေမည်ကို သိလိုပါကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍** တန်ဖိုးနည်း မိုဘိုင်းဖုန်းများအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပါသည်။ လစဉ်တန်ဖိုးနည်းမိုဘိုင်းဖုန်း သုံးသိန်းခြောက်သောင်း ရောင်းချပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**၂။ မော်လမြိုင်မြို့တွင် အခြားမြို့များနည်းတူ အင်တာနက် ကောင်းမွန်စေရေး ဆောင်ရွက်ပေးပါရန်နှင့် အင်တာနက် Media ပေါ်မှတစ်ဆင့် တိုက်ခိုက်မှုများကို မည်သို့အရေးယူဖြေရှင်း ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍** မော်လမြိုင်မြို့သည် ပြည်နယ်မြို့တော်ဖြစ်၍ အင်တာနက် ကောင်းမွန်စေရေး ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ မော်လမြိုင်မြို့ပေါ်တွင် 3G UMTS မိုဘိုင်းဖုန်းများ အရေအတွက်တိုးမြှင့်ရရှိစေရန်နှင့် ဆက်သွယ်မှု ကောင်းမွန်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အင်တာနက် Media ကိစ္စနှင့်စပ်လျဉ်း၍ အများပြည်သူနှင့် သက်ဆိုင်သောကိစ္စများ၊ ပုဂ္ဂိုလ်ရေးနှင့်ဆိုင်သော ကိစ္စများနှင့်ပတ်သက်၍ အင်တာနက် Media ပေါ်တွင် တိုက်ခိုက်ရေးသားခြင်းများအား ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် အရေးယူဆောင်ရွက်ရန် အခက်အခဲရှိပါသည်။ ဥပဒေပြဌာန်းချက်အရ ဆောင်ရွက်သွားရမည်ဖြစ်ပါသဖြင့် အဆိုပါ ဥပဒေတွင် လုပ်သင့်လုပ်ထိုက်သည်များကို ထည့်သွင်းဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ထို့အပြင် အခြားသက်ဆိုင်သော ဝန်ကြီးဌာနများနှင့်လည်း ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ***(ဆက်လက်ဖော်ပြပါမည်)***


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)**
**ဗန်းမော်တက္ကသိုလ်**
**ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း**

၁။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဗန်းမော်တက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် (ဘွဲ့)စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကိုတက်ရောက်ရန် လျှောက်ထားကြသူများအတွက် ဗန်းမော်တက္ကသိုလ်၏ ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဗန်းမော်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်။

**ဘွဲ့နှင်းသဘင် ပထမပိုင်းအစီအစဉ် ၈-၂-၂၀၁၄ရက် (စနေနေ့) နံနက်ပိုင်း နံနက် ၉း၀၀ နာရီ**

၂၀၁၂- ၂၀၁၃ပညာသင်နှစ် - မဟာသုတေသနဘွဲ့(ရူပဗေဒ)
- မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)
- သိပ္ပံဂုဏ်ထူးဘွဲ့(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့(မြန်မာစာ)
- ဝိဇ္ဇာဘွဲ့(မြန်မာစာ)
- သိပ္ပံဘွဲ့(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)

အစမ်းလေ့ကျင့်ရက် ၇-၂-၂၀၁၄ရက် (သောကြာနေ့) နံနက်ပိုင်း နံနက် ၉း၀၀နာရီ

**ဘွဲ့နှင်းသဘင် ဒုတိယပိုင်းအစီအစဉ် ၈-၂-၂၀၁၄ရက် (စနေနေ့) မွန်းလွဲပိုင်း မွန်းလွဲ ၂း၀၀နာရီ**

၂၀၁၂- ၂၀၁၃ ပညာသင်နှစ် - မဟာသိပ္ပံဘွဲ့(သင်္ချာ)
- မဟာဝိဇ္ဇာဘွဲ့(ပထဝီဝင်)
- သိပ္ပံဂုဏ်ထူးဘွဲ့(သင်္ချာ၊ ဘူမိဗေဒ)
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့(အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ)
- ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ)
- သိပ္ပံဘွဲ့(သင်္ချာ၊ ဘူမိဗေဒ)

အစမ်းလေ့ကျင့်ရက် ၇-၂-၂၀၁၄ရက် (သောကြာနေ့) နံနက်ပိုင်း နံနက် ၉း၀၀နာရီ

၂။ အစမ်းလေ့ကျင့်ခြင်းနှင့်ဘွဲ့နှင်းသဘင် တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၃။ အသေးစိတ်အချက်အလက်များကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲ ဖုန်း-၀၇၄-၅၀၅၂၁သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(စိုးဝင်း၊ မော်ကွန်းထိန်း)**
**သင်တန်းရေးရာဌာန**
**ဗန်းမော်တက္ကသိုလ်**



**သက်ဆိုင်သူသို့ သိသာစေရန်ကြေညာခြင်း**

ကျိုင်းတုံမြို့၊ အမှတ် (၄)ရပ်ကွက်၊ မိုင်းယန်းလမ်း၊ နန်းခမ်းဖောင်းကုန်စုံဆိုင်အား ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် စီးပွားရေးထိခိုက်ပျက်စီးစေရန် မဟုတ်မမှန်သတင်းလွှင့်ခြင်း၊ မမှန်မကန်စာများရေးသား၍ နေရာအနှံ့ကပ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။ အထက်ပါလုပ်ဆောင်ချက်များ ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်ပါက ဆောင်ရွက်လုပ်ဆောင်သူအား တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**နန်းခမ်းဖောင်း ၁၃/ကတန(နိုင်)၀၃၆၆၈၂**



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ကျိုင်းတုံမြို့၊ နောင်နွန်း၊ လားဟူရွာနေ မအားချင် ၁၃/ကတန(နိုင်)၁၅၁၇၁၉၏ ဖခင် ဦးကျဆီနှင့် ဦးကျစိုးပါ ၁၃/ကတန(နိုင်)၀၄၅၂၅၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် လ/၉၉ Nissan Condor CM 86 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းရင် ၉/ပမန(နိုင်)၀၉၃၄၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (နေပြည်တော်)**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဟ/၈၄၄၅၊ Lifan 200၊ 3/W ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ကိုကို ၆/သရခ(နိုင်)၀၆၀၂၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**



**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃က/၄၇၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပဲပင်ပေါက်၊ ပဲပြား များများစား

ဇင်ဇင်မင်းလွင်

အိမ်ရှင်မများ ဈေးသွားတဲ့အခါ ဝယ်ရလွယ်ကူပြီး ဈေးနှုန်းချိုသာတဲ့အပြင် မြန်မြန်ဆန်ဆန်ချက်ပြုတ် စားသောက်လို့ရတဲ့ ဟင်းတစ်ခွက်ရှိပါတယ်။ အဲဒါကတော့ ပဲပင်ပေါက်နဲ့ ပဲပြားပါပဲ။ ၎င်းတို့မှာ ခန္ဓာကိုယ်ကို အကျိုးပြုစေတဲ့ ဗီတာမင်တွေ၊ အာဟာရဓာတ်တွေ များစွာပါဝင်တာကြောင့် အဖိုးနည်းပေမယ့် အကျိုးများလှတဲ့ ဟင်းလျာတစ်ခွက်ဆိုလည်း မမှားပါဘူး။

**ပဲပင်ပေါက်(Bean Sprouts)**

ပဲပင်ပေါက်ဟာ အမျှင်ဓာတ်ကြွယ်ဝစွာပါတဲ့ အစားအစာတစ်ခုပါ။ မကြာခဏဝမ်းချုပ်တတ်သူများ စားဖို့သင့်တော်ပြီး အူလှုပ်ရှားမှုကို ကောင်းမွန်စေပါတယ်။ ၎င်းမှာ လက်စီသင်၊ ဖိုင်တိုအီစထရိုဂျင်နဲ့ သံဓာတ်မြောက်မြားစွာပါဝင်ခြင်းကြောင့် သွေးတွင်းမကောင်းတဲ့ ကိုလက်စထရောတွေကို လျှော့ချပေးနိုင်ပြီး အသည်းမှာ အဆီကပ်ငြိမှုမဖြစ်အောင် ကာကွယ်ပေးပါတယ်။ သွေးဆုံးချိန်မှာ အဖြစ်များတဲ့ ရင်တုန်၊ မောပန်း၊ ချွေးထွက်ခြင်းနဲ့ အရိုးပါးရောဂါမဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ပါတယ်။ အရေပြားတင်းရင်းမှုနဲ့ အစိုဓာတ်လျော့ကျခြင်းကြောင့်ဖြစ်တဲ့ အရေပြားအိုမင်းတဲ့ ဖြစ်စဉ်ကိုနှေးကွေးစေပြီး သံဓာတ်ချို့ယွင်းမှုကြောင့်ဖြစ်တဲ့ သွေးအားနည်းရောဂါကို ကာကွယ်ကုသပေးနိုင်တယ်လို့ ဆိုပါတယ်။

ပဲပင်ပေါက်စားသုံးခြင်းဟာ နှလုံးသွေးကြောကျဉ်းရောဂါနဲ့ အသည်းအဆီဖုံးရောဂါတို့အပြင် ကင်ဆာရောဂါတွေကိုပါ ကာကွယ်ပေးနိုင်ပါတယ်။ စွမ်းအင်နဲ့ အခြားအာဟာရဓာတ်တွေ ပါဝင်တာကြောင့် စိတ်ဖိစီးမှုနဲ့ မောပန်းနွမ်းနယ်မှုကို ပြေပျောက်စေတဲ့အပြင် ပရိုတင်းနဲ့ဇင့်(သွပ်)ပါဝင်တဲ့အတွက် လက်သည်း၊ ခြေသည်းနဲ့ ဆံပင်တွေကို ကျန်းမာအောင် လုပ်ဆောင်ပေးပါတယ်။ ဗက်တီးရီးယားပိုးကြောင့်ဖြစ်တဲ့ ရောဂါတွေကိုလည်း ကာကွယ်ပေးပါတယ်။

ပဲပင်ပေါက်မှာ ပါဝင်တဲ့အာဟာရဓာတ်တွေကတော့ ဗီတာမင်(အေ၊ ဘီ၊ စီ၊ ဒီ၊ အီး နဲ့ ကေ)၊ ဖောလစ်အက်စစ်၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်နဲ့ ဖော့စ်ဖရပ်စ်၊ အင်ဇိုင်း၊ ပရိုတင်း၊ သံဓာတ်နဲ့သတ္တုဓာတ်တွေပဲ ဖြစ်ပါတယ်။ ၎င်းဟာ သွေးပေါင်ချိန်ကျဆင်းခြင်းကို ဟန့်တားပေးနိုင်ခြင်းကြောင့် စားသုံးနေသော အစားအစာများထဲတွင် မကြာခဏထည့်သွင်းစားသောက်ပေးသင့်ကြောင်း အကြံပြုထားတာ တွေ့ရပါတယ်။



**ဗီတာမင် ဘီ-၁ ချို့တဲ့ခြင်းနဲ့ ကိုယ်ဝန်ဆောင်စဉ် ဖြစ်ပွားတတ်တဲ့ရောဂါအချို့ကို ကာကွယ်နိုင်ဖို့ ပဲပြားကို စားသုံးပေးသင့်ပါတယ်။**

**ပဲပြား (Bean Curds)**

ပဲပြားကို တရုတ်ပြည်က စတင်ပြုလုပ်စားသုံးခဲ့ပြီး နောက်ပိုင်းမှာ နိုင်ငံအနှံ့အပြားကို ပျံ့နှံ့ရောက်ရှိသွားတဲ့ အစားအစာတစ်ခုလို့ ဆိုပါတယ်။ အာရှတိုက်သားတွေ ပိုမိုနှစ်ခြိုက်စွာစားသုံးကြပြီး ကျေးလက်မြို့ပြမကျန် နေရာတိုင်းမှာ ကုန်ကျစရိတ်မများတဲ့ ဖြည့်စွက်အစာတစ်ခုအဖြစ် ယနေ့ထိ ရပ်တည်နိုင်တာ တွေ့ရပါတယ်။

ပဲပြားမှာ အဆီဓာတ်၊ ပရိုတင်း၊ အင်နာဂျီ၊ ကာဘိုဟိုက်ဒရိတ်၊ သံဓာတ်၊ ဆိုဒီယမ်နဲ့ ကယ်လ်စီယမ်စတဲ့ အာဟာရဓာတ်တွေပါဝင်ပါတယ်။ သဘာဝအီထရိုဂျင်ကြွယ်ဝတဲ့ အစားအစာဖြစ်ပြီး အနာကင်းဝေးငြိမ်းအေးစေတဲ့ အတွက် အစွမ်းသတ္တိတွေရှိနေတာ တွေ့ရပါတယ်။ မျိုးရိုးအလိုက် နှလုံးရောဂါရှိသူများအနေနဲ့ နေ့စဉ်နေ့တိုင်း ပဲပြားတစ်တုံးခန့် စားသုံးပေးသင့်တယ်လို့ ဆိုပါတယ်။ ကိုလက်စထရော လျော့ကျလိုသူများနဲ့ ခြေလက်ထုံကျဉ်ခြင်း၊ ကြွက်တက်ခြင်းဝေဒနာခံစားရသူများလည်း စားသုံးနိုင်ပါတယ်။

**ပိုမိုစားသုံးပေး**

ဗီတာမင် ဘီ-၁ ချို့တဲ့ခြင်းနဲ့ ကိုယ်ဝန်ဆောင်စဉ် ဖြစ်ပွားတတ်တဲ့ ရောဂါအချို့ကိုကာကွယ်နိုင်ဖို့ ပဲပြားကို စားသုံးပေးသင့်ပါတယ်။ အာဟာရဗေဒပညာရှင်များကတော့ ကိုယ်ဝန်ရယူလိုတဲ့အမျိုးသမီးများ ပဲပြားကို ပိုမိုစားသုံးပေးဖို့ တိုက်တွန်းထားပါတယ်။

ပဲပုပ်ကနေ ပဲပြားပြုလုပ်မှုကို မိမိအိမ်မှာပဲ အလွယ်တကူပြုလုပ်လို့ရပြီး အိမ်မှာပြုလုပ်ထားတဲ့ ပဲပြားဟာ တာရှည်အထားခံစေတဲ့ပစ္စည်း (Preservatives)မပါဝင်တာကြောင့် အာဟာရဓာတ်များပြီး လတ်ဆတ်တယ်လို့ သိရပါတယ်။ အဆိုပါပဲပြားကို နေ့စဉ်ရေစိမ်ပြီး လဲလှယ်ပေးရင် တစ်ပတ်အထိ အထားခံပါတယ်။ ပဲပြားကြော်၊ ပဲပြားဟင်း၊ ပဲပြားအစာသွပ်၊ ပဲပြားသုပ်စသည်ဖြင့် သက်သတ်လွတ်ဟင်းလျာများ ချက်ပြုတ်နိုင်တဲ့အပြင် အမဲ၊သား၊ငါးတို့နှင့်တွဲစပ်၍လည်း ချက်ပြုတ်စားသောက်နိုင်ပါကြောင်း အသိပေးရေးသားတင်ပြလိုက်ပါတယ်။

## ပျဉ်းမနားမြို့ အထက (၂) မြတ်ဆရာပူဇော်

**ပျဉ်းမနား ဇန်နဝါရီ ၂၇**

*နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ မင်္ဂလာကန်တော်ခန်းမကြီး၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ပျဉ်းမနားမြို့ အထက(၂)ကျောင်းသား ကျောင်းသူဟောင်းများ၏ ကောဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနား ကျင်းပသည်။*

*အခမ်းအနားတွင် အသက် ၇၀ နှင့် အထက်၊ အသက် ၆၀ နှင့် အထက်ဆရာ ဆရာမကြီးများအား ကန်တော့ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ကန်တော့ကြသည်။* ***ကိုမျိုး(ရွှေပေါက္ကံ)***

## လူကုန်ကူးမှုဆိုင်ရာအသိပညာပေးဟောပြောပွဲ ဟားခါး၌ ကျင်းပ

**ဟားခါး ဇန်နဝါရီ ၂၇**

*ချင်းပြည်နယ် ဟားခါးမြို့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၁နာရီခွဲက အထက (၃)ဟားခါး၌ ကျင်းပသည်။*

*အဆိုပါ ဟောပြောပွဲတွင် ဒုတိယရဲမှူးဆန်းဦးနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ရိုစီတို့က လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။* ***(မြို့နယ် ပြန်/ဆက်)***

## အသိပညာပေးဟောပြောပွဲများ တာချီလိတ်၌ကျင်းပ

**တာချီလိတ် ဇန်နဝါရီ ၂၇**

*ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီခွဲက ရွှေမဟာကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲ ကျင်းပရာ တာချီလိတ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူး ရင်ရင်အေးက လူကုန်ကူး၊ လူမှောင်ခိုအဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သိသင့်သိထိုက်သည့် အချက်များ၊ နှစ်နိုင်ငံပူးပေါင်း ဖော်ထုတ်ခဲ့သည့် မှုခင်းဖြစ်စဉ်များကို ရှင်းလင်းပြောကြားခြင်း၊ တာချီလိတ်ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲအုပ်သန်းဇော်လင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း ရှင်းလင်းဟောပြောခြင်း၊ တာချီလိတ်မူးယစ်တပ်ဖွဲ့စု (၃၀) မှ ရဲအုပ်ဝင်းနိုင်က မူးယစ်ဆေးဝါးနှင့် ပြစ်မှုများအကြောင်း ရှင်းလင်းပြောကြားပြီးနောက် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။*

***မြင့်မိုရ်(တာချီလိတ်)***

# လက်နက်နှင့် ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိ

**တာချီလိတ် ဇန်နဝါရီ ၂၇**

ဇန်နဝါရီ ၂၅ ရက် ညနေ ၅ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်း ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ် မြို့အဝင် လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်အနီး ချောင်းကူးတံတားတွင် ပါကွေ့ရွာဘက်မှ တာချီလိတ်မြို့ဘက်သို့ ကျဖူး မောင်းနှင်လာပြီး အားလို့ လိုက်ပါလာသည့် ၅ဂ/. . . . ပါရာဒိုယာဉ်ကို မသင်္ကာသဖြင့် ရပ်တန့်ရှာဖွေစစ်ဆေးရာ ဘိန်းဖြူမှုန့် ၁၃ ဒသမ ၃ ဂရမ်ပါ ပလတ်စတစ်ဘူးငယ် နှစ်ဘူး(ကာလတန်ဖိုး-၁၈၀၈၀၀ကျပ်)နှင့် တရုတ်နိုင်ငံလုပ် para...နံပါတ်ပါ Norinco အမျိုးအစား စတီးလ်ရောင်ပစ္စတို သေနတ်တစ်လက်၊ ၎င်းကျည်ရှစ်တောင့်ပါ ကျည်ကတ်တစ်ခုတို့ကို သိမ်းဆည်းရမိသည့်အတွက် တာချီလိတ်မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားသည်။ **မောင်ယဉ်ကျေး**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် အသုံးပြုရန် ရုံးသုံးစက်ပစ္စည်း Projector (၁)လုံး၊ Color Printer (၂)လုံး၊ Laptop (၁)လုံးနှင့် ပရိဘောဂပစ္စည်း Locker (၃)လုံး၊ အရာထမ်းစားပွဲ(၃)လုံး၊ အရာထမ်းကုလားထိုင် (၃)လုံး၊ ဗီရို(၃)လုံး၊ စာအုပ်တင်စင်(၂)ခုတို့အား ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၁-၂၀၁၄ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၇-၂-၂၀၁၄ရက်
(ဂ) **ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၀၆၀၅၉/၄၀၆၀၆၀

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ပြည်ထောင်စုဝန်ကြီးရုံး**
**ရုံးအမှတ် ၃၃၊ နေပြည်တော်**

## တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အောက်ဖော်ပြပါ ထွန်စက်ကြီးများနှင့်အတူ Back hoe, Loader များတွဲလျက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | 92 HP 4 Wheel (Back hoe & Loader) | 5 unit |
| (ခ) | 92 HP 4 Wheel 6 in 1 (Back hoe & Loader) | 5 unit |

၂။ **တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၂-၂၀၁၄ရက် ၁၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၂-၂၀၁၄ရက် ၁၄း၀၀ နာရီ

၃။ ထွန်စက်ကြီးများနှင့် Back hoe, Loader များ အချက်အလက် (Technical Specification) များအား လျှောက်လွှာနှင့်အတူ တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၁၃၀၅၀၁ နှင့် ၀၇၁-၂၄၉၂၅/၂၂၅၃၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## တပ်မတော်(ရေ)အမှတ်စဉ် (၁/၈၉) မော်လမြိုင်/ပုသိမ် သူငယ်ချင်းများ၏ (၂၅)နှစ်မြောက် ငွေရတုအခမ်းအနားကျင်းပရန်အတွက် အသိပေးဖိတ်ကြားခြင်း

**ကျင်းပမည့်နေရာနှင့်အစီအစဉ်** - နံနက်ပိုင်း ၉း၀၀နာရီ
စာတိုက်ကုန်းမဏ္ဍလာရာမကျောင်းတိုက်၊
ကျိုက်ဒေယျုံဘုရားအရှေ့ဘက်၊ သန်လျင်မြို့တွင်
နေ့ဆွမ်းကပ်ခြင်း
ညနေပိုင်း ၄း၀၀နာရီ
ရွှေယူနန်စားသောက်ဆိုင် သန်လျင်မြို့တွင်
မိတ်ဆုံစားပွဲကျင်းပခြင်း

**နေ့ရက်** - ဖေဖော်ဝါရီ ၈ရက် (စနေနေ့)
**ဆက်သွယ်ရန်ဖုန်း** - ၀၉-၄၃၀၇၀၆၄၀၊ ၀၉-၂၅၀၃၇၂၄၀၅၊ ၀၉-၅၁၇၇၄၆၅

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၆၀၄၄၁ Zong Shen 110, MC. ယာဉ်လက်ဝယ်ရှိသူ ဦးစော ၉/မရမ(နိုင်)၀၂၁၇၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၉၅၄၄ Golden Deer GBS သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးရဲအောင် ၅/ဘတလ(နိုင်)၀၈၂၉၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၁၆၈/က၊ ဧရိယာ ၀ ဒသမ၀၂၇၅ ဧက၊ မြေအမျိုးအစား နှစ်(၆၀) ဂရန်မြေပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၁၆၈/က ဟုခေါ်တွင်သောမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ရှင် ဦးဌေးအောင် ၁၂/ဥကတ(နိုင်)၀၁၁၅၁၅ [၎င်း၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၁၆၂/၁၃ (၃၀-၁၀-၂၀၁၃)ရရှိသူ ဒေါ်ကျင်အေး ၁၂/သဃက(နိုင်)၀၂၆၉၉၄]က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး** **ဦးသန့်ဇော်**
**အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၉၁၇၊ မြေကွက်တည်နေရာအမှတ် ၉၁၇၊ ထူပါရုံ ၁၀လမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်အုံးညွန့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အုံးညွန့်(မိခင်)နှင့် ဦးထွဋ်(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးသိန်းလွင် ၁၂/ဥကတ(နိုင်)၀၇၆၈၆၆၊ (၂)ဒေါ်ငွေရီ ၁၂/သကတ(နိုင်)၀၉၅၇၄၅၊ (၃)ဦးလှသန်း ၁၂/သကတ(နိုင်)၀၄၆၈၄၂၊ (၄) ဦးကြည်စိုး ၁၂/သကတ(နိုင်)၀၅၁၀၆၆တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇၅၊ မြေကွက်အမှတ်(၅)ထဲမှ တစ်စိတ်တစ်ဒေသ၊ အကျယ်အဝန်း($\frac{22'6''}{20'6''}$×၄၀')၊ မြေကွက်တည်နေရာအမှတ် ၁၁၉၊ ကံလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစား အစိုးရမြေအမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေအား အမှတ်(၁)ရပ်ကွက် ဂရန်ပေးရေးစီမံချက်တွင် ဦးသန်းညွန့် ၁၂/ကမရ(နိုင်)၀၆၇၆၅၃ နှင့် ဦးမင်းနိုင် ၁၂/လမန(နိုင်)၀၄၁၂၄၈တို့မှ နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကျန်းမာရေးဗဟုသုတ

# အသက်ရှည်ကျန်းမာဖို့ရာ အခွံမာသီးမှန်မှန်စားပေးပါ

ဒေါက်တာ-ဘီရော်

ကျွန်ုပ်တို့သည် မကြာခဏဆိုသလို အုန်းသီး၊ ထန်းသီး၊ မြေပဲ၊ နေကြာစေ့စသော အခွံမာသီးများကို စားသောက်တတ်ကြပါသည်။ အခွံမာသီး လက်တစ်ဆုပ်စာကို နေ့စဉ်မှန်မှန် စားသုံးပေးပါက မည်သည့်ရောဂါအကြောင်းရင်းကြောင့်ဖြစ်စေ သေဆုံးရန် အခွင့်အလမ်းမှာ မစားသုံးသူများထက် ၂၀ ရာခိုင်နှုန်း ပို၍လျော့နည်းသည်။ နယူးအင်္ဂလန် ဆေးပညာ ဂျာနယ်တွင် ဖော်ပြသော လေ့လာမှု၌ အခွံမာသီးကို စားသူများ၏ ခန္ဓာကိုယ်သည် မစားသူများထက် ပို၍သေးသွယ်ကြသည်ဟု ဆိုသည်။ ထို့ကြောင့် အခွံမာသီးများစားလျှင် ဝလာမည်ဟု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသော စိုးရိမ်စိတ်ကို ဖယ်ရှားနိုင်ပြီဖြစ်သည်။

အခွံမာသီးများသည် နှလုံးရောဂါကြောင့် သေဆုံးမှုကို ၂၉ ရာခိုင်နှုန်း၊ ကင်ဆာကြောင့် သေဆုံးမှုကို ၁၁ ရာခိုင်နှုန်းအထိ အသီးသီး လျော့ချနိုင်ကြောင်း တွေ့ရသည်ဟု လေ့လာမှုကို ပြုခဲ့သူ အမေရိကန်နိုင်ငံ ဟားဗတ်ဆေးတက္ကသိုလ်မှ သုတေသီ Charles Fuchs က ပြောသည်။ မည်သည့်အခွံမာသီးက သေဆုံးခြင်းကို အဓိကကာကွယ်ကြောင်း မသိရသော်လည်း မြေကြီးအောက်တွင် သီးသော မြေပဲနှင့် မြေကြီးပေါ် အပင်ကြီးများတွင် သီးသော အုန်းသီး၊ ထန်းသီး၊ မင်းကွတ်သီး၊ ထောပတ်သီး၊ ဗာဒံသီး၊ သစ်ကြားသီး၊ နေကြာစေ့စသော အခွံမာများသည် သေဆုံးမှုကို လျှော့ချ

> အခွံမာသီးများကို များများစားလေ သေရန်အခွင့်အလမ်းနည်းလေ
> ..

ရာ၌ အတူတူပင်ဖြစ်သည်။

ယခင်ကပြုလုပ်ခဲ့သော လေ့လာမှုများတွင်လည်း အခွံမာသီးများသည် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အမျိုးအစား(၂) ဆီးချိုရောဂါ၊ အူမကြီးကင်ဆာ၊ သည်းခြေအိတ်ကျောက်တည်ရောဂါနှင့် အူရောင်ခြင်းတို့ကို ကာကွယ်နိုင်ပြီး အခွံမာသီးများကို များများစားပါက သွေးအတွင်းကိုလက်စထရော အဆီဓာတ်လျော့ကျစေကြောင်း၊ ပျက်စီးမှုကို ဖြစ်စေသော ဓာတ်တိုးဖြစ်စဉ်ကိုလည်း လျော့ကျသွားစေကြောင်း၊ ရောင်ရမ်းမှုကို လျော့ကျစေကြောင်း၊ ကိုယ်တွင်းအဆီတိုးမှုနှင့် အင်ဆူလင်ပြီးမှုများကိုလည်း လျော့ကျသွားစေကြောင်း အသီးသီးတွေ့ရှိထားပြီးဖြစ်သည်။

ယခုပြုလုပ်ခဲ့သော လေ့လာမှုအသစ်တွင် ၁၉၈၀-၂၀၁၀ ခုနှစ်အတွင်း အမျိုးသမီးပေါင်း ၇၆၄၆၄ ဦးနှင့် ၁၉၈၆-၂၀၁၀ ခုနှစ်အတွင်း အမျိုးသားပေါင်း ၄၂၄၉၈ ဦး ပါဝင်ခဲ့ပါသည်။ နှစ် ၃၀ ကြာ လေ့လာမှုမှ ယေဘုယျသိရသည်မှာ အခွံမာသီးများကို များများစားလေ သေရန်အခွင့်အလမ်းနည်းလေ ဖြစ်ကြောင်းပင်တည်း။ ရက်သတ္တတစ်ပတ်တွင် အခွံမာသီးများကို တစ်ကြိမ်ထက်လျော့နည်း စားသူများတွင် သေရန်အခွင့်အလမ်း ခုနစ်ရာခိုင်နှုန်း လျော့နည်းသွားကြောင်း တွေ့ရပြီး ရက်သတ္တတစ်ပတ်အတွင်း တစ်ကြိမ်မှန်မှန်စားပါက သေရန်အခွင့်အလမ်းမှာ ၁၁ ရာခိုင်နှုန်း လျော့နည်းကြောင်း တွေ့ရပါသည်။ တစ်ပတ်တွင် နှစ်ကြိမ်မှ လေးကြိမ်စားသူများတွင် ၁၃ ရာခိုင်နှုန်း၊ ငါးကြိမ် ခြောက်ကြိမ် စားသူများတွင် ၁၅ ရာခိုင်နှုန်းနှင့် ခုနစ်ကြိမ်နှင့်အထက် စားသူများတွင် သေနှုန်း ၂၀ ရာခိုင်နှုန်းအထိ လျော့နည်းကြောင်း တွေ့ရပါသည်။

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်တွင်း၌ ဖြစ်ပေါ်နေသော နာတာရှည်ရောဂါများအတွက် အခွံမာသီးများ၏ ကျန်းမာရေးအကျိုးကျေးဇူးများမှာ အံ့မခန်းလိလိဖြစ်ကြောင်း ပညာရှင်များ၏ လေ့လာမှုများမှ တွေ့ရှိရသည်များကို တင်ပြအပ်ပါသည်။

## ထင်းကုန်ကျမှု ၆၀ ရာခိုင်နှုန်းသက်သာမည့် စွမ်းအားမြင့်မီးဖိုများ အရစ်ကျရောင်းချသွားမည်



**ပျော်ဘွယ် ဇန်နဝါရီ ၂၇**

ပျော်ဘွယ်မြို့နယ်အတွင်း ထင်းကုန်ကျမှု ၆၀ရာခိုင်နှုန်း သက်သာစေမည့် စွမ်းအားမြင့်မီးဖိုများအား တရုတ်ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်း၍ အရစ်ကျပေးချေမှုဖြင့် ဇန်နဝါရီလ နောက်ဆုံးပတ်မှ စတင်ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ပြည်သူများ ထင်းသုံးစွဲမှု လျော့ကျစေပြီး သဘာဝတောများအပေါ် မှီခိုရမှုလျော့နည်းသက်သာစေရန်ရည်ရွယ်၍ သစ်တောဦးစီးဌာနနှင့် Macy Corps ပူးပေါင်း ကာ စွမ်းအားမြင့် မီးဖို M 5000 Cook Stove များကို ပျော်ဘွယ်မြို့ နယ်အတွင်းရှိ ကျေးရွာများ၌ စတင်ရောင်းချပေးလျက်ရှိသည်။

အဆိုပါ မီးဖိုသုံးခြင်းအားဖြင့် ထင်းအသုံးပြုရသည့် သာမန်မီးဖိုထက်အပူရှိန်မြင့်တက်မှု သုံးဆပိုစေရန်ပြုလုပ်ထားခြင်းကြောင့် သာမန်သုံးပွင့်ဆိုင်ဖိုခုံလောက်မီးဖိုများထက် ထင်းကုန်ကျမှုမှာ ၆၀ ရာခိုင်နှုန်း သက်သာသွားမည်ဖြစ်ပြီး ရေတစ်လီတာဆူရန် ကြာချိန် ၅ မိနစ်ခန့်မျှသာကြာပြီး မီးခိုးနှင့် အငွေ့ဆိုးများ လျော့ကျစေနိုင်ကာ ကာဗွန်ဒိုင်အောက်ဆိုက် လျော့ကျစေကြောင်း သိရသည်။

၄င်းစွမ်းအားမြင့်မီးဖို၏ တန်ဖိုးမှာ ကျပ် ၁၅၀၀၀ ဖြစ်၍ ပထမဆုံးကျပ် ၅၀၀၀ ပေးသွင်းပြီးကျန်ငွေကို တစ်ကြိမ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် လေးရစ်ပေးကာ အရစ်ကျပေးချေခြင်း စနစ်ဖြင့်ရောင်းချသွားမည်ဖြစ်သည်။

အပူပိုင်းဒေသများအား အဓိကရွေးချယ်သွားမည်ဖြစ်ပြီး လက်ရှိကျေးရွာများတွင် သုံးစွဲနေသော သာမန်မီးဖိုများထက် ဈေးအနည်းငယ်မြင့်တက်ခြင်းကြောင့် ဝယ်ယူနိုင်သော ကျေးရွာများတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ပြီး ယင်းတို့၏ သုံးစွဲမှုမှ တစ်ဆင့် တခြားမြို့နယ်များကို ကျယ်ပြန့်သွားစေရန် ရည်ရွယ်ထားကြောင်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ-ရှုလိုင်မိုး

# မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်အိတ်နှစ်သောင်းခန့် ရန်ကုန်ဈေးကွက်သို့ သုံးရက်အတွင်းဝင်ရောက်

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြစ်ဝကျွန်းပေါ်ဒေသ မော်လမြိုင်ကျွန်းမြို့နယ်မှ ဇန်နဝါရီ ၂၃ ရက်တွင် ရေယာဉ်နှစ်စင်းဖြင့် ဆန်အိတ်ရေ ၇၀၀ ကျော်၊ ၂၄ ရက်တွင် ရေယာဉ်တစ်စင်းဖြင့် အိတ်ရေ ၄၀၀၀၊ ၂၅ ရက်တွင် ရေယာဉ်နှစ်စင်းဖြင့် အိတ်ရေ ၈၀၀၀ ကျော် ဝင်ရောက်ရာ သုံးရက်အတွင်း ရန်ကုန်-ဆန် ကုန်စည်ဒိုင်သို့ ရေလမ်းဖြင့် မော်ကျွန်းဒေသတစ်ခုတည်းမှ အိတ်ရေနှစ်သောင်းခန့်ဝင်ရောက်ကြောင်း၊ တရုတ်နှစ်သစ်ကူးပွဲတော်ရက်နီးလာပြီး တင်ပို့မှုလျော့သဖြင့် အိတ်ရေနည်းခြင်းဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၅ ရက် ရန်ကုန်ဆန်ဈေးကွက်တွင် ၂၅ မှတ်ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀ မှ ၁၄၀၀၀ ၊ မိုးဇီယာဆန်တစ် တစ်အိတ် ငွေကျပ် ၁၅၈၀၀ မှ ၁၇၀၀၀ အတွင်း၊ ပေါ်ကွဲသစ်တစ် အိတ် ငွေကျပ် ၁၆၀၀၀ မှ ၁၇၀၀၀ အတွင်း၊ ပေါ်ဆန်းဆန်သစ် တစ်အိတ် ငွေကျပ် ၂၂၀၀၀ မှ ၂၆၀၀၀ ၊ ရခိုင်ဒေသမှ ရန်ကုန်သို့ လုံးတီးဆန် ဝင်ရောက်ပြီး ရန်ကုန်တွင် ရခိုင်ပေါ်ဆန်းဆန်သစ်တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀-၂၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း ဆန်စပါးလုပ်ကိုင်သူတစ်ဦးက ဆိုသည်။ ဆန်ဈေးနှုန်း အနည်းငယ်ကျသော်လည်း ဆန်ကွဲ-ဖွဲနု ဈေးမြင့်တွင်ရှိနေသဖြင့် စပါးဈေးမြင့်နေကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် သီးထပ် စပါးတင်းတစ်ရာလျှင် (ပေါင် ၅၀ ကိုက်) ငွေကျပ် ၄၆၀၀၀၀ နှုန်း၊ ကျော်ဇေယျမနောသုခ တင်းတစ်ရာလျှင် ငွေကျပ် ၄၂၀၀၀၀ နှုန်းရှိနေပြီး၊ပဲခူးတိုင်းဒေသကြီး နတ်တလင်းနယ်တွင် တောင်ပျံစပါး ပေါင် ၅၀ ကိုက်တင်းတစ်ရာလျှင် ငွေကျပ် ၆၈၀၀၀၀နှုန်း၊ အင်းလယ်ထိပ်စောင်းစပါး တင်းတစ်ရာလျှင် ငွေကျပ် ၄၅၀၀၀၀ နှုန်း၊ ငွေတိုးစပါး တင်းတစ်ရာလျှင် ငွေကျပ် ၄၆၀၀၀၀ နှုန်းရှိနေကြောင်း၊ နွေစပါးများ မြစ်ဝကျွန်း ပေါ်ဒေသတွင် တစ်လကျော်ကာလအတွင်း ဈေးကွက်သို့ ရောက်ရှိနိုင်ရာ အခြေခံဈေးနှုန်း တင်းတစ်ရာလျှင် ငွေကျပ် လေးသိန်းဝန်းကျင်ရှိလာနိုင်မည်ဟု ဆန်စပါးလုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။

ခင်ဆိုင်

**ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃က/၈၄၇၂ ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

**ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ်၁၆ယ/၅၅၂၄၀ ယာဉ်မှတ်ပုံတင်အမည်ပေါက် ဦးကျော်နိုင်လင်း ၁၄/ဖပန(နိုင်)၀၆၄၃၄၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်းအတွက် ကန့်ကွက်လိုပါက စာရွက်စာတမ်းများဖြင့် ၁၅ ရက်အတွင်း သက်ဆိုင်ရာရုံးတွင် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မှတ်ပုံတင်စာအုပ်မိတ္တူအား ထုတ်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | ယာဉ်အမှတ် | အမျိုးအမည် | အမျိုးအစား | ပိုင်ရှင်အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | မှတ်ပုံတင်ရုံး |
|---|---|---|---|---|---|---|---|
| ၁ | ၉၄/၉၁၅၉ | ဂျင်းဒေါင်း | ဖန်းထရပ် | ဦးကြည်တင် | ၅/ငဇန(နိုင်)၀၀၆၂၉၁ | အမှတ်(၁)ရပ်ကွက်၊ ငါန်းဇွန်မြို့။ | (မြင်းခြံ) |
| ၂ | ၁၉ယ/၂၀၅၅၂ | ဟန်စင်း | ဆိုင်ကယ် | ဦးမြင့်သန်း | ၉/ညဥန(နိုင်)၀၀၃၁၇ | အောက်ညဥ့်ရွာ၊ ညောင်ဦးမြို့။ | (မြင်းခြံ) |
| ၃ | ၁၂ယ/၇၃၁၆၃ | ဂျာလင်း | ဆိုင်ကယ် | ဦးဆန်းလင်း | ၉/နထက(နိုင်)၀၉၇၉၆၇ | ထန်း၀(မြောက်)ရွာ၊နွားထိုးကြီးမြို့နယ်။ | (မြင်းခြံ) |
| ၄ | ၂၇ယ/၄၀၅၈၆ | ဗီဗီဘို ၁၁၀ | ဆိုင်ကယ် | ဦးနိုင်စိုး | ၉/ညဥန(နိုင်)၁၂၅၃၉၉ | ရွာသစ်တောင်ရွာ၊ ညောင်ဦးမြို့။ | (မြင်းခြံ) |
| ၅ | ၃/၁၆၈၃ | ဟီဇီဖောင်း | လျှပ်စစ်ဆိုင်ကယ် | ဦးကျော်မျိုးလွင် | ၁၂/မရက(နိုင်)၀၀၁၃၂၄ | ရေအားလျှပ်စစ်၊ ဘယ်လင်း၊ စဉ့်ကိုင်မြို့။ | (ကျောက်ဆည်) |
| ၆ | ၁၉ယ/၁၅၈၉၈ | ယင်စင်း ၁၀၀ | ဆိုင်ကယ် | ဦးရဲထွန်းဝင်း | ၉/ကဆန(နိုင်)၀၁၆၈၈၂ | မင်းရပ်၊ ကျောက်ဆည်မြို့။ | (ကျောက်ဆည်) |
| ၇ | ၆ယ/၈၆၂၇၈ | ကန်ဘိုဒရင်း ၁၂၅ | ဆိုင်ကယ် | ဦးအောင်ကျော်စိုး | ၁၄/ဟသတ(နိုင်)၁၄၈၇၇၁ | တာကြီးတန်း၊ပခန်းရပ်၊ ဟင်္သာတမြို့။ | (ဟင်္သာတ) |
| ၈ | ၉ယ/၁၈၄၆၃ | ဟွန်ဒါဒရင်း | ဆိုင်ကယ် | ဦးသိန်းဇော် | ၆/ထဝန(နိုင်)၀၀၁၇၂၁ | ၆၉၉၊ရွှေသဉ္ဇာလမ်း၊ ထားဝယ်မြို့။ | (ထားဝယ်) |
| ၉ | ၉ယ/၂၆၅၂၁ | ဟွန်ဒါဝေ့စ် | ဆိုင်ကယ် | ဦးဝင်းနိုင် | ၆/ထဝန(နိုင်)၀၈၈၂၃၈ | တရုပ်ပြင်(ထ)ရပ်၊ ထားဝယ်မြို့။ | (ထားဝယ်) |
| ၁၀ | ၁၇ယ/၃၀၇၄၃ | ဇော်ဆိုင်ကယ် | ဆိုင်ကယ် | ချင်းတွင်းနဂါးများကုမ္ပဏီလီမိတက် | | ပခုက္ကူစက်မှုဇုန်ရပ်၊ ပခုက္ကူမြို့။ | (ပခုက္ကူ) |
| ၁၁ | ၃ယ/၄၆၃၆၂ | ဟွန်ဒါဝေ့စ် | ဆိုင်ကယ် | ဦးနေဝင်း | ၆/လလန(ဧည့်)၀၀၁၀၀၁ | မောင်းမကန်ရွာ၊ လောင်းလုံမြို့။ | (ထားဝယ်) |
| ၁၂ | ၁၁ယ/၅၇၂၀၃ | လော့ဂျား | ဆိုင်ကယ် | ဦးသက်မျိုးထက် | ၉/မခန(နိုင်)၁၈၀၇၄၄ | အမှတ်(၆)ရပ်ကွက်၊ မြင်းခြံမြို့။ | (မြင်းခြံ) |
| ၁၃ | ၁ယ/၈၄၉၉ | ယာမဟာ | ဆိုင်ကယ် | ဦးဇော်မိုးခိုင် | ၉/ကပတ(နိုင်)၁၀၁၀၅၇ | စံပြရပ်၊ ကျောက်ပန်းတောင်းမြို့။ | (မြင်းခြံ) |
| ၁၄ | ၁၆ယ/၇၆၆၅၆ | ကန်ဘိုဒရင်း ၁၂၅ | ဆိုင်ကယ် | ဦးလှခိုင်ထွေး | ၁၄/ဇလန(နိုင်)၀၉၉၆၀၃ | ပျဉ်းမကုန်းအနောက်၊ ဇလွန်မြို့။ | (ဟင်္သာတ) |
| ၁၅ | ၁၇ယ/၅၂၃၃၅ | စူဇူကီးစမတ် ၁၁၀ | ဆိုက်ကယ် | ဦးမြင့်ဦး | ၈/ပခက(နိုင်)၀၉၉၀၉၇ | အမှတ်(၃)ရပ်၊ ဖလမ်း၊ပခုက္ကူမြို့။ | (ပခုက္ကူ) |
| ၁၆ | ၁၂ယ/၃၀၅၉၅ | လော့ဂျား | ဆိုင်ကယ် | ဦးအောင်ဇော်ထွန်း | ၉/ကပတ(နိုင်)၀၄၁၆၆၅ | ဘူတာရပ်၊ ကျောက်ပန်းတောင်းမြို့။ | (မြင်းခြံ) |
| ၁၇ | ၂၀ယ/၂၃၉၄၀ | ဇော်ဆိုင်ကယ် | ဆိုင်ကယ် | ချင်းတွင်းနဂါးများကုမ္ပဏီလီမိတက် | | ပခုက္ကူစက်မှုဇုန်ရပ်၊ ပခုက္ကူမြို့။ | (ပခုက္ကူ) |
| ၁၈ | ၁၉ယ/၂၅၈၁၁ | ရှာယန်း | ဆိုင်ကယ် | ဒေါ်တင်မမလှိုင် | ၈/တတက(နိုင်)၀၀၀၁၉၆ | ဆားစည်ရပ်၊ မကွေးမြို့ | (မကွေး) |

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဒုတိယအကြိမ် ရောဝတီစာပေပွဲတော် ၂၀၁၄ ကို မန္တလေးမြို့ ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ ကျင်းပမည်

ဒုတိယအကြိမ် ရောဝတီစာပေပွဲတော် (၂၀၁၄)ကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ရက်ထိ မန္တလေးမြို့ ကုသိုလ်တော်ဘုရားဝင်းတွင် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။ ရောဝတီစာပေပွဲတော်ကို ပွဲတော်ရက်အတွင်း နေ့စဉ် နံနက်၁၀နာရီတွင်စတင်ပြီး ညနေပိုင်းထိ ကျင်းပမည်ဖြစ်သည်။ ပထမအကြိမ် ရောဝတီစာပေပွဲတော်ကို ရန်ကုန်တွင် ကျင်းပခဲ့ပြီးဖြစ်သည်။

အဆိုပါ ပွဲတော်ကြီး ဖြစ်မြောက်ရေး အတွက် ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက အမေရိကန်စင်တာတွင် အစည်းအဝေးကျင်းပရာ ပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး၊ သွားလာမှု အဆင်ပြေစေရေး၊ ဆိုင်ခန်းများဖွင့်လှစ်ရေး အသေးစိတ်ကို မစ္စဂျိမ်းစ်၊ ဒေါ်မမနိုင် (ရုပ်သေး)နှင့် တက်ရောက်လာသူများက ဆွေးနွေးကြသည်။ ပွဲတော် အောင်မြင်စေရေး လုပ်အားပေးအဖွဲ့လည်း ကြိုတင်ပြင်ဆင်ထားရှိပြီး အသုံးပြုမည့် စက်ပစ္စည်းများ အဆင်ပြေစွာ အသုံးချနိုင်ရေး၊ စာတမ်းဖတ်ကြားရေး၊ ဆွေးနွေးမှု အစီအစဉ်များကို အဆင်ပြေချောမွေ့စေရေး ဆွေးနွေးကြသည်။

မန္တလေးတွင်ကျင်းပမည့် ရောဝတီစာပေပွဲတော်တွင် တစ်ဦးချင်းစီ စာတမ်းဖတ်ကြားခြင်း (Individual Readings)၊ ဆွေးနွေးဖလှယ်ခြင်း (Workshops/ Panel Discussions) တို့ ပါဝင်မည်ဖြစ်ပြီး အဆိုပါ အစီအစဉ်တွင် နိုင်ငံတကာမှ စာရေးဆရာများ၊ ရန်ကုန်မြို့မှ စာရေးဆရာများ၊ မန္တလေးဒေသခံစာရေး ဆရာများလည်းပါဝင်ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ စာပေပွဲတော်တွင် အင်္ဂလိပ်စာကြည့်တိုက်ပြပွဲ (British Library Exhibition)၊ ဓာတ်ပုံပြပွဲ (Photo Exhibitions)၊ စာအုပ်ဆိုင်များ (Book stalls)၊ မန္တလေးပန်းချီအနုပညာအဖွဲ့မှ ပန်းချီပြခန်း (Mandalay Art Club Exhibition)၊ စာရေးဆရာများ၏ လက်မှတ်ရေးထိုးပွဲများ (Book Signings)၊ ပျော်ပွဲရွှင်ပွဲများ (Street Entertainments)၊ စားသောက်ဆိုင်တန်းများ (Food stalls)၊ လက်မှုအနုပညာဆိုင်များ (Handicrafts)၊ ရုပ်ရှင်နှင့် မှတ်တမ်းတင်ဇာတ်လမ်းများ (Movies & Documentaries) တို့လည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါ ရောဝတီစာပေပွဲတော် ကျင်းပရေးအတွက် စာနယ်ဇင်းရှင်းလင်းပွဲလည်းကျင်းပမည်ဟု သိရသည်။ ဆိုင်ခန်းများ၊ ပွဲတော်လာ ပရိသတ်များအတွက် အခကြေးငွေ လုံးဝမယူဘဲ၊ လွတ်လပ်စွာ လာရောက်နားထောင် ကြည့်ရှုနိုင်သည်ဟုလည်း သိရှိရသည်။ **ခင်ခင်ဝင်း**

## သတင်းတိုများ

### ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းဆင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မြို့လှမြို့နယ်ခွဲ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းဆင်းပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက မြို့နယ် ထွေ/အုပ်ခန်းမ၌ ကျင်းပရာ မူကြိုကျောင်းသား/သူ (၂၆) ဦးတို့ကို တာဝန်ရှိသူများက ကျောင်းဆင်း လက်မှတ်များပေးအပ်ကြသည်။

မူကြိုကလေးများက 'မိဘဆရာ ရိုသေပါ' သီချင်းဖြင့် ဖျော်ဖြေကြပြီး ကျောင်းကော်မတီဥက္ကဋ္ဌ ဦးဆန်းကိုက မူကြိုကျောင်းဖွင့်လှစ်ပညာသင်ကြားမှု အခြေအနေကို ရှင်းလင်းပြောကြားခဲ့သည်။ **ဝါဝါ(ဗန်းမော်)**

### တောင်သူလယ်သမားများအား ချေးငွေများထုတ်ချေး

ဝါးခယ်မမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဇန်နဝါရီ ၂၂ ရက်၌ တောင်အူသပြုကျေးရွာ ၊ တုံးလှဲချောင်းကျေးရွာနှင့် ထီးပနန်းကျေးရွာများရှိ တောင်သူလယ်သမားအတွက်စပါး တစ်ဧကလျှင် ငွေကျပ် တစ်သိန်း၊ ပဲတစ်ဧကလျှင် ငွေကျပ်နှစ်သောင်း နှုန်းဖြင့် ချေးငွေများ ထုတ်ချေးပြီး ဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၂၁ ရက်အထိ အုပ်စုအဖွဲ့ပေါင်း ၂၄၅၃ အုပ်စု ၊ လူဦးရေပေါင်း ၁၅၉၂၂ ဦး၏ စပါးစိုက်ပျိုး ဧက ၇၇၃၇၉နှင့် ပဲစိုက်ပျိုး ဧက ၁၀၁၃၁ အတွက် စုစုပေါင်း ချေးငွေကျပ် ၇၉၄၀၅ ဒသမ ၂ သိန်းအား ထုတ်ချေးပြီး ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ဇီးကုန်း မြို့မဈေး မီးဘေးကာကွယ်ရေးဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ စည်ပင်သာယာ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့်သရုပ်ပြခြင်းကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် DCP (3kg) Dry Chemical Powder မီးသတ်ဆေးဘူးများ အသုံးပြုပုံကို လက်တွေ့သရုပ်ပြခဲ့သည်။

မြို့မဈေးကြီးတွင် မီးဘေးကာကွယ်ရေးအတွက် Fire Point (10) ခု၊ From မီးသတ်ဆေးဘူး ၃၄လုံး၊ DCP (3kg) မီးသတ်ဆေးဘူး ၇၉ လုံး၊ ရေဂါလန် ၂၄၀၀ ဆံ့ ရေစင်တစ်ခု၊ အဝီစိတွင်း တစ်တွင်း၊ မီးသတ်ရေငုတ် ကိုးခု၊ ရေလှောင်ကန်များနှင့် မီးသတ်စက်နှစ်လုံး ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### မြန်အောင်၌ မီးသတ်ရေကန်များ ရေဖြည့်တင်း

မြန်အောင်မြို့ သန္ဓေမီးသတ်တပ်ဖွဲ့နှင့် ဒေသပိုင်မီးသတ်အဖွဲ့တို့သည် ရပ်ကွက်များ အတွင်းရှိ အုတ်ရေကန်များသို့ ဇန်နဝါရီလအတွင်း ရေများလိုက်လံဖြည့်သည့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြသည်။ ဒေသပိုင်မီးသတ်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၃ ရက်က မြန်အောင်မြို့အမှတ်(၄) ရပ်ကွက်၊ အမှတ်(၅) ရပ်ကွက်နှင့် အမှတ်(၃) ရပ်ကွက်များအတွင်းရှိ မီးသတ်ရေကန်များအား ရေများလိုက်လံဖြည့်ဆည်းခဲ့ကြသည်။ **နေဝင်းဇော်(မြန်အောင်)**

## သိမ်းဆည်းထားသော နွားများကို လေလံတင်ရောင်းချ

**ခင်ဦး ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့တွင် သက်ဆိုင်ရာမှ ဖမ်းဆီးရမိပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော နွားများနှင့် အခြားပိုင်ရှင်မဲ့ နွား ၃၄ ကောင်ကို မြို့နယ်လေလံတင်ရောင်းချရေးကော်မတီက လေလံပွဲပြုလုပ် ရောင်းချမည်ဖြစ်သည်။

အဆိုပါလေလံပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် မြို့နယ်စည်ပင်သာယာခန်းမ၌ကျင်းပမည်ဖြစ်ရာ လျှောက်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင်ရောင်းချလျက်ရှိပြီးယခုလ ၂၈ ရက်တွင် ဖောင်ပိတ်မည်ဖြစ်သည်။

လေလံစည်းမျဉ်း စည်းကမ်းချက်များအရ ဝယ်ယူသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရှိ တောင်သူအမှန်ဖြစ်ရမည်ဖြစ်ပြီး အိမ်ထောင်စုတစ်စုကို နွားနှစ်ကောင်သာ ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။ **ရောင်နီတင်ဝင်း**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နတ်မောက်၌ ချေးငွေပေးအပ်

**နတ်မောက် ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေး ပံ့ပိုးချေးငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းသမဝါယမ ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမဦးစီးမှူးနှင့် အသင်းစုဥက္ကဋ္ဌတို့မှကျေး လက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး ပံ့ပိုးချေးငွေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အသင်းဟောင်း ၃၀ နှင့် အသင်းသစ် ၄၅ သင်းအတွက် စုစုပေါင်း ထုတ်ချေးငွေ ၃၈၆၈ ဒသမ ၈၅သိန်းကို တာဝန်ရှိသူများက ပံ့ပိုးငွေ ပေးအပ်ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်၊ တိုင်းသမဝါယမ ဦးစီးအရာရှိ ဒေါ်ဆယ်တင်၊ ဌာနဆိုင်ရာများ၊ အသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အခြေခံသမဝါယမအသင်း အမှုဆောင်များနှင့် အသင်းသားများ တက်ရောက်ကြသည်။ နတ်မောက်မြို့နယ်သည် မကွေးတိုင်းဒေသကြီးတွင် ဒုတိယအများဆုံးချေးငွေရရှိသော မြို့နယ်ဖြစ်သည်။ တက်ရောက်လာသော အသင်းသားတစ်ဦးက "နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်တာကို ကြိုဆိုပါတယ်။ ဒီနေ့မှာ တောင်သူအသင်းသား တစ်ဦးကို ငွေကျပ်တစ်သိန်းနှုန်း၊ အတိုးတစ်ကျပ်ခွဲ၊ သက်သာသော အတိုးနှုန်းနဲ့ ဆောင်ရွက်ပေးတာ ဝမ်းသာပါတယ်။ ကျေးလည်အောင်ပြန်ဆပ်သွားမှာပါ" ဟု ပြောကြားသည်။ **ဥမ္မာခင်(iprd)**

**နတ်မောက်မြို့နယ်သည် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဒုတိယချေးငွေ အများဆုံးရရှိသော မြို့နယ် . . .**


## နှစ် (၄၀)ပြည့် (ပတ္တမြားရတု) မင်္ဂလာကျေးဇူးတင်လွှာ

ဖေဖေ ဦးမြင့်ဦး (စီမံထူးချွန်တတိယဆင့်)နှင့်မေမေ ဒေါ်သန်းသန်းနွဲ့(လူမှုထူးချွန်တတိယဆင့်)တို့၏ ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင်ကျင်းပသော နှစ်(၄၀)ပြည့် (ပတ္တမြားရတု)မင်္ဂလာနှစ်ပတ်လည်အခမ်းအနားသို့ ကြွရောက် ချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိလူကြီးမင်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**သားများ၊ သမီးများ၊ မြေးများ**

- M.O Group Construction Co.,Ltd.
- Ancient Palace Trading Co.,Ltd.
- H$^2$O Car Rental Services
- Future Palace Real Estate

## မွေးနေ့ဆုတောင်းလွှာ

**ချစ်ခင်ပွန်း ဗိုလ်မှူးဇေယျာမျိုးမြင့်**

၂၈-၁-၂၀၁၄ မွေးနေ့မှသည် မွေးနေ့ပေါင်းများစွာကို မိသားစုနှင့်အတူ ပိုင်ဆိုင်နိုင်ပြီး လိုအင်ဆန္ဒများ ပြည့်ဝ၍ ဘဝခရီးလမ်းတစ်လျှောက် သူတော်ကောင်းများနှင့် သာတွေ့ဆုံပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့်သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်ဇနီး - ပွင့်သူဇာခိုင်**
**အထက်တန်းရှေ့နေ**
**မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၂၊ မြေကွက်အမှတ် ၈၉၄၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ ပါမစ်မြေကွက်မှာ ဦးအောင်စိုး အမည်ပေါက်လျက်ရှိပြီး ဦးအောင်စိုးထံမှ ကျွန်မ ဒေါ်ခင်အုန်းမြင့် ၆/ကသန(နိုင်)၀၀၃၀၀၄က ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ကျွန်မ ပိုင်ဆိုင်သောမြေကွက်ကို အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်နေထိုင်ခြင်း၊ ပိုင်ဆိုင်မှုအမည်ပြောင်းလဲခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ လဲလှယ်ခြင်းနှင့် ငှားရမ်းခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ အဆိုပါကိစ္စရပ်များ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အုန်းမြင့်**
**၆/ကသန(နိုင်)၀၀၃၀၀၄**
**ဖုန်း-၀၉-၄၉၅၈၂၆၇၁၊ ၀၉-၄၂၂၂၀၀၈၃၂**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၁၁၄၊ မြေကွက်တည်နေရာအမှတ် ၁၁၁၄၊ မာန်ပြေ ၁၈လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်အေးသင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အေးသင်(မိခင်)၏ ပထမအိမ်ထောင်ဦးထွန်းရှည်(ဖခင်)နှင့် သမီး ဒေါ်မြင့်မြင့်ရီနှင့် သမက်ဦးဆန်းဦးတို့ ကွယ်လွန်သဖြင့်၎င်း၏အစုအတွက် တစ်ဦးတည်းသောသား အမည်ပေါက်၏မြေး ဦးမျိုးမင်းကို ၁၂/သကတ(နိုင်)၁၅၅၄၃၅နှင့် ကျန်သားသမီးများဖြစ်သော (၁) ဦးမြင့်သိန်း ၁၂/သကတ(နိုင်)၀၃၁၂၀၃၊(၂)ဒေါ်ငွေငွေမို ၁၂/သကတ(နိုင်)၀၃၂၀၀၀၊ (၃)ဦးဆန်းသက်ထွေး၁၂/သကတ(နိုင်)၀၃၄၁၂၁နှင့် ဒေါ်အေးသင်(မိခင်)၏ ဒုတိယအိမ်ထောင် ဦးကြည်ဝင်း(ဖခင်)တို့ကွယ်လွန်သဖြင့်တစ်ဦးတည်းသောသမီးဒေါ်ကေသီခိုင် ၁၂/သကတ(နိုင်)၀၃၁၈၈၄တို့က ပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၃၆၁၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကိုဦး ၁၄/ဖပန(နိုင်)၁၃၁၉၉၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)၊ မအူပင်မြို့**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးခင်မောင်တင့် ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် မမှတ်မိမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၇၃၀၉၇၂၅၁**

## အမွေပြတ်စွန့်လွှတ်ကြောင်း

အမှတ် ၁၇၊ မြို့မတံတားလမ်း၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နေထိုင်သော မအေးအေးမြင့် ၁၀/မလမ(နိုင်)၁၆၁၆၆၁တို့၏သား မောင်ခင်အောင်နိုင် ၁၀/မလမ(နိုင်)၂၃၈၃၈၁ သည် အုပ်ထိန်းသူ၏ယုံကြည်မှုအားလုံးကို အလွဲသုံးစားပြုမှု ဆောင်ရွက်သွားပါသောကြောင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ အဆိုးအကောင်းကိစ္စမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **အုပ်ထိန်းသူမိသားစုများနှင့် ဒေါ်အေးအေးမြင့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၁-၂၀၁၄ရက် ဤသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၈) ဦးမြတ်သူရသန့်၏အမည်ပြောင်းတွင် မြေကွက်အမှတ် ၅၂အစား ၂၅ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ကယားပြည်နယ်ဖွံ့ဖြိုးစေရေး စုပေါင်းဆောင်ရွက်

**အခက်အခဲများ ညှိနှိုင်း . . .**

**လွိုင်ကော် ဇန်နဝါရီ ၂၇**

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီနှင့် ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီ ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ ၌ကျင်းပရာ အခမ်းအနားသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အစိုးရအဖွဲ့ ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် အဖွဲ့ဝင်များ၊ ကယားပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အစိုးရအဖွဲ့ ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ငွေက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်ပြီး တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ကော်မတီ ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်/ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ၊ စည်ပင်သာယာရေး ကော်မတီများနှင့်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ စသည်တို့က မိမိတို့၏ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် အခက်အခဲရှိနေသည့် ပြဿနာကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ထားဝယ်မြို့တွင် စာသင်ဆောင်သစ် ဖွင့်လှစ်

**ထားဝယ် ဇန်နဝါရီ ၂၇**

ထားဝယ်မြို့ အစိုးရနည်းပညာ အထက်တန်းကျောင်း စာသင်ဆောင်သစ် လှူဒါန်းပွဲနှင့် ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အစိုးရနည်းပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုက သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေး ပညာဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် လူငယ်၊ လူရွယ်များ အခြေခံပညာ အထက်တန်းအဆင့်မှ မိမိဒေသတွင်း နည်းပညာ ဘာသာရပ်များအား လေ့လာသင်ကြားနိုင်စေရန် အစိုးရနည်းပညာ အထက်တန်းကျောင်းများကို တစ်နိုင်ငံလုံးတွင် (၃၆)ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ ကော့သောင်းခရိုင်တွင်လည်း ထပ်မံဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

PC Myanmar Ltd မှ မြန်မာနိုင်ငံဆိုင်ရာ Petronas တာဝန်ခံ Mr.Chen Kah Seong က စာသင်ဆောင်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ အစိုးရ နည်းပညာ အထက်တန်းကျောင်း (ထားဝယ်) ကျောင်းအုပ်ကြီး ဦးမျိုးမင်းဟန်က အစိုးရနည်းပညာအထက်တန်းကျောင်း (ထားဝယ်)၏ သင်ကြားမှုများနှင့်ကျပ်သန်းပေါင်း ၁၃၃၁၆၂၆၉၄ကျပ်ရှိစာသင်ဆောင်သစ်အား ဆောက်လုပ်လှူဒါန်းပေးခဲ့သည့်အတွက် စာသင်ခန်း၊ လက်တွေ့ခန်းနှင့် ပုံဆွဲခန်းများအား သီးခြားထားရှိနိုင်မည့်အပြင် ကျောင်းစာကြည့်တိုက်၊ ကွန်ပျူတာခန်းကိုလည်း သီးသန့်ထားရှိနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

**ကျော်ကျော်လတ်**




**မော်လူး ဇန်နဝါရီ ၂၇**

အင်းတော်မြို့နယ် မော်လူး ရပ်ကွက် (၇)တွင် ဇန်နဝါရီ ၂၆ရက်နံနက်၁ နာရီ မိနစ်၄၀ခန့်က ဝိုင်ယာရှော့ခ်မှ မီးလောင်မှုဖြစ်ပွားရာ မော်လူးဒေသ အရန်မီးသတ်ကားတစ်စီးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းငြိမ်းသတ်၍ နံနက် ၂နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ မော်လူးရဲစခန်းက အရေးယူလျက်ရှိကြောင်း သိရသည်။ **နီတိုး**

# ကလေးသူငယ်ကို မူးယစ်ဆေးဝါးသယ်ယူရေးလုပ်ငန်းတွင် နောက်ကွယ်မှအသုံးချသူကို စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဘားအံမူးယစ်အထူးတပ်စုက ဖော်ထုတ်ဖမ်းဆီး

**ဘားအံ ဇန်နဝါရီ ၂၇**

မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရေးတွင် ကလေးသူငယ်ကို အသုံးချ၍နောက်ကွယ်မှကြိုးကိုင်စေခိုင်းသူကို စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ ဇန်နဝါရီ ၂၁ ရက် ညနေ ၆ နာရီတွင် ကရင်ပြည်နယ် ဘားအံမူးယစ်တပ်ဖွဲ့စု (၃၁)က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့စု (၃၁) မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဘားအံမြို့ အမှတ်(၇) ရပ်ကွက်၊ ဘားအံ-မော်လမြိုင် အဖြောင့်လမ်းမကြီးဘေး "ရွှေကြက်ဖ" စားသောက်ဆိုင်ရှေ့တွင် စောင့်ဆိုင်းနေစဉ် ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာနေသူ အောင်ကျော်မိုးရောက်ရှိလာပြီး ငါးမိနစ်ခန့်အကြာတွင် အသက် (၁၃) နှစ် အရွယ်ရှိ မျိုးဇော်ဦး (ခ) မင်းထက်ဦး မောင်းနှင်လာသည့် Wave 100 အနက်ရောင်မော်တော်ဆိုင်ကယ်က အောင်ကျော်မိုးအနီးသို့ရောက်ရှိလာသဖြင့် ၄င်းတို့နှစ်ဦးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်ပြီး သက်သေများရှေ့တွင်ရှာဖွေရာ အောင်ကျော်မိုးဝတ်ဆင်ထားသည့် ရှပ်အင်္ကျီ အိတ်ကပ်နှင့် ဆိုင်ကယ် Tool Box အတွင်းမှ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၁ ပြား၊ အလေးချိန် ၂၀၉ ဒသမ ၁ ဂရမ်၊ ကာလတန်ဖိုးစုစုပေါင်း ငွေကျပ် ၇၃၁၈၅၀၀ နှင့် မော်တော်ဆိုင်ကယ်တစ်စီးတို့ကို သက်သေများ ရှေ့တွင် သိမ်းဆည်းခဲ့သည်။

အောင်ကျော်မိုးကို ဆက်လက်စစ်ဆေးရာ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများမှာ လွန်ခဲ့သော ရက် ၂၀ ခန့်က ဘားအံမြို့ ရေတံခွန်တွင် ဖော်ဖော်အောင်ဆိုသူနှင့်တွေ့ဆုံရင်းနှီးခဲ့ပြီး ၄င်းပိုင်မော်တော်ယာဉ်ဖြင့် ဘားအံ-သထုံ-ဘုရားကြီး-တောင်ငူလမ်းကြောင်းအတိုင်း အတူသွားရောက်ကာ ကယားပြည်နယ် နယ်စပ်၊ မြို့နယ်မသိ ကော်ဖီစိုက်ခင်းတွင် ထားခဲ့ပြီး ဖော်ဖော်အောင်ဆိုသူက ၄င်းမော်တော်ယာဉ်ကိုယူဆောင်သွားကာ စိတ်ကြွရူးသွပ်ဆေးပြား အပြား ၂၀၀ စီပါ ၁၂ ထုပ်နှင့် မော်တော်ယာဉ်ကို လဲလှယ်ယူဆောင်လာခဲ့ကြောင်း မည်သည့်နေရာမှ ယူလာသည်ကို မသိရှိရကြောင်း ထွက်ဆိုအစစ်ခံခဲ့သည်။

အမှုဖြစ်စဉ်နှင့်ပတ်သက်၍ အရွယ်မရောက်သေးသော ကလေးသူငယ်ကို စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချရန်အလို့ငှာ စေခိုင်းပြီး စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်တွေ့ရှိသူ အောင်ကျော်မိုး (၃၇နှစ်) ကော့ကျိုက်ကျေးရွာ ဘားအံမြို့နယ်နေသူကို အမှုဖွင့်အရေးယူထားသည်။

**ထွန်းထွန်းထွေး(ဘားအံ)**


## သိစေရန်ကြေညာ

၁။ ဒေါ်စန်းစန်းမြင့် ၁၂/ဒဂတ(နိုင်)၀၆၉၂၈၆
၂။ ဒေါ်သောင်းအေး ၁၂/သဃက(နိုင်)၀၆၆၅၈၁
၃။ ဒေါ်ရီရီတင့် ၁၂/သဃက(နိုင်)၀၆၇၅၃၅
၄။ ဒေါ်ခမ်းမွန်အေး ၁၂/သဃက(နိုင်)၀၄၅၀၆၅

အမှတ် ၇၉၇၊ ရတနာလမ်း၊ (ဆ/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ နေသူများနှင့် လူအများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ လိပ်စာတည်ရှိရာ အလျား ၃၈'/၂၅' × အနံ ၇၀' ရှိ မြေကွက်ပေါ်တွင် တိုက်သစ်တစ်လုံး ဆောက်လုပ်၍ အကျိုးတူခွဲဝေခံစားရန် အထက်ဖော်ပြသူတို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၃၁၉နေ ကျွန်ုပ်၏မိတ်ဆွေ ကန်ထရိုက်တာ ဦးကျော်သူရ ၁၂/တမန(နိုင်)၀၇၆၂၄၈ တို့သည် အပြန်အလှန် သဘောတူညီချက်များပါဝင်သော ၄-၃-၂၀၁၂ရက်စွဲပါ စာချုပ်ကို ချုပ်ဆိုကြ၍ အထက်ဖော်ပြသူတို့က ငွေကျပ်သိန်းလေးဆယ် (သိန်း၄၀)ကို ဦးကျော်သူရထံမှ လက်ခံရယူသွားခဲ့ပါသည်။ စာချုပ်ပါ သဘောတူညီချက်အရ တိုက်သစ်ဆောက်လုပ်ခွင့်ရရှိရေး ဆောင်ရွက်ရန် ဂျီပီ ၅၆၂၅/ ၂၀၁၂ကို ပေးအပ်သဖြင့် ဦးကျော်သူရမှ ကြိုးစားဆောင်ရွက်ခဲ့ရာ ကန့်ကွက်ရန်အကြောင်းရှိပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းကို မြို့နယ်စည်ပင်၊ အင်ဂျင်နီယာ (အဆောက်အအုံ)မှ ၄-၉-၂၀၁၃ရက်ထုတ် မြို့တော်သတင်းစာတွင် ကြေညာချက်ထုတ်ခဲ့ပြီးဖြစ်သည်။ ၁၅ရက်အတွင်းတွင် ကန့်ကွက်သူ မပေါ်ပေါက်ခဲ့ပါ။

ကန့်ကွက်ရန် ကန့်သတ်ရက်ကျော်လွန်ပြီးနောက်တွင်မှ ၄-၃-၂၀၁၂ရက်စွဲပါ စာချုပ်မှာ ပျက်ပြယ်ကြောင်း ဂျီပီကိုလည်း ရုပ်သိမ်းကြောင်း ၁၄-၁၀-၂၀၁၃ရက်စွဲပါ အကြောင်းကြားစာကို ပေးပို့ခဲ့သဖြင့် ဦးကျော်သူရထံမှ ငွေကြေးကိုလည်း လက်ခံရယူထားပြီး ဂျီပီပေးကာ ဆောင်ရွက်စေသဖြင့် ဦးကျော်သူရ၏ကြိုးပမ်းမှုကြောင့် တိုက်သစ်ဆောက်လုပ်ခွင့်ပြုရန် ကန့်ကွက်သူရှိမရှိ ကြေညာရက်လွန်မြောက်ပြီးမှ ဤသို့ပြုလုပ်ခြင်းမှာ ယခုအနေအထားတွင် မူလကထက် မြေအခြေအနေမြင့်၍ တန်ဖိုးတက်လာမှ အခွင့်အရေးကို တိုးတောင်းရာ ဦးကျော်သူရက မလိုက်လျောနိုင်ခဲ့ပါ။ ဤတွင် အထက်ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် အခြားတစ်ဖက်သို့ မျက်နှာလှည့်သွားပြီး အထက်ပါကဲ့သို့ကြေညာခြင်းများ ပြုလုပ်ကြသည်မှာ မရိုးမဖြောင့်သောသဘောဖြင့် ယုံကြည်မှုကို ချိုးဖောက်ခြင်းဖြစ်သောကြောင့် အပြစ်မကင်းသော အပြုအမူဖြစ်၍ ကိုယ်တိုင်တာဝန်ခံရမည်သာဖြစ်ကြောင်း ၂၈-၁၀-၂၀၁၃ရက်စွဲပါ နို့တစ်စာဖြင့် အကြောင်းပြန်ခဲ့ပြီးဖြစ်သည်။

တစ်ဖန် ၂၂-၁၂-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဦးကျော်သူရ၏ အမည်ကို သုံးစွဲ၍ အထက်ပါအချက်များကို ကြေညာထားပြန်ပါသည်။ သို့သော် ဦးကျော်သူရက ကန့်ကွက်ငြင်းဆိုတုံ့ပြန်ချေပ အကြောင်းကြားသည့် ၂၈-၁၀-၂၀၁၃ နို့တစ်စာအကြောင်းကိုမူ ယင်းတို့၏သတင်းစာကြေညာချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုဘဲ ထိမ်ချန်ထားပါသည်။ ယင်းသို့မရိုးမဖြောင့်သောသဘောဖြင့် ကြေညာ၍ အနိုင်နှင့်ပိုင်းရန် ကြိုးစားခြင်းမှာ အပြစ်မကင်းသောဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အထက်ဖော်ပြသူတို့၏ ၂၂-၁၂-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာနှင့် ၁၄-၁၀-၂၀၁၃ရက်စွဲပါ အကြောင်းကြားစာတို့ကို ပြန်လည်ရုပ်သိမ်းလိုက်ရန် လေးနက်စွာ သတိပေးတောင်းဆိုလိုက်သည်။ယင်းသို့ တစ်ဖက်သတ်ကြော်ငြာရုံဖြင့် ၄-၃-၂၀၁၂ရက်စာချုပ်သည်လည်းကောင်း၊ ဂျီပီ ၅၆၂၅/၂၀၁၂သည်လည်း ပျက်ပြယ်ခြင်းမရှိ မူလအာနိသင်အတိုင်း ရှိနေမည်ဖြစ်၍ ရှေ့တိုးမဆောင်ရွက်ရန် တားမြစ်လိုက်သည်။ မလိုက်နာပါက အထက်အမည်ပါပုဂ္ဂိုလ်တို့၏တာဝန်သာဖြစ်လိမ့်မည်ဟု သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သိန်း (စဥ်-၈၂၈၁)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၃၁၇၇၉၀၈**

**ထွန်းဝင်း (စဥ်-၆၄၀၉)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၃၀၅၇၅၇၆**

**အမှတ် ၁၀၆၊ ဒုတိယထပ်(ဝဲ)၊ ၁၀၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေကွက်အမှတ်(၃၉/၅၅၉) ဟုခေါ်တွင်သော ပေ(၅၀×၅၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဦးနေဝင်း (TYT -၀၀၃၁၅၇) အမည်ပေါက်မြေချပါမစ်အမျိုးအစား မူလအမည်ပေါက်ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူ ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ထား၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးဇော်လှိုင်ဘွား ၇/ညလပ(နိုင်)၁၀၅၂၆၄ထံမှ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် မြေ၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇေယျာအောင်**
**အထက်တန်းရှေ့နေ(စဥ်-၃၂၄၉၄)**
**အမှတ် (၄၆၅)၊ လှိုင်မြစ်လမ်း၊**
**ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၅၀၆၈၃၃၉**

**ဦးသိန်းနိုင်**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၄၆၈၉)**
**တိုက် (၅)၊ အခန်း (၁၀၁)၊**
**အောင်ဇေယျအိမ်ရာ၊ ကမ်းနားအလယ်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၅၀၈၁၆၅၈**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ် ၁၁၂၈/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁၂၈/ခ၊ယသာဝတီလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးငွေလှိုင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးငွေလှိုင်ကွယ်လွန်သဖြင့် ဒေါ်နန်းငွေခင် ၁၂/ဥကတ(နိုင်)၀၆၃၉၆၈က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၁၉-၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၁တွင်ပါရှိသော ဦးထိန်လင်း ပါ (၄)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေဦးထင်လင်းနိုင်၏ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ ၃၈လမ်း၊ တိုက်အမှတ်၉၇၏ မြေညီထပ် (ခေါင်းရင်းခန်း)နှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်ကို ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြင်တော်သာလမ်း၊ တိုက်အမှတ် (A-3) သုံးလွှာနေ ဒေါ်ခင်မကြီး ၁၂/ကတတ(နိုင်)၀၁၀၂၆၆၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးထိန်လင်း ပါ(၄) ဦးနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ နေအိမ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ခဲ့သူ ဒေါ်တင်တင် ၁၂/ကတတ(နိုင်)၀၀၃၂၉၂ထံမှ ဒေါ်ခင်မကြီးနှင့် ညီမ ဒေါ်သန်းသန်းဌေး(ခ)လှအုံးမယ်တို့က ၂၃-၈-၁၉၉၆ ရက်စွဲပါ အိမ်ခန်းအပျောက်နှင့် အရောင်းအဝယ်ပြုလုပ်သည့် ကတိစာချုပ်ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိခဲ့ပါသည်။တိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းလည်း ဒေါ်ခင်မကြီး၏လက်ဝယ်တွင်ရှိပြီး တိုက်ခန်းရောင်းသူ ဒေါ်တင်တင်လည်း သက်ရှိထင်ရှားရှိပါသည်။ ပူးတွဲပိုင်ဆိုင်သူ အပျိုကြီး ညီမ ဒေါ်သန်းသန်းဌေး(ခ) လှအုံးမယ်မှာ ကွယ်လွန်သွားခဲ့သဖြင့် ယခုအခါ ဖော်ပြပါတိုက်ခန်းကို ဒေါ်ခင်မကြီး တစ်ဦးတည်းက လွတ်လပ်စွာလက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

၁၉-၁-၂၀၁၄ရက် သတင်းစာတွင် ဖော်ပြပါတိုက်ခန်းနှင့်အကျိုးခံစားခွင့်တို့သည် အထက်ဖော်ပြပါ လွှဲအပ်သူလေးဦးနှင့် လက်ရှိဖြစ်သူ ဒေါ်ခင်မကြီးတို့၏မိဘများဖြစ်သော ဦးအေးကြည်နှင့် ဒေါ်ရီတို့၏လက်ထက်ပွားပစ္စည်းဖြစ်ပါသည်ဟု ဖော်ပြခဲ့ခြင်းသည် မှန်ကန်မှုမရှိပါ။ အမွေဆိုင်ပစ္စည်းလည်းမဟုတ်ပါ။ သို့အတွက် အထက်ပါ တိုက်ခန်း၏ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် စာချုပ်စာတမ်းများနှင့်အတူ လက်ရှိဖြစ်သူ ဒေါ်ခင်မကြီးမှ မည်သူတစ်ဦးတစ်ယောက်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမလိုအပ်ဘဲ အဆိုပါတိုက်ခန်းကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း အပါအဝင် မည်သည့် ကိစ္စရပ်ကိုမဆို ပြုလုပ်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးထွန်းထွန်းသာ (စဥ်-၉၉၀၅)**
**ဒေါ်ခင်မကြီး၏အကျိုးဆောင်ရှေ့နေ**
**ဖုန်း-၀၉-၇၃၁၂၄၀၇၄၊ ၀၉-၂၅၄၀၀၅၀၈၂**

ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

## စစ်တွေတက္ကသိုလ်
## (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်ကြေညာချက်

၁။ စစ်တွေတက္ကသိုလ် (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

| စဉ် | ဘွဲ့ | အစမ်းလေ့ကျင့်ရမည့် နေ့ရက်နှင့်အချိန် | ဘွဲ့နှင်းသဘင် တက်ရောက်ရမည့်နေ့ရက်နှင့်အချိန် |
|---|---|---|---|
| ၁။ | က။ မဟာသုတေသနဘွဲ့(၂၀၀၄)(၂၀၁၁-၂၀၁၂ ပညာသင်နှစ်) ရူပဗေဒ<br>ခ။ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၀၅)(၂၀၁၁-၂၀၁၂ ပညာသင်နှစ်) ပထဝီဝင်၊ ဓာတုဗေဒ၊ သင်္ချာ<br>ဂ။ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)(၂၀၀၈)(၂၀၁၁-၂၀၁၂ ပညာသင်နှစ်) မြန်မာစာ၊ ပထဝီဝင်၊ ဓာတုဗေဒ ရူပဗေဒ၊ ဘူမိဗေဒ<br>ဃ။ ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၀၉)(၂၀၁၁-၂၀၁၂ ပညာသင်နှစ်) မြန်မာစာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ ရူပဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ | ၁၃-၂-၂၀၁၄<br>(ကြာသပတေးနေ့)<br>နံနက်(၈း၀၀)နာရီ | ၁၅-၂-၂၀၁၄<br>(စနေနေ့)<br>နံနက် ၉း၀၀ နာရီ |
| ၂။ | က။ မဟာဥပဒေဘွဲ့ (၂၀၀၅)(၂၀၁၁-၂၀၁၂ ပညာသင်နှစ်) ဥပဒေပညာ<br>ခ။ မဟာသိပ္ပံဘွဲ့(၂၀၀၅)(၂၀၁၁-၂၀၁၂ ပညာသင်နှစ်) ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ<br>ဂ။ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (၂၀၀၈)(၂၀၁၁-၂၀၁၂ ပညာသင်နှစ်) သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ<br>ဃ။ ဥပဒေဘွဲ့ (၂၀၀၈)(၂၀၁၁-၂၀၁၂ ပညာသင်နှစ်) ဥပဒေပညာ<br>င။ ဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၀၉)(၂၀၁၁-၂၀၁၂ ပညာသင်နှစ်) အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ စာရင်းအင်းပညာ | ၁၃-၂-၂၀၁၄<br>(ကြာသပတေးနေ့)<br>နံနက် (၈း၀၀)နာရီ | ၁၅-၂-၂၀၁၄<br>(စနေနေ့)<br>မွန်းလွဲ(၂း၀၀)နာရီ |
| ၃။ | က။ မဟာသုတေသနဘွဲ့ (၂၀၀၅)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) သင်္ချာ<br>ခ။ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၀၆)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) ပထဝီဝင်၊ သင်္ချာ၊ သတ္တဗေဒ<br>ဂ။ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (၂၀၀၈)(၂၀၁၁-၂၀၁၂ ပညာသင်နှစ်) စာရင်းအင်းပညာ၊ ဇီဝဓာတုဗေဒ<br>ဃ။ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (၂၀၀၉)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) ဓာတုဗေဒ<br>င။ ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၀၉)(၂၀၁၁-၂၀၁၂ ပညာသင်နှစ်) ပထဝီဝင်၊ သမိုင်း၊ ရုက္ခဗေဒ၊ ဇီဝဓာတုဗေဒ | ၁၃-၂-၂၀၁၄<br>(ကြာသပတေးနေ့)<br>နံနက်(၈း၀၀)နာရီ | ၁၆-၂-၂၀၁၄<br>(တနင်္ဂနွေနေ့)<br>နံနက်(၉း၀၀)နာရီ |
| | စ။ ဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၁၀)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) မြန်မာစာ၊ စိတ်ပညာ၊ သင်္ချာ၊ ဇီဝဓာတုဗေဒ | ၁၃-၂-၂၀၁၄<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၁း၀၀ နာရီ | ၁၆-၂-၂၀၁၄<br>(တနင်္ဂနွေနေ့)<br>နံနက် ၉း၀၀ နာရီ |
| ၄။ | က။ မဟာသုတေသနဘွဲ့ (၂၀၀၅)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) သတ္တဗေဒ<br>ခ။ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၀၆)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) မြန်မာစာ၊ ဘူမိဗေဒ<br>ဂ။ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (၂၀၀၉)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) သင်္ချာ၊ သတ္တဗေဒ<br>ဃ။ ဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၁၀)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) ပထဝီဝင်၊ ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ | ၁၃-၂-၂၀၁၄<br>(ကြာသပတေးနေ့)<br>မွန်းလွဲ(၁း၀၀)နာရီ | ၁၆-၂-၂၀၁၄<br>(တနင်္ဂနွေနေ့)<br>မွန်းလွဲ(၂း၀၀)နာရီ |
| ၅။ | က။ မဟာသိပ္ပံဘွဲ့(၂၀၀၆)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ<br>ခ။ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့(၂၀၀၉)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) ရူပဗေဒ၊ ဘူမိဗေဒ<br>ဂ။ ဥပဒေဘွဲ့ (၂၀၀၉)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) ဥပဒေပညာ<br>ဃ။ ဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၁၀)(၂၀၁၂-၂၀၁၃ ပညာသင်နှစ်) အင်္ဂလိပ်စာ၊ သမိုင်း၊ ဓာတုဗေဒ၊ ရုက္ခဗေဒ | ၁၃-၂-၂၀၁၄<br>(ကြာသပတေးနေ့)<br>မွန်းလွဲ(၁း၀၀)နာရီ | ၁၇-၂-၂၀၁၄<br>(တနင်္လာနေ့)<br>နံနက်(၉း၀၀)နာရီ |

၂။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားများတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့အနက်မှ နှစ်သက်ရာဝတ်စုံကို အပြည့်ဝတ်ဆင်၍ တက်ရောက်ကြရပါမည်။

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများကို ၁၀-၂-၂၀၁၄ ရက် (တနင်္လာနေ့)မှစ၍ စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ(မြေညီထပ်)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို စစ်တွေတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန ဖုန်း-၀၄၃-၂၂၃၄၃၊ ၂၂၃၄၀ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ထွန်းလှ)**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**စစ်တွေတက္ကသိုလ်**

**ကန့်ကွက်နိုင်ပါကြောင်း**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉/သမိုင်း၊ မြေကွက်အမှတ် ၄/၃ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ် ၇၅၊ ကမ္ဘာအေးဘုရားလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် မဘူဒီ အမည်ပေါက် အယ်လ်မြေအား အမည်ပေါက် မိခင် ဒေါ်ဘူဒီမှာ ၁၇-၁၀-၉၀တွင်လည်းကောင်း၊ ဖခင် ဦးအေဘီဒေး(ခ)ဘာဘူမှာ ၁၀-၆-၇၃ရက်တွင်လည်းကောင်း ကွယ်လွန်သွားပါသဖြင့် သားသမီးများဖြစ်ကြသည့် ဦးတင်လှနှင့် ဒေါ်ခင်ဝင်းကြည်တို့အား မွေးဖွားခဲ့ပါသည်။ ဦးတင်လှမှာ ၁၆-၄-၉၂ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ ဇနီးများဖြစ်ကြသည့် ဒေါ်စောငြိမ်း ၁၂/မရက(နိုင်)၀၆၉၂၃၃၊ ဒေါ်စန်း တီတီအီး-၁၂၈၅၀၇၊ ညီမ ဒေါ်ခင်ဝင်းကြည် ISN-၅၁၁၄၆၄ တို့နှင့်အတူ ပူးတွဲပိုင်ရှင်ဖြစ်သည့် ဒေါ်သန်းငွေ ၁၂/မရက(နိုင်)၀၅၁၇၂၇ တို့က ပူးတွဲ၍ ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ထောက်ခံချက်၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ပိုင်ဆိုင်မှုအထောက်အထားများ တင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မင်္ဂလာဧည့်ခံပွဲ၊ ညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်နေ
ဦးတင်မောင်ဝင်း-ဒေါ်ခင်သန်းတို့၏တစ်ဦးတည်းသောသား

**မောင်ဘိုဘို** BA, Eng

**နှင့်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ
ဦးတင်ယု (အရှေ့ဦးကုန်စည်ပို့ဆောင်ရေး)-ဒေါ်သန်းသန်းမြင့် တို့၏တစ်ဦးတည်းသောသမီး

**မတင်ဇာယု**
IADCS, B.Sc (Hons;) Computer and information system

တို့၏ ၂၀-၁၁-၂၀၁၃ရက်တွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေအားလည်းကောင်း၊ ၁၈-၁-၂၀၁၄ရက် Westerm Park ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲ၌ မင်္ဂလာအောင် စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဘိုးဘိုးဦးကျော်မြင့်နှင့် ဘွားဘွား ဒေါ်တင်တင်အေး (တင်တင်အေး ထိပ်တန်းမုန့်ဟင်းခါး) တို့ကို လည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ချီးမြှင့်ပေးကြသော ဗိုလ်ချုပ်တင်ဆွေဝင်းနှင့် ဇနီး ဒေါ်ခင်နှင်းယု၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြသော ဗိုလ်မှူးကြီးတင်ဝင်း(လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဇနီး၊ ဦးအောင်ခင် (လမ်းပန်းဆက်သွယ်ရေးဝန်ကြီး) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဇနီး၊ ဦးကျော်စိုး (သစ်တောရေးရာနှင့် ဆောက်လုပ်ရေးဝန်ကြီး)၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဇနီး၊ ဦးသန်းမြင့် (စီးပွားရေးစီမံကိန်းနှင့် အားကစားဝန်ကြီး) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဦးမြင့်ဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်) မြန်မာ့စီးပွားရေးဘဏ်နှင့် ဇနီး၊ ဦးအောင်သန်းမြင့် (ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)နှင့် ဇနီးတို့ကိုလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးလှမျိုး၊ မင်္ဂလာပန်းကြဲ၊ မင်္ဂလာပန်းကိုင် သမီးငယ်များအားလည်းကောင်း၊ အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော (အဝေးပြေး/ကုန်စည်) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ကျေးဇူးတင်ထိုက်သောသူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဘိုဘို-မတင်ဇာယု**

## ဖြူးမြို့၊ အထက(၂)(ယခင်အုတ်ဖြတ်လမ်း အလယ်တန်းကျောင်း)
## (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ဖြူးမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ယခင်အုတ်ဖြတ်လမ်း အလယ်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ဖြူး အထက(၂) အောင်ဆန်းခန်းမ၌ ကျောင်းသား ကျောင်းသူဟောင်းများမှ ဂါရဝပူဇာများဖြင့်လည်းကောင်း၊ ကံစမ်းမဲများဖြင့်လည်းကောင်း ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ(နှစ်အကန့်အသတ်မရှိ) စုံညီစွာ တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| **၁။ ဒေါက်တာခင်မောင်မြင့်ကျော် (ဖိုးလမင်း-ဆေးခန်း)** | **ဖုန်း-၀၉-၈၆၆၆၁၁၅** | **၆။ ဒေါ်စန်းငွေအောင်(အထက-၂၊ ဖြူး)** | **ဖုန်း-၀၉-၄၂၈၁၇၄၈၇၇** |
| | | **၇။ ဒေါ်အေးအေးသန်း(ဆသရ-ဖြူးစာတိုက်)** | **ဖုန်း-၀၉-၄၅၈၀၂၅၁၃၁** |
| **၂။ ဦးကြည်ထွေး(ဖြူး-ဗိုလ်လရောင်ထီဆိုင်)** | **ဖုန်း-၀၉-၅၃၉၀၂၉၂** | **၈။ ကိုသက်လှိုင်ဦး(ခ)ကိုသိမ်မွှေ** | **ဖုန်း-၀၉-၄၃၀၁၆၉၀၁** |
| **၃။ ဦးစိုးမြိုင်(ချန်ပီယံ-စက်ဘီးဆိုင်)** | **ဖုန်း-၀၉-၃၁၇၅၁၃၅၄** | **၉။ ကိုရဲဝင့်ကျော်စိုး(ခ)ကေတု** | **ဖုန်း-၀၉-၄၂၈၁၁၀၁၁၅** |
| **၄။ ဦးကျော်မင်း(ရှိုင်း-မော်တော်စတိုး)** | **ဖုန်း-၀၉-၅၃၅၀၃၇၅** | **၁၀။AGD Bank Account(ဖြူး-ဘဏ်ခွဲ)** | **No 3061220001861** |
| **၅။ ဦးထင်အောင်ကျော်(ဒိုင်း-ဆေးလိပ်ခုံ)** | **ဖုန်း-၀၉-၄၃၀၃၃၈၆၁** | | |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**အင်းစိန်မြို့နယ်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂/၂၀၁၄**

ဦးထွန်းငွေ **နှင့်** ဦးဘစိန်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမှတ်(၅)၌ နေထိုင်သူ ဦးဘစိန် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းငွေက မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုထားသည်ဖြစ်ရာ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီး စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၅ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းများကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်လွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ အင်းစိန်မြို့နယ်တရားရုံး**

## ဦးရဲဝင်းထွန်း ၁၂/ဗဟန(နိုင်)၀၈၇၆၁၂နှင့် အများသိစေရန်

ကျွန်မ ဒေါ်အေးစန္ဒာမြင့် ၁၂/တမန(နိုင်)၁၀၃၃၆၃နှင့် ဦးရဲဝင်းထွန်း ၁၂/ဗဟန(နိုင်) ၀၈၇၆၁၂တို့သည် ဗမာလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး ၁၆-၂-၂၀၀၉ရက်တွင် ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြသူများဖြစ်ကြပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်အမှတ် ၃၊ အခန်းအမှတ် ၁၀၃ မှာ နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းတစ်ရပ်ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းကို ဝယ်ယူစဉ်ကလည်း လင်မယားနှစ်ဦးအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်အေးစန္ဒာမြင့်၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ ဦးရဲဝင်းထွန်း ကိုယ်တိုင်သော်လည်းကောင်း၊ အခြားတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း မပြုစေရန် သတိပေး တားမြစ်ကြေညာအပ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်းပြီး ဒေါ်အေးစန္ဒာမြင့် တားမြစ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုပါက ဆောင်ရွက်လုပ်ကိုင်ကြသူများ၏ တာဝန်သာဖြစ်ပါကြောင်း လေးနက်စွာ သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဦးမျိုးရွှေ** | **ဒေါ်ခင်သီတာလွင်** | **ဒေါ်ဆုမြတ်ဇင်မွန်သိမ့်** | **ဦးဗိုလ်ဗိုလ်မောင်** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၂၇၇၉)** | **(စဉ်-၃၁၇၀၃)** | **(စဉ်-၃၉၉၅၄)** | **(စဉ်-၄၀၁၄၉)** |
| **ဖုန်း-၀၉-၅၁၄၆၈၈၆** | **ဖုန်း-၀၉-၄၂၅၀၁၈၆၈၄** | **ဖုန်း-၀၉-၄၄၈၀၀၀၄၆၈** | **ဖုန်း-၃၁၂၈၈၉၄၅** |

**အမှတ် ၁၀၊ ဆရာမကြီးလမ်း၊ ဆရာစံ(တောင်)ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ယမုံနာ-၁၊ မြေကွက်အမှတ် ခ-၂၂၄၊ မြေကွက်တည်နေရာအမှတ်၂၈၆၊ ၁၃လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ဒေါပုံမြို့နယ် ဦးအေးဝင်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအေးဝင်း ၁၂/ဒပန(နိုင်)၀၁၈၉၇၀ က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်း ထောက်ခံချက်နှင့် ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၇၅၊ မြေကွက်အမှတ် ၅ထဲမှ တစ်စိတ်တစ်ဒေသ၊ အကျယ်အဝန်း ပေ(၃၄×၄၀)၊ မြေကွက်တည်နေရာအမှတ် ၁၂၁၊ ကံလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ် မြေအမျိုးအစား အစိုးရမြေ အမည်ပေါက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမြေအား အမှတ်(၁)ရပ်ကွက် ဂရန်ပေးရေးစီမံချက်တွင် ဦးဆွေဦး ၁၂/လမတ(နိုင်)၀၂၃၃၄၅ က နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၇၅၊ မြေကွက်အမှတ် ၃ နှင့် ၅တို့မှ တစ်စိတ်တစ်ဒေသ၊ အကျယ်အဝန်း ပေ(၂၁×၃၈)၊ မြေကွက်တည်နေရာအမှတ် ၁၂၀၊ ကံလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ် မြေအမျိုးအစား အစိုးရမြေ အမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေအား အမှတ်(၁)ရပ်ကွက် ဂရန်ပေးရေး စီမံချက်တွင် ဒေါ်သီတာစိုး ၁၂/ကမရ(နိုင်)၀၃၇၇၇၁ က နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပုသိမ်ကြီးမြို့နယ်တရားရုံး နယ်တရားမရုံး၌**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၂**

| | | |
|---|---|---|
| ကိုလင်းထိန် | **နှင့်** | ၁။ မထွေးငယ် |
| | | ၂။ ကိုအောင်နိုင်အေး |
| **တရားလို** | | **တရားပြိုင်များ** |

ပုသိမ်ကြီးမြို့နယ်၊ ဆည်တော်ရွာနေ ကိုအောင်နိုင်အေး (ဘ)ဦးဝင်းနိုင်(ခ) ဦးဉတ္တမ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုလင်းထိန်က ဝယ်ယူထားခဲ့သော နေအိမ်နှင့် ဝိုင်းမြေ တန်ဖိုးကျပ်သိန်း ၂၀၊ နစ်နာကြေးကျပ်သိန်း ၂၀၊ စုစုပေါင်း ကျပ်သိန်း၄၀ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**သန်းမြင့်ရွှေ**
**မြို့နယ်တရားသူကြီး**
**ပုသိမ်ကြီးမြို့**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သန်လျင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇ နှင့်ဆက်သွယ်သည့်**
**၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၅၀**

| | | |
|---|---|---|
| ဒေါ်နုနုရီ | **နှင့်** | ၁။ ဦးထွန်းကြိုင် |
| (၎င်း၏ တရားဝင်ကိုယ်စားလှယ်စာရရှိသူ | | ၂။ ဒေါ်မြမြ(ခ)ဒေါ်ညွန့်ကြည် |
| ၁။ ဦးခင်မောင်ဦး၊ ၂။ ဦးတင်လှိုင်ဝင်း) | | ၃။ ဒေါ်မေရီ(ခ)ဒေါ်မြမြ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား ၂ လမ်း၊ အမှတ် ၆၃၆ နေ ဦးထွန်းကြိုင်၊ ဒေါ်မြမြ(ခ)ဒေါ်ညွန့်ကြည်၊ ဒေါ်မေရီ(ခ) ဒေါ်မြမြ(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၇ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နုနုရီ(၎င်း၏တရားဝင် ကိုယ်စားလှယ်စာရရှိသူ ဦးခင်မောင်ဦးနှင့် ဦးတင်လှိုင်ဝင်း)တို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက် (၁၃၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့သို့ လာရောက်စေ။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မင်းမင်းကြိုင်**
**ဒုတိယမြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ကဝမြို့နယ်တရားရုံး**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၉/၂၀၁၃**

| | | |
|---|---|---|
| ဦးမြင့်သိန်း(ဘ)ဦးဘိုနီ | **နှင့်** | ၁။ ဦးခင်မောင်မြင့်(ဘ)ဦးမောင် |
| [၎င်း၏အခွင့်ရကိုယ်စားလှယ် | | ၂။ မမော်(ခ)ဝင်းဝင်းမော် |
| ဦးဝင်းအေး(ဘ)ဦးစော] | | (ဘ)ဦးအုံးကျော် |
| ဘော့သွန်ကျေးရွာ၊ | | ၃။ ဒေါ်သန်းငွေ(ဘ)ဦးပိန် |
| ဘလောက်ကျေးရွာအုပ်စု၊ ကဝမြို့နယ် | | (အတူနေမိသားစု) |
| | | ဘော့သွန်ကျေးရွာ၊ ဘလောက်ကျေးရွာ |
| | | အုပ်စု၊ ကဝမြို့နယ် |
| **တရားလို** | | **တရားပြိုင်များ** |

တရားပြိုင်(၁) ဦးခင်မောင်မြင့် ဘော့သွန်ကျေးရွာ၊ ဘလောက်ကျေးရွာအုပ်စု၊ ကဝမြို့နယ် (ယခုနေရပ်လိပ်စာမသိ)၊ တရားပြိုင် (၂) မမော်(ခ)ဝင်းဝင်းမော် ဘော့သွန်ကျေးရွာ၊ ဘလောက်ကျေးရွာအုပ်စု၊ ကဝမြို့နယ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးမြင့်သိန်း (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးဝင်းအေး)က နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့သည့် နေအိမ်နှင့် ခြံမြေကို (သို့မဟုတ်) ထိုစာချုပ်ပါရောင်းဖိုးငွေကျပ် ၃၀၀၀၀၀၀/-(ကျပ်သိန်းသုံးဆယ်တိတိ) ပေးအပ်စေလိုကြောင်း စွဲဆိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြမှုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကဝမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၇၁၊ မြေကွက်တည်နေရာအမှတ် ၅၁၊ ရန်ကုန်-အင်းစိန်လမ်း၊ (၉)ရပ်ကွက်၊ ဒေါ်အေးကြည် အမည်ပေါက် မြေပိုင်မြေ (လ/န ၃၉ရပြီး)မြေအား အမည်ပေါက် မိခင် ဒေါ်အေးကြည်၊ ဖခင် ဦးကျော်ညွန့် (ခ) ဦးအင်ဂျောက်(ခ)ဦးအင်ဂျောင်းနှင့် အစ်မ ဒေါ်မြစိန် (အပျိုကြီးဘဝဖြင့်)တို့ ကွယ်လွန်သဖြင့် ဦးနေဝင်း ၁၂/ဗဟန(နိုင်) ဝ၄၅၆၈၄၊ ဒေါ်မြသိန်း ၁၂/လမန(နိုင်) ၁၁၈၇၉၉၊ ဒေါ်မြဝင်း ၁၂/ကမတ(နိုင်) ဝ၄ဝ၉၇၈၊ ဦးနေလင်း ၁၂/လမန(နိုင်) ၁၁၈၇၇၄ တို့က သားသမီးများ တော်စပ်ကြောင်းနှင့် ၎င်းတို့၏ဖခင် အမည်သည် ဦးကျော်ညွန့်(ခ)ဦးအင်ဂျောက်(ခ)ဦးအင်ဂျောင်းဟူ၍ အမည်ကွဲပြားနေသော်လည်း လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတစ်ယောက်တည်းဖြစ်သည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထား များဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆၊ ကံဘဲ့၊ မြေကွက်အမှတ် ၁/မ၊ မြေကွက်တည်နေရာအမှတ် ၂၊ မြဝတီလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးတင်ဦး ၁၂/တမန(နိုင်)ဝ၇၃၄၅၂၊ ဦးတင်လှ ၁၂/တမန(နိုင်)ဝ၆၅၇၂၆၊ အမည်ပေါက် နှစ်၆ဝဂရန်မြေအားအမည်ပေါက် ဦးတင်ဦး၊ ဦးတင်လှတို့ထံမှ အရောင်းဝယ်စာချုပ်အမှတ် ၂၆၉၇/၂၀၁၀ ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးသိန်းဇော်ဟိန်း ၁၂/ဗဟန(နိုင်)ဝ၄၇၁၉၇ ထံမှ မခွဲမစိတ်ရသေးသောမြေကွက်၏အရှေ့ဘက်ခြမ်းအား Sp (၂၃၆၄၉/၁၃)/(၂၂-၁၁-၂၀၁၃) ရရှိသူ ဒေါ်နီလာမင်းသိန်း ၁၂/ဒဂန (နိုင်)ဝ၂၉၅၁၂ နှင့် မခွဲမစိတ်ရသေးသော အနောက်ဖက်ခြမ်းအား Sp (၂၃၅၂၆/၁၃)/(၂၁-၁၁-၂၀၁၃) ရရှိသူ ဦးဇော်ဝင်း ၁၄/အဂပ(နိုင်)ဝ၄၇၁၃၆ တို့က အရောင်းအဝယ်စာချုပ်၊ ကိုယ်စားလှယ်လွှဲစာ၊ ကျမ်းကျိန်လွှာတင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံမြေရာဇဝင်တစ်စုံ အရောင်းအဝယ်စာချုပ်ရန်မြေပုံမြေရာဇဝင်နှစ်စုံနှင့် မြေတိုင်းတာပေးပါရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း
## ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ကျွန်မ တို့၏သား မောင်ထက်အောင်ရွှေ ၁၂/ဥကမ(နိုင်) ၂၁၃၃၇၄ အား ၂၂-၃-၂၀၁၀ရက်မှစ၍ ထည့်ထားသောအမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာအားပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**မိခင်- ဒေါ်ခင်အေးမြင့်**
**၁၂/မရက(နိုင်)ဝ၃၃၁၃ဝ**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**မဟာသဒ္ဓမ္မဇောတိကဓဇ ဦးငွေအောင် (မန္တလေး)**
**အသက်(၈၉)နှစ်**

ကျေးဇူးရှင်ဆရာကြီး ဦးငွေအောင်(မန္တလေး)သည် နာမကျန်းဖြစ်နေစဉ်ကာလအတွင်း အထူးဂရုစိုက် ဆောင်ရွက်ပေးခဲ့ကြသော-

(က) အာရှတော်ဝင်နှလုံးအထူးကုဆေးရုံကြီးမှ ဒေါက်တာဦးမြတ်သူ၊ ဒေါက်တာဦးခင်မောင်ဆွေနှင့် အထူးကုဆရာဝန်ကြီးများ(နှလုံး/ကျောက်ကပ်/ဦးနှောက်နှင့်အာရုံကြော)၊ CCU နှင့် Emergency မှ ဆရာဝန်ဆရာမများ၊ သူနာပြုဝန်ထမ်းများအားလည်းကောင်း၊

(ခ) စင်ကာပူနိုင်ငံ Mt ELIZEBETH HOSPITAL (ORCHARD) သို့ ဆေးကုသနိုင်ရေးအတွက် CHARTER FLIGHT စီစဉ်ပေးသော၊ ဆေးရုံတက်ရန်စီစဉ်ပေးသော PARKWAY HOSPITALS SINGAPORE REP OFFICE (MYANMAR)မှ ဒေါက်တာဒေါ်ခိုင်ပန်းဝတ်ရည်နှင့် SINGAPORE မှ ဝန်ထမ်းများကိုလည်းကောင်း၊

(ဂ) ဆရာကြီး၏ဆေးကုသရေးနှင့် ခရီးစဉ်ချောမွေ့ရေးအတွက် ဦးဆောင်ကူညီဆောင်ရွက်ပေးသော ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း(ရန်ကုန်)မှ ဦးတင်လှနှင့် နာယကကြီးများ၊ ခရီးစဉ်တွင် လိုက်ပါဆောင်ရွက်ပေးသော အသင်းဒု-ဥက္ကဋ္ဌ ဒေါက်တာဦးအောင်မြတ်ကိုလည်းကောင်း၊ ရုပ်ကလာပ်ကို SINGAPORE မှ ရန်ကုန်လေဆိပ်သို့ ပြန်လည်ပို့ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးကြသော ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဦးကျော်မြင့်နှင့်ဝန်ထမ်းများကိုလည်းကောင်း၊ တပည့်များ၊ ဆွေမျိုးမိတ်သင်္ဂဟများကိုလည်းကောင်း၊

(ဃ) ဆရာကြီး ဆေးရုံတက်ရောက်နေစဉ် အစာအာဟာရ တာဝန်ယူပို့ဆောင်ပေးသော တပည့်များ၊ ဆွေမျိုးများကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်တင်ညွန့်**
**ဒေးစွန့်ပါ၊ ဆင်ပုန်းတောရဓမ္မရိပ်သာ**
**အသက်(၈၈)နှစ်**

ဦးခင်မောင်ဝင်း (အကြီးတန်းအထွေထွေမန်နေဂျာ၊ ကေတုမတီကုမ္ပဏီလီမိတက်)- ဒေါ်စန်းစန်းဝင်းတို့၏မိခင်ကြီး ဒေါ်ပုညစာရီသည် ၂၄-၁-၂၀၁၄ ရက်(သောကြာနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကေတုမတီကုမ္ပဏီလီမိတက်မိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇၊ မြေကွက်အမှတ် ၁၀၂၁၊ မြေကွက်တည်နေရာအမှတ် ၁၀၂၁၊ ၁၇ လမ်း၊ (၇)ရပ်ကွက်၊ တ/၃ ဒေါ်သန်းမြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းမြင့်နှင့် ခင်ပွန်းဦးသိန်းရွှေ ကွယ်လွန်သဖြင့် ဦးကိုကိုလေး ၁၂/ဥကတ(နိုင်) ဝ၂ဝ၆၆၇က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမှတ်ပေးဝေခြင်း
## မောင်ထက်မြက်ဝင်း

သားငယ်လေး “ထက်ထက်”

ဖေဖေ၊ မေမေ၊ ကိုကို၊ မမတို့ရဲ့ မိသားစုဘဝလေးထဲကနေ ထာဝရထွက်ခွာသွားတာ ၂၈-၁-၂၀၁၄ ရက်ဆို (၁)နှစ်ပြည့်မြောက်ခဲ့ပေမယ့် တစ်နေ့မှမမေ့မရပါ။ နေ့စဉ်၊ လစဉ်နဲ့ ယနေ့ပြုလုပ်သမျှ ကောင်းမှုကုသိုလ်တွေအားလုံးတို့ကို ရောက်ရာ မြင့်မြတ်တဲ့ဘုံဘဝကနေ “သားငယ်လေး”သာဓုခေါ်ဆိုနိုင်ပါစေ-

**ဖေဖေ - ဒုရဲမှူးဝင်းထိန်(ရဲဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်း)**
**မေမေ - ဒေါ်အေးအေးမြင့်**
**ကိုကို - ချမ်းမြေ့ဝင်း(မြန်မာ့အသံ)**
**မမ - ရွှေဇင်ဝင်း၊ ဟေဇာနှင်း(မြန်မာ့ရုပ်မြင်သံကြား)**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

အမှတ် ၁၀၈၊ ဗိုလ်ချုပ်လမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်တွင် နေထိုင်သော ဦးကျော်ဝင်း ၁၂/ပဇတ(နိုင်)ဝ၁ဝ၇ဝ၂ ၏ ဇနီး ဒေါ်အဲလီဇဘက်မိုရင်းအိုဟားရား ၁၂/ပဇတ(ဧည့်)ဝဝဝဝ၃၁ သည် ကျွန်တော်မရှိခိုက် နေအိမ်မှပစ္စည်းများယူ၍ သမီးနှင့် မြေးသုံးယောက်တို့နှင့်အတူ ၂၃-၁-၂၀၁၄ ရက်တွင် ဆင်းသွားပါ၍ ၎င်းအား ကျွန်တော်၏ ဇနီးအဖြစ်မှ စွန့်လွှတ်ပြတ်စဲလိုက်ပါသည်။ ဒေါ်အဲလီဇဘက်မိုရင်းအိုဟားရားနှင့် ပတ်သက်သော အဆိုးအကောင်းမှန်သမျှအားလုံးကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးကျော်ဝင်း**
**၁၂/ပဇတ(နိုင်)ဝ၁ဝ၇ဝ၂**
**အမှတ် ၁၀၈၊ ဗိုလ်ချုပ်လမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၀/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၃၇၂၊ မြေကွက်တည်နေရာအမှတ် ၃၇၂၊ မင်းရဲကျော်စွာလမ်း (၂၀/ရွှေပေါက်ကံ) မြောက်ဥက္ကလာပမြို့နယ် ဦးတင်အောင်ကျော် ၁၂/တမန(နိုင်)ဝဝ၆၆၁ဝ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးတင်အောင်ကျော် ကွယ်လွန်သဖြင့် ဒေါ်မိုးမိုးရည် ၅/ကလထ(နိုင်)ဝဝ၅၂၉၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၈၊ မြေကွက်အမှတ် ၉၇၇၊ မြေကွက်တည်နေရာအမှတ် ၉၇၇၊ ၁၃၈ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးခင်ဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်ဝင်း ၁၃/တကန(နိုင်)ဝ၁၉ဝ၃၆ မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

